# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**ပန်ဆင်သူအကျိုးကို ဆောင်နိုင်**

တရားကိုစောင့်သူသည် တရား၏ တစ်ဖန်စောင့်ရှောက်ခြင်းကို ခံစားရသကဲ့သို့ ကောင်းစွာဟောကြားအပ်သော မြတ်စွာဘုရား၏ စကားတော်သည် လိုက်နာကျင့်ကြံသူအား အကျိုးကို ဆောင်နိုင်၏။ အဘယ်ကဲ့သို့ နည်းဟူမူကား အဆင်းအနံ့နှင့် ပြည့်စုံသော ပန်းသည် ပန်ဆင်သူအား အကျိုးကို ဆောင်နိုင်သောကြောင့် ဖြစ်၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၂)


၁၃၈၀ ပြည့်နှစ်၊ ဒုတိယဝါဆိုလဆန်း ၄ ရက် | ၂၀၁၈ ခုနှစ်၊ ဇူလိုင် ၁၆ ရက်၊ တနင်္လာနေ့ | အတွဲ (၅၇)၊ အမှတ် (၂၈၇)


# (၁၇)ကြိမ်မြောက် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီအစည်းအဝေးကျင်းပ



(၁၇)ကြိမ်မြောက် ပြည်ထောင်စု ငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) အစည်းအဝေး ကျင်းပစဉ်။ သတင်းစဉ်

**နေပြည်တော် ဇူလိုင် ၁၅**

(၁၇)ကြိမ်မြောက် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) အစည်းအဝေးကို ယနေ့ မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ ၌ ကျင်းပသည်။

အစည်းအဝေးတွင် ပြည်ထောင်စု ငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) ဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ ဒေါက်တာ ဆလိုင်းလျန်မှုန်းဆာခေါင်းနှင့် ဦးသုဝေတို့က အဖွင့်အမှာစကားပြောကြားကြသည်။

UPDJC ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေက ယခုတတိယအကြိမ်မြောက် အစည်းအဝေးကို မူလရည်ရွယ်ထားသည့်အတိုင်း ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကိုရှေးရှုပြီး လွတ်လပ်မှု၊ တန်းတူညီမျှမှုနှင့် တရားမျှတမှုတို့ကို အခြေခံကာ ပင်လုံစိတ်ဓာတ်နှင့်အညီ ဒီမိုကရေစီအရေး၊ အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အခွင့်အရေးများ၊ အာမခံချက်များ အပြည့်အဝရှိသည့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို နိုင်ငံရေးဆွေးနွေးပွဲများရလဒ်များနှင့်အညီ တည်ဆောက်နိုင်ရန်အတွက် မိမိတို့ဝိုင်းဝန်းဆောင်ရွက်နေခြင်း ဖြစ်ပါကြောင်း၊ ယခုအကြိမ် အစည်းအဝေးကိုကြည့်ပါက အားရစရာကောင်းသည်မှာ

စာမျက်နှာ ၃ ကော်လံ ၁ ❐

# မိုင်းကိုင်မြို့နယ် တိုက်ပွဲရှောင်ကျေးလက်နေပြည်သူများ နယ်မြေငြိမ်းချမ်းပြီဖြစ်သဖြင့် နေရပ်များသို့ ပြန်လည်ထွက်ခွာ

**မိုင်းကိုင် ဇူလိုင် ၁၅**

ရှမ်းပြည်နယ်တောင်ပိုင်း မိုင်းကိုင်မြို့နယ် ဟမ်းငိုင်းနှင့် ဟိုခဲကျေးရွာအုပ်စုအတွင်း ဇူလိုင် ၉ ရက်က နှစ်ဖက်ထိတွေ့မှုများကြောင့် ဟမ်းငိုင်းကျေးရွာအတွင်းရှိ ဘုန်းကြီးကျောင်းများနှင့် လူနေအိမ်အချို့သို့ တိုက်ပွဲတိမ်းရှောင်လာကြသော ကျေးလက်နေပြည်သူများ နယ်မြေ ငြိမ်းချမ်းရေးပြန်လည်ရရှိပြီဖြစ်သောကြောင့် နေရပ်များသို့ စိတ်အေးချမ်းသာစွာ ပြန်နိုင်ကြပြီဖြစ်ကြောင်း၊ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများကိုလည်း ပြန်လည်လုပ်ကိုင်နိုင်ပြီ ဖြစ်ကြောင်း၊ စာသင်ကျောင်းများကိုလည်း ပြန်လည်ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း ဇူလိုင် ၁၄ ရက်က လွယ်စက်ဘုန်းကြီးကျောင်းတွင် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးကိုကိုလတ်နှင့် အဖွဲ့ဝင်များသည် ကျေးရွာအရောက်ကွင်းဆင်း၍ ကျေးလက်နေပြည်သူများ၊ ကျေးရွာကော်မတီများနှင့် ညှိနှိုင်းအစည်းအဝေးမှ သိရသည်။

ထို့နောက် တိုက်ပွဲရှောင် ရောက်ရှိနေသော ကျေးလက်နေပြည်သူ အိမ်ထောင်စုပေါင်း ၂၂၃ စုနှင့် အိမ်ထောင်စုဝင်များအတွက် ရှမ်းပြည်နယ် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနက ပေးပို့သော ကယ်ဆယ်ရေးပစ္စည်းများဖြစ်သည့် အဝတ်အထည်၊ စောင်၊ တဘက်၊ ဒန်အိုး၊ ဇလုံ၊ ခြင်ထောင်၊ ဆပ်ပြာနှင့် ကျေးလက်နေ ပြည်သူတစ်ဦးချင်းစီအတွက်

စာမျက်နှာ ၅ ကော်လံ ၁ ◆

**ကမ္ဘာတွင် တစ်ယောက် ထွန်းတောက်သည့် ယောက်ျားအာဇာနည်**

အာဇာနည်နေ့အကြိုဆောင်းပါး စာ » ၉

**စစ်အတွင်းဖမ်းမိခဲ့သော အမေရိကန်အကျဉ်းသားများ ပြန်လွှတ်ပေးရေး အမေရိကန်နှင့် မြောက်ကိုရီးယား အဆင့်မြင့်အရာရှိကြီးများ ဆွေးနွေး**

နိုင်ငံတကာသတင်း စာ » ၁၄


KBZ BANK
STRENGTH OF MYANMAR

BEST BANK IN MYANMAR

Awarded by World Finance | Awarded by Euromoney | Awarded by The FinanceAsia

မြန်မာ့အလင်း

# အမျိုးသားစီမံကိန်းရေးဆွဲခြင်း

အမျိုးသားစီမံကိန်းကော်မရှင်အစည်းအဝေး (၂/ ၂၀၁၈)ကို ၂၀၁၈ ခုနှစ် ဇူလိုင်လ ၁၃ ရက်နေ့၌ နေပြည်တော်တွင် ကျင်းပခဲ့ပါသည်။ ဤအစည်းအဝေးသည် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းကို ပြည်ထောင်စုလွှတ်တော်သို့ မတင်သွင်းမီ ချပြညှိနှိုင်းအတည်ပြုချက် ရယူရန် ကျင်းပခဲ့သော အစည်းအဝေးဖြစ်ပါသည်။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှစ၍ မြန်မာနိုင်ငံ၏ ဘဏ္ဍာရေးနှစ်ကာလကို အောက်တိုဘာလ ၁ ရက်မှစ၍ စက်တင်ဘာလ ၃၀ ရက်အထိ သတ်မှတ်ပြောင်းလဲကျင့်သုံးမည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ (၆) လ ကာလကို ဘဏ္ဍာရေးနှစ်ပြောင်းလဲကာလအဖြစ် သတ်မှတ်ပြီး (၆) လ အမျိုးသားစီမံကိန်းဥပဒေအဖြစ် ပြဋ္ဌာန်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနက ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းကိုရေးဆွဲရာ၌ ကဏ္ဍအလိုက်တိုးတက်မှုတာဝန်ခံ ပြည်ထောင်စုဝန်ကြီးဌာနများ၏ ရည်မှန်းချက်များအပါအဝင် ဒေသဖွံ့ဖြိုးမှုတာဝန်ခံ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ၏ ရည်မှန်းချက်များကို နိုင်ငံတော်ကချမှတ်ထားသည့် မျှော်မှန်းချက်၊ ရည်မှန်းချက်၊ မူဝါဒများနှင့် ပေါင်းစပ်ရေးဆွဲခဲ့ခြင်း ဖြစ်ပါသည်။ အမျိုးသားစီမံကိန်းကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်က ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်ဆိုင်ရာ အမျိုးသားစီမံကိန်း၌ နိုင်ငံ၏ GDP ကို ၇ ဒသမ ၆ ရာခိုင်နှုန်း တိုးတက်ရန် မျှော်မှန်းထားသည်ကို တင်ပြခဲ့ပါသည်။ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်က ဤကဲ့သို့မျှော်မှန်းရခြင်း၏ အကြောင်းရင်းများအဖြစ် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ စီးဝင်ခြင်း၊ နှစ်လတ်ချေးငွေထုတ်ချေးခြင်းနှင့် ပုဂ္ဂလိကအသေးစားနှင့် အလတ်စားလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်နိုင်ခြေရှိခြင်းတို့ကို တင်ပြခဲ့ပါသည်။ ထို့အပြင် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်က လယ်ယာကဏ္ဍ၌ နိုင်ငံပိုင်အခန်းကဏ္ဍအပြင် ပုဂ္ဂလိကကဏ္ဍမှလည်း အရင်းအနှီးနှင့် နည်းပညာများ စီးဝင်လာစေရန် စီမံဆောင်ရွက်ထားရှိမှုတို့ကို တင်ပြသကဲ့သို့ နိုင်ငံတစ်ဝန်းရှိ လမ်းကွန်ရက်များ တိုးတက်ကောင်းမွန်လာခြင်းအပါအဝင် ဘဏ္ဍာငွေကြေးဝန်ဆောင်မှုများ ခေတ်မီတိုးတက်လာခြင်းနှင့်အတူ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာခြင်းတို့ကိုပါ တင်ပြခဲ့ပါသည်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၏ စီးပွားရေးတိုးတက်နှုန်းက ၆ ဒသမ ၅ ရာခိုင်နှုန်း ရှိသည်ကိုလည်း နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်က တင်ပြခဲ့ပါသည်။

အဆိုပါ အမျိုးသားစီမံကိန်းကော်မရှင်အစည်းအဝေး (၂/ ၂၀၁၈) ၌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က နိုင်ငံ၏ မဟာဗျူဟာမြောက် ခြေလှမ်းတစ်လှမ်းအဖြစ် မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲ၍ ဟန်ချက်ညီဖွံ့ဖြိုးတိုးတက်စေမည့် စီမံကိန်းတစ်ရပ် ထုတ်ပြန်တော့မည်ကို တင်ပြပြောဆိုခဲ့ပါသည်။ ဤစီမံကိန်း၏ အဓိကမဏ္ဍိုင်သုံးရပ်အနက် ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးက အခြေခံပင်မမဏ္ဍိုင်အဖြစ် ပါဝင်နေသည်ကို နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ထောက်ပြခဲ့ပါသည်။ ထို့အပြင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က တိုင်းပြည်အတွက် အကောင်အထည်ဖော်ရမည့် စီမံကိန်းများ ရွေးချယ်ရာ၌ ဘတ်ဂျက်ကန့်သတ်ချက်ကို ထည့်သွင်းစဉ်းစားရမည်ဖြစ်သော်လည်း အမှန်တကယ်လုပ်သင့်လုပ်ထိုက်သည်ကို ရွေးရန် ပို၍အရေးကြီးသည်ကို ညွှန်ပြခဲ့ပါသည်။ အမျိုးသားစီမံကိန်းတို့ဟူသည် တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ် (သို့မဟုတ်) ဝန်ကြီးဌာန တစ်ခုတည်းထက် တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံးအတွက် ခြုံငုံရေးဆွဲရမည်ဆိုသည်ကိုလည်း နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က အခြေခံချဉ်းကပ်ပုံအဖြစ် ထောက်ပြခဲ့ပါသည်။ ဤအစည်းအဝေးတွင် ပြောကြားခဲ့သော နိုင်ငံတော်သမ္မတ၏ နိဂုံးချုပ်မိန့်ခွန်း၌ ဒေသတွင်းနှင့် နိုင်ငံတကာ စီးပွားရေးဖြစ်ပေါ်တိုးတက်မှုတို့အပေါ် စဉ်ဆက်မပြတ်လေ့လာသုံးသပ်၍ မိမိနိုင်ငံအတွက် ထိရောက်အကျိုးရှိမည့်အစီအမံတို့ကို အချိန်နှင့် တစ်ပြေးညီ ချမှတ်ဆောင်ရွက်ရမည်ဟု လမ်းညွှန်ခဲ့ပါသည်။ နိဂုံးချုပ်အနေဖြင့် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်တို့၏ ညွှန်ပြမှုတို့သည် အမျိုးသားစီမံကိန်းရေးဆွဲရာ၌ ဆုပ်ကိုင်ခံယူရမည့် လုပ်ငန်းလမ်းညွှန်မှုတို့ဖြစ်ပါကြောင်း လေးစားစွာတင်ပြအပ်ပါသည်။ ။

# ပလောက်မြို့၌ ဗိုလ်ချုပ်အောင်ဆန်း မြင်းစီးရုပ်တု ဖွင့်ပွဲအခမ်းအနား ကျင်းပ

**ပလောက် ဇူလိုင် ၁၅**



တနင်္သာရီတိုင်းဒေသကြီး ပလောက်မြို့ ဗဟိုလမ်းနှင့် နန်းသီလာလမ်းဆုံတွင် ဗိုလ်ချုပ်အောင်ဆန်း မြင်းစီးရုပ်တုဖွင့်ပွဲ အခမ်းအနားကို ဇူလိုင် ၁၅ ရက် နံနက်က ကျင်းပခဲ့သည်။

အဆိုပါ ဖွင့်ပွဲအခမ်းအနားကို တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာလဲ့လဲ့မော်နှင့် တိုင်းဒေသကြီး ဝန်ကြီးများ၊ တိုင်းအဆင့်ဌာနဆိုင်ရာများ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ရပ်မိ ရပ်ဖများ၊ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် လူမှုရေးအသင်းအဖွဲ့များ စုစုပေါင်း ၂၀၀ ခန့် တက်ရောက်ခဲ့ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးနှင့် ဗိုလ်ချုပ်အောင်ဆန်း မြင်းစီးရုပ်တု ဖြစ်မြောက်ရေးကော်မတီ ဥက္ကဋ္ဌတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ ထို့နောက် ဝန်ကြီးချုပ်က ကမ္ပည်းကျောက်စာတိုင်ကို အမွှေးနံ့သာရည်များ ပက်ဖျန်းခြင်းနှင့် ကျဆုံးလေပြီးသော ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများအား အလေးပြုခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။

ထို့နောက် ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားပြီး ဗိုလ်ချုပ်အောင်ဆန်း မြင်းစီးရုပ်တု ဖြစ်မြောက်ရေးကော်မတီမှ ရုပ်တုဖြစ်မြောက်ရေးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေများကို တင်ပြခြင်း၊ ဗိုလ်ချုပ်အောင်ဆန်းမြင်းစီးရုပ်တု ရေရှည်တည်တံ့စေရေးအတွက် ရုပ်တုဖြစ်မြောက်ရေးကော်မတီမှ ပလောက်မြို့ စည်ပင်သာယာရေးအဖွဲ့သို့ လွှဲပြောင်းပေးအပ်ခြင်းနှင့် မြို့မိ မြို့ဖတစ်ဦးက ကျေးဇူးတင်စကား ပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ပလောက်မြို့ဌာနဆိုင်ရာများ၊ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၊ ဒေသခံပြည်သူများနှင့် ပလောက်မြို့ ရွှေသီလာရတနာခန်းမ၌ တွေ့ဆုံပွဲ အခမ်းအနားကျင်းပရာ ဌာနဆိုင်ရာများနှင့် တက်ရောက်လာကြသူများက သိလိုသည်များ ဆွေးနွေးတင်ပြပြီး တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**စန်းထူး(မြိတ်ကိုယ်ပွား)**

# ခန္တီးမြို့၌ ဗိုလ်ချုပ်အောင်ဆန်း ကြေးရုပ်တု စိုက်ထူ

**ခန္တီး ဇူလိုင် ၁၅**

စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့၌ ပထမဦးဆုံးထားရှိမည့် လွတ်လပ်ရေး ဗိသုကာ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ မြင်းစီးကြေးရုပ်ကို ဇူလိုင် ၁၅ ရက် နံနက်ပိုင်းက ခန္တီးမြို့မှ ဘုန်းကြီးကျောင်းရှေ့ ချင်းတွင်းမြစ်ဆိပ်ကမ်းမှ ကမ်းနားလမ်း၊ မင်္ဂလာဈေးလမ်း၊ ချင်းတွင်းတံတား ချဉ်းကပ်လမ်းအတိုင်း သယ်ဆောင်လာရာ ဒေသခံတိုင်းရင်းသားပြည်သူများ၊ ကျောင်းသား ကျောင်းသူများ၊ လွှတ်တော်ကိုယ်စားလှယ်များက သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆိုခဲ့သည်။ (ဝဲပုံ)



အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ မြင်းစီးကြေးရုပ်တုကို ၂၇-၆-၂၀၁၈ ရက် နံနက်ပိုင်းက ရန်ကုန်မြို့မှ ကားဖြင့်စတင်သယ်ဆောင်လာရာ မန္တလေးမြို့သို့ ၂-၇-၂၀၁၈ ရက်တွင် ရောက်ရှိခဲ့ပြီး မန္တလေးမြို့မှ ဆက်လက်သယ်ဆောင်လာရာ မုံရွာမြို့သို့ ၄-၇-၂၀၁၈ ရက်တွင် ရောက်ရှိခဲ့သည်။ မုံရွာမြို့မှ ခန္တီးမြို့သို့ ၄-၇-၂၀၁၈ ရက်က မာလာဝင်းမော်တော်အမြန်ရေယာဉ်ဖြင့် ဆက်လက်သယ်ဆောင်လာရာ ခန္တီးမြို့သို့ ၉-၇-၂၀၁၈ ရက် ညနေပိုင်းက ရောက်ရှိခဲ့ကြောင်း သိရသည်။

အဆိုပါ လွတ်လပ်ရေး ဗိသုကာ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ ကြေးရုပ်တုကို ကျော်စွာလမ်း(ခေါ်)နားမေတ္တာလမ်းနှင့် ချင်းတွင်းတံတား ချဉ်းကပ်လမ်းဆုံတွင် အောင်မြင်စွာ စိုက်ထူထားရှိကြောင်း သိရသည်။

**ချန်လော(ခန္တီး)**

# အာဇာနည်နေ့အကြို စာစီစာကုံး၊ ကျပန်းစကားပြော၊ ကဗျာရွတ်ပြိုင်ပွဲ၊ ဆုပေးပွဲနှင့် ဟောပြောပွဲ ဟိုပင်၌ ကျင်းပ

**ဟိုပင် ဇူလိုင် ၁၅**

ကချင်ပြည်နယ် မိုးညှင်းခရိုင် ဟိုပင်မြို့ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၌ ကျောင်းသား ကျောင်းသူများ၏ စကားပြောစွမ်းရည် တိုးတက်မြင့်မားစေပြီး လူအများရှေ့တွင် မကြောက်မရွံ့ ရဲရဲဝံ့ဝံ့ပြောတတ်စေရန်၊ အသိပညာဗဟုသုတရရှိစေရန်နှင့် စာဖတ်သည့် အလေ့အကျင့်ကောင်းများ ရရှိစေရန် ရည်ရွယ်၍ (၇၁) နှစ်မြောက် အာဇာနည်နေ့အကြို စာစီစာကုံး၊ ကျပန်းစကားပြော၊ ကဗျာရွတ်ပြိုင်ပွဲ၊ ဆုပေးပွဲနှင့် ဟောပြောပွဲအခမ်းအနားကို ဇူလိုင် ၁၅ ရက် နံနက် ၉ နာရီက ကျင်းပရာ အ.ထ.က (၁)၊ အ.ထ.က စက်ကုန်း၊ အ.ထ.က မြသီတာကျောင်းများမှ ကျောင်းသား ကျောင်းသူများ ပါဝင်ယှဉ်ပြိုင်ကြသည်။ ကဗျာရွတ်နှင့် ကျပန်းစကားပြောပြိုင်ပွဲတွင် ကျောင်းသား ကျောင်းသူ ၃၀ ယှဉ်ပြိုင်ကြပြီး စာစီစာကုံးပြိုင်ပွဲတွင် ၅၇ ဦး ယှဉ်ပြိုင်ခဲ့ကြသည်။

ဆက်လက်၍ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ကျော်ဝင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးမိုးအောင်၊ မြို့မိမြို့ဖ ဦးညီလေးတို့က အမှာစကားပြောကြားကြပြီး စာရေးဆရာမ စောငယ်ငယ်(မိုးညှင်း)က အာဇာနည်နေ့အကြောင်း သိကောင်းစရာများ၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်တိုးတိုးမေက စာပေအကြောင်း သိကောင်းစရာများ အသီးသီးဟောပြောကြသည်။ ယင်းနောက် ထူးချွန်ဆုရရှိသော ကျောင်းသား ကျောင်းသူ ၁၆ ဦးအတွက် ဆုတံဆိပ်နှင့် အမှတ်တရပစ္စည်းများ တာဝန်ရှိသူများက ပေးအပ်ကြကြောင်းသိရသည်။

**မြို့နယ် (ပြန်/ဆက်)**


# ကြေညာချက်

အာဇာနည်ဗိမာန်၊ ဗိုလ်ချုပ်အောင်ဆန်းပြတိုက်နှင့် အတွင်းဝန်ရုံး (ယခင် ဝန်ကြီးများရုံး)သို့ လာရောက်သည့် အများပြည်သူများနှင့် နိုင်ငံခြားသားဧည့်သည်များ အနေဖြင့် အောက်ပါပစ္စည်းများကို ယူဆောင်ခြင်းမပြုရန် လေးစားစွာ မေတ္တာရပ်ခံအပ်ပါသည်-

- လက်ကိုင်ဖုန်းအမျိုးမျိုး
- အလံအမျိုးမျိုး
- လက်ကိုင်အိတ်အမျိုးမျိုး
- ကင်မရာအမျိုးမျိုး
- ပန်းခွေ၊ ပန်းစည်း၊ ပန်းခြင်းအမျိုးမျိုး
- ဗီနိုင်းစအမျိုးမျိုး
- ပုလင်း/ဘူးအမျိုးမျိုး
- အလံကိုင်ဆောင်ရာတွင် အသုံးပြုသည့် တုတ်နှင့်ကော်ပိုက်၊ သံပိုက်များ
- မီးခြစ်အမျိုးမျိုး



# စုပေါင်းလုပ်မှ အကျိုးရှိနိုင်

**တစ်တိုင်းပြည်လုံး ကြီးပွားစေချင်ရင် လူအား၊ ငွေအား၊ ပစ္စည်းအားနဲ့ စုပေါင်းပြီး အင်တိုက်အားတိုက် လုပ်နိုင်မှ အကျိုးခံစားခွင့်ရှိကြမှာပဲ။ ဗမာက တစ်မျိုး၊ ကရင်က တစ်ဖုံ၊ ရှမ်း၊ ကချင်၊ ချင်းတို့ကတခြား အကွဲကွဲအပြားပြား လုပ်နေကြရင် အကျိုးရှိမှာ မဟုတ်ဘူး။ စုပေါင်းလုပ်ကြမှသာ အကျိုးရှိနိုင်မယ်။ လုပ်ကြည့်မှလည်း အကျိုးရှိကြောင်း သိနိုင်တယ်။**

(၁၉၄၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၁ ရက်နေ့ ပင်လုံညစာစားပွဲတွင် ဗိုလ်ချုပ်အောင်ဆန်းပြောကြားခဲ့သည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

# UPDJC ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေနှင့် မွန်ပြည်သစ်ပါတီ ဒုတိယဥက္ကဋ္ဌ နိုင်ဟံသာနှင့်အဖွဲ့အား တွေ့ဆုံ




**နေပြည်တော် ဇူလိုင် ၁၅**

ပြည်ထောင်စု ငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေသည် မွန်ပြည်သစ်ပါတီ ဒုတိယဥက္ကဋ္ဌ နိုင်ဟံသာ ဦးဆောင်သောအဖွဲ့အား ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ မြန်မာ အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန - ၂ ညှော်ခန်းမ၌ တွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံစဉ် ဒေသဖွံ့ဖြိုးရေးနှင့် တပ်ဖွဲ့ဝင်မိသားစုများ ရပ်တည်နိုင်ရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။

အဆိုပါ တွေ့ဆုံပွဲသို့ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်တင်၊ ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေး၊ မွန်ပြည်သစ်ပါတီ အထွေထွေ အတွင်းရေးမှူး နိုင်အောင်မင်း၊ ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် နိုင်ဝင်းလှနှင့် နိုင်ဗညားလယ်၊ ဗဟိုကော်မတီဝင် နိုင်အောင်မင်းအေးနှင့် တာဝန်ရှိသူတို့ တက်ရောက်ကြသည်။

**သူရဇော်၊ မျိုးမြင့်(သတင်းစဉ်)**

**ပြည်ထောင်စု ငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ မွန်ပြည်သစ်ပါတီ ဒုတိယဥက္ကဋ္ဌ နိုင်ဟံသာ ဦးဆောင်သောအဖွဲ့အား တွေ့ဆုံစဉ်။** သတင်းစဉ်

# UPDJC ရဲ့ ဦးဆောင်မှုနဲ့ ငြိမ်းချမ်းရေးဟာ တစ်ဆင့်ပြီးတစ်ဆင့် တိုးတက်အောင်မြင်လျက်ရှိ

❒ *ရှေ့ဖုံးမှ*

အစည်းအဝေး၌ ပါဝင်သင့်၊ ပါဝင်ထိုက်သည့်ပုဂ္ဂိုလ်များ အားလုံးပါဝင်ကြသည်ကို တွေ့ရပါကြောင်း၊ အစည်းအဝေးတွင် ညီလာခံကိုယ်စားလှယ် ၇၀၀ ကျော်၊ ဖိတ်ကြားသင့်သူ ၂၉ ဦး၊ လေ့လာသူ ၁၀၄ ဦး၊ အကျိုးဆောင်အဖွဲ့ ၂၇ ဦး အပါအဝင် အထောက်အကူပြုအဖွဲ့တို့ ပါဝင်ပြီး ကဏ္ဍအလိုက် အစုအဖွဲ့အလိုက် အားလုံး ကြိုးစားဆောင်ရွက်ခဲ့ကြသည်ကို တွေ့ရပါကြောင်း၊ ယနေ့ဆွေးနွေးရမည့်ကိစ္စမှာ ကဏ္ဍအသီးသီးက ပြည်ထောင်စုငြိမ်းချမ်းရေး ဆွေးနွေးမှုပူးတွဲကော်မတီကို တင်ပြမည့်အချက်များကို ဆွေးနွေးကြမည် ဖြစ်ပါကြောင်း၊ ကဏ္ဍအသီးသီးတွင် သဘောတူညီမှုရရှိသည့် အချက်များလည်း ရှိပါကြောင်း၊ သဘောတူညီမှု ရရှိရန် အနည်းငယ်ကျန်ရှိသည့် အချက်များလည်းရှိပါကြောင်း၊ အထူးသဖြင့် အရေးကြီးသည့် ကဏ္ဍများတွင် မိမိတို့ အချင်းချင်းအပေးအယူ အလျှော့အတင်း ပြုလုပ်နိုင်ပါက ထပ်မံပေါ်ထွက်လာနိုင်သည့် သဘောတူညီချက်များလည်း ရရှိနိုင်ပါကြောင်း၊ အဓိကအားဖြင့် ယင်းအချက်များကို အသေးစိတ် ဆွေးနွေးပြီး အပြန်အလှန်နားလည်မှုဖြင့် ဆွေးနွေးကြစေလိုပါကြောင်း၊ ဆွေးနွေးမှု ဆိုသည်မှာ အပေးအယူပြုလုပ်ခြင်း ဖြစ်ပါကြောင်း၊ မိမိတို့ ပြည်သူများ၏ မျက်နှာကိုထောက်ထားပြီး ငြိမ်းချမ်းရေး ဖြစ်စဉ်ကို ပံ့ပိုးသည့်အနေဖြင့် ယခုကျန်ရှိနေသည့်အချက်များကို အပြန်အလှန် ညှိနှိုင်းဆောင်ရွက်ပေးကြစေလိုကြောင်း ဖြင့် တိုက်တွန်းပြောကြားသည်။

**အရေးကြီးတဲ့ ညီလာခံဖြစ်**

UPDJC ဒုတိယဥက္ကဋ္ဌ ဒေါက်တာ ဆလိုင်းလျန်မှုန်းဆာခေါင်းက "ယခု ညီလာခံကြီးကြောင့် နောင်မှာညီလာခံတွေကို ဆက်လက်ကျင်းပနိုင်တယ်။ ပြည်တွင်းငြိမ်းချမ်းရေး ဆွေးနွေးပွဲကို ဆက်လက်ကျင်းပနိုင်တာက အင်မတန်မှ ကျွန်တော်တို့ ကံကောင်းတယ်လို့ ပြောချင်ပါတယ်။ နှစ်ပေါင်း ၇၀ အတွင်းမှာ ဒီလိုညီလာခံမျိုး မရှိခဲ့ဘူး။

"ထို့အတွက်ကြောင့် ဒီလိုရှိနေတဲ့ အခွင့်အရေးလေးကို အပျက်မခံဘဲ ဆက်လုပ်ဖို့ လိုပါတယ်။ အဲဒီအတွက်ကြောင့် ဒီညီလာခံလေးက ငြိမ်းချမ်းရေး ဖြစ်စဉ်ဆက်နိုင်ဖို့အတွက် အင်မတန်မှ အရေးကြီးတဲ့ ညီလာခံဖြစ်တဲ့အတွက် အကျိုးရှိပါတယ်လို့ ကျွန်တော်ပြောချင်ပါတယ်" ဟု ပြောကြားသည်။

**ပိုမိုပွင့်လင်းအောင်မြင်မယ့် အလားအလာရှိ**

UPDJC ဒုတိယဥက္ကဋ္ဌ ဦးသုဝေက " ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံကြီးမှာ ညီလာခံတက်ရောက်လာကြတဲ့ ကိုယ်စားလှယ်တော်ကြီးများ အနေနဲ့ အစုအဖွဲ့တစ်ခုချင်းစီနဲ့ ကျင်းပတဲ့ အစည်းအဝေးတွေ၊ စုပေါင်းစုဖွဲ့ ကျင်းပတဲ့အစည်းအဝေးတွေမှာ အားမာန်အပြည့်နဲ့ တက်ရောက်ပြီး သဘောထားတွေတူညီစွာရရှိသည်အထိ ဆွေးနွေးကြတဲ့အတွက် အင်မတန် ဝမ်းသာပါတယ်။ အဲဒီအစည်းအဝေးတွေမှာ ဒီမိုကရေစီ အယူအဆတွေ ပိုမိုဖြစ်ထွန်းလာတာကိုလည်း တွေ့ရပါတယ်။ ကျွန်တော်တို့ ယခုကျင်းပနေတဲ့ ငြိမ်းချမ်းရေးညီလာခံသည် အများကြီး အောင်မြင်သည်ဟု မိမိအနေနဲ့ ယူဆပါတယ်။ UPDJC ရဲ့ ဦးဆောင်မှုနဲ့ ငြိမ်းချမ်းရေးဟာ တစ်ဆင့်ပြီး တစ်ဆင့် တိုးတက်အောင်မြင်လျက် ရှိပါတယ်။ လာမယ့်ကာလမှာလည်း ငြိမ်းချမ်းရေးက အခုထက် ပိုမိုပွင့်လင်းအောင်မြင်မယ့် အလားအလာရှိပါတယ်" ဟု ပြောကြားသည်။



**UPDJC ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ**



**UPDJC ဒုတိယဥက္ကဋ္ဌ ဒေါက်တာ ဆလိုင်းလျန်မှုန်းဆာခေါင်း**



**UPDJC ဒုတိယဥက္ကဋ္ဌ ဦးသုဝေ**

ယင်းနောက် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ လုံခြုံရေး၊ မြေယာနှင့် သဘာဝ ပတ်ဝန်းကျင်ကဏ္ဍများနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့သည့် အကြောင်းအရာများနှင့် ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ-(၂၁)ရာစုပင်လုံ(တတိယအစည်းအဝေး) နောက်ဆုံးနေ့အစီအစဉ်များကို ဆွေးနွေး အတည်ပြုကြသည်။

ထို့နောက် UPDJC ဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် ဦးသုဝေ၊ ဒေါက်တာ ဆလိုင်းလျန်မှုန်းဆာခေါင်းနှင့် ငြိမ်းချမ်းရေးကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်းတို့က နိဂုံးချုပ် အမှာစကားပြောကြားကြသည်။

**အခြေခံမူ ၁၄ ချက် ဆုံးဖြတ်နိုင်ခဲ့**

ငြိမ်းချမ်းရေးကော်မရှင် ဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်းက ယခုအစည်းအဝေးတွင် အခြေခံမူ ၁၄ ချက်ကို ဆုံးဖြတ်နိုင်ခဲ့ပါကြောင်း၊ ယခုသဘောတူညီချက်များကို ပြည်ထောင်စု သဘောတူညီစာချုပ် အစိတ်အပိုင်း(၂)အဖြစ် ချုပ်ဆိုနိုင်မည် ဖြစ်ပါကြောင်း ပြောကြားသည်။

ယနေ့ကျင်းပသည့် ပြည်ထောင်စု ငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) ၌ နိုင်ငံရေးကဏ္ဍတွင် (၄) ချက်၊ စီးပွားရေးကဏ္ဍတွင် (၁) ချက်၊ လူမှုရေးကဏ္ဍတွင် (၇) ချက်နှင့် မြေယာနှင့် သဘာဝပတ်ဝန်းကျင်ကဏ္ဍတွင် (၂) ချက်စုစုပေါင်း ၁၄ ချက်ကို ဆွေးနွေး အတည်ပြုနိုင်ခဲ့သည်။

ယင်းသဘောတူညီချက် ၁၄ ချက်ကို ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ - (၂၁)ရာစုပင်လုံ (တတိယအစည်းအဝေး) နောက်ဆုံးနေ့(**ယနေ့**)တွင် ပြည်ထောင်စုသဘောတူညီ စာချုပ်၏ အစိတ်အပိုင်း(၂)အဖြစ် လက်မှတ်ရေးထိုးကာ စာချုပ်ချုပ်ဆိုသွားမည် ဖြစ်ကြောင်း သိရသည်။

အစည်းအဝေးသို့ ပြည်ထောင်စု ငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ အဖွဲ့ဝင်များဖြစ်ကြသည့် အစိုးရ၊ လွှတ်တော်နှင့် တပ်မတော်အစုအဖွဲ့မှ ကိုယ်စားလှယ်များ၊ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်း အစုအဖွဲ့မှ ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများ အစုအဖွဲ့မှ ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ညပိုင်းတွင် ပြည်ထောင်စု ငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) အဖွဲ့ဝင်များက အစည်းအဝေးရလဒ်နှင့်စပ်လျဉ်း၍ သတင်းစာရှင်းလင်းပွဲကို ကျင်းပခဲ့သည်။

**သူရဇော်၊ မျိုးမြင့် (သတင်းစဉ်)**

# ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) အတွင်းရေးမှူးအဖွဲ့ အစည်းအဝေးကျင်းပ



နေပြည်တော် ဇူလိုင် ၁၅

**ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) အတွင်းရေးမှူးအဖွဲ့ အစည်းအဝေးကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ ၌ ကျင်းပသည်။ (ဝဲပုံ)**

**တက်ရောက်**

အစည်းအဝေးသို့ အတွင်းရေးမှူးအဖွဲ့ အဖွဲ့ဝင်များဖြစ်ကြသည့် ဦးခင်ဇော်ဦး၊ ဦးဇော်ဌေး၊ ဦးမြင့်စိုး၊ ဦးနိုင်ငံလင်း၊ ဦးလှမောင်ရွှေ၊ ဦးအောင်စိုး၊ ဗိုလ်ချုပ်စိုးနိုင်ဦး၊ ဦးမျိုးဝင်း၊ စိုင်းလ၊ ခွန်မြင့်ထွန်း၊ စောမြရာဇာလင်း၊ စိုင်းကျော်ညွန့်၊ မင်းကျော်ဇေယျာဦး၊ တာလုဖော၊ နိုင်အောင်မငေးနှင့်တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ဆွေးနွေး**

အစည်းအဝေးတွင် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ လုံခြုံရေး၊ မြေယာနှင့် သဘာဝပတ်ဝန်းကျင်ကဏ္ဍအလိုက် မူဝါဒအဆိုပြုချက်များ ဆွေးနွေးခဲ့မှုအခြေအနေကို ရှင်းလင်းခြင်း၊ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - (၂၁)ရာစုပင်လုံ တတိယအစည်းအဝေး၏ သဘောထားထုတ်ပြန်ကြေညာချက်၊ (၁၇) ကြိမ်မြောက် UPDJC Agenda နှင့် Agenda အလိုက် တင်ပြမည့် ပုဂ္ဂိုလ်သတ်မှတ်ရေး၊ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - (၂၁)ရာစုပင်လုံ တတိယအစည်းအဝေး နောက်ဆုံးနေ့ အစီအစဉ်များ၊ ညီလာခံ သဘာပတိများ၊ သဘောတူစာချုပ်လက်မှတ်ရေးထိုးမည့်သူများ၊ အသိသက်သေများ အမည်စာရင်း၊ ညီလာခံတွင် ကဏ္ဍအလိုက် မူဝါဒသဘောတူညီချက်များ တင်သွင်းမည့် ပုဂ္ဂိုလ်နှင့်အစုအဖွဲ့အလိုက် ထောက်ခံအဆိုတင်သွင်းမည့်ပုဂ္ဂိုလ်များ သတ်မှတ်ရေးတို့ကို ဆွေးနွေးကြသည်။

**သူရဇော်၊ မျိုးမြင့်(သတင်းစဉ်)**

# (၂၁) ရာစုပင်လုံ တတိယအကြိမ် အစည်းအဝေးသို့ တက်ရောက်လျက်ရှိသည့် ညီလာခံကိုယ်စားလှယ်များ မြန်မာ့ကျောက်မျက်ရတနာပြတိုက်၊ အမျိုးသားပြတိုက်နှင့် တပ်မတော်စစ်သမိုင်းပြတိုက်တို့သို့ သွားရောက်လေ့လာ

**နေပြည်တော် ဇူလိုင် ၁၅**

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - (၂၁)ရာစုပင်လုံ တတိယအကြိမ် အစည်းအဝေးသို့ တက်ရောက်လျက်ရှိသည့် ညီလာခံကိုယ်စားလှယ်များသည် ယနေ့ မွန်းလွဲပိုင်းတွင် မြန်မာ့ကျောက်မျက်ရတနာပြတိုက် (နေပြည်တော်)၊ အမျိုးသားပြတိုက်နှင့် တပ်မတော်စစ်သမိုင်းပြတိုက်တို့သို့ သွားရောက်လေ့လာ ကြသည်။

ညီလာခံကိုယ်စားလှယ်များသည် မြန်မာ့ကျောက်မျက်ရတနာပြတိုက်သို့ ရောက်ရှိစဉ် ပြတိုက်မြေညီထပ်ရှိ ကျောက်မျက်ရတနာဈေးနှင့် ပြတိုက်အပေါ်ဆုံးထပ်ရှိ ပြခန်းမဆောင် အတွင်း ပြသထားသော မြန်မာနိုင်ငံမှထွက်ရှိသည့် အဖိုးတန် ရှားပါးကျောက်စိမ်း၊ ကျောက်မျက်၊ ပုလဲ၊ ငွေထည်နှင့် သယံဇာတပစ္စည်းများကို ကြည့်ရှုလေ့လာကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ယင်းနောက် အမျိုးသားပြတိုက်သို့ ရောက်ရှိကြပြီး ပရိုင်းမိတ်နှင့် ကျောက်ဖြစ်ရုပ်ကြွင်း ပြခန်း၊ သမိုင်းမတင်မီခေတ် (ကျောက်ခေတ်၊ ကြေးခေတ်၊ သံခေတ်) ပြခန်း၊ ပန်းချီပြခန်း၊ မြန်မာအနုသုခုမပြခန်း၊ သမိုင်းတင်ခေတ်ဦးပြခန်း၊ သမိုင်းတင်ခေတ်ပြခန်း၊ ပြည်ထောင်စုတိုင်းရင်းသား ယဉ်ကျေးမှုပြခန်း၊ ဗုဒ္ဓဆင်းတုတော်ပြခန်း၊ မြန်မာနိုင်ငံလွတ်လပ်ရေးခေါင်းဆောင်နှင့် နိုင်ငံတော်သမ္မတများ၊ ဝန်ကြီးချုပ်များပြခန်း၊ မြန်မာ့လက်မှုအနုပညာပြခန်းနှင့် အာဆီယံပြခန်းတို့ကို လှည့်လည်ကြည့်ရှုလေ့လာကြပြီး အမှတ်တရဓာတ်ပုံများရိုက်ကြသည်။

ထို့နောက် ညီလာခံကိုယ်စားလှယ်များသည် တပ်မတော်စစ်သမိုင်းပြတိုက်သို့ ရောက်ရှိကြပြီး ရှေးခေတ်တပ်မတော်သုံးပစ္စည်းများနှင့် လက်နက်ကိရိယာများ၊ နယ်ချဲ့ဆန့်ကျင်ရေးကာလ မျိုးချစ်သူရဲကောင်းများ၏ အသုံးအဆောင်ပစ္စည်းများနှင့် လက်နက်ကိရိယာများ၊ ဗမာ့လွတ်လပ်ရေးတပ်မတော်နှင့် ဗမာ့ကာကွယ်ရေး တပ်မတော်တို့တွင် အသုံးပြုခဲ့သော လက်နက်များနှင့်ပစ္စည်းကိရိယာများ၊ ဗိုလ်ချုပ်အောင်ဆန်း အသုံးပြုခဲ့သော ပစ္စည်းများ၊ လွတ်လပ်ရေးကြိုးပမ်းမှု ကာလအတွင်း ဗြိတိသျှနှင့် ချုပ်ဆိုခဲ့သော သမိုင်းဝင်စာချုပ်စာတမ်းများ၊ အစိုးရအဆက်ဆက်ဆောင်ရွက်ခဲ့သော ပြည်တွင်းငြိမ်းချမ်းရေး ဆောင်ရွက်ချက်များ အပါအဝင် တပ်မတော် (ကြည်း၊ ရေ၊ လေ) ပြခန်းများနှင့် ပြင်ပပြကွက်များမှ တိုက်ခိုက်ရေးယာဉ်များ၊ စစ်ရေယာဉ်များနှင့် လေယာဉ်များကို လှည့်လည်ကြည့်ရှု လေ့လာကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်း ပြသကြသည်။ **(အပေါ်ပုံ)**

ယနေ့ လေ့လာရေးခရီးစဉ်တွင် ညီလာခံကိုယ်စားလှယ် ၂၀၀ ကျော် လိုက်ပါလေ့လာခဲ့ကြကြောင်း သိရသည်။



**သတင်းစဉ်**



◆ **ရှေ့ဖုံးမှ**

တစ်ပတ်စာဆန်ရိက္ခာစရိတ် စသည်တို့ကို လည်းကောင်း၊ နယ်မြေခံတပ်ရင်းတပ်ဖွဲ့နှင့် လူမှုရေးအသင်းအဖွဲ့၊ စေတနာရှင် အလှူရှင်များက လာရောက်လှူဒါန်းသော စားနပ်ရိက္ခာနှင့် အသုံးအဆောင် ပစ္စည်းများကို လည်းကောင်း၊ သက်ဆိုင်ရာ ကျေးရွာကော်မတီအသီးသီးသို့ လွှဲပြောင်းပေးအပ်ခဲ့ ကြောင်းနှင့် ဇူလိုင် ၁၄ ရက်မှစ၍ တိုက်ပွဲရှောင်ပြည်သူများ နေရပ်များသို့ ပြန်လည်ထွက်ခွာကြပြီ ဖြစ်ကြောင်း သိရှိရသည်။ **(အပေါ်ပုံ)**

**နန်းလှိုင်လှိုင်ဦး(မိုင်းကိုင်)**

# မူခင်းအသိပညာပေးဟောပြောပွဲ သံတွဲမြို့ရှိ အခြေခံပညာကျောင်းများ၌ ကျင်းပ

**သံတွဲ ဇူလိုင် ၁၅**

သံတွဲမြို့နယ် ရဲတပ်ဖွဲ့မှူး၏ စီစဉ်မှုဖြင့် သံတွဲမြို့ အမှတ် (၂၄) ယာဉ်ထိန်းရဲတပ်ဖွဲ့စုက ကြီးမှူးကျင်းပသည့် မူခင်းကျဆင်းရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောပွဲကို ဇူလိုင် ၁၃ ရက်က အခြေခံပညာအထက်တန်းကျောင်း (ခွဲ) ငကျော်တောင်ကျောင်းတွင် ကျင်းပရာ ကျောင်းအုပ်ဆရာမကြီးဒေါ်ကြည်ကြည်ဌေးက ဟောပြောပွဲကျင်းပရခြင်းနှင့်ပတ်သက်၍ ပြောကြားသည်။ ထို့နောက် သံတွဲမြို့ အမှတ် (၂၄) ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှ တပ်ဖွဲ့စုမှူး ရဲအုပ်သန်းစိုးအောင်က ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဥပဒေပါဆောင်ရန်၊ ရှောင်ရန်တို့ကို ပရိုဂျက်တာဖြင့် လက်တွေ့ရှင်းလင်းအသိပညာ ပေးဟောပြောခဲ့ပြီး မြို့မရဲစခန်းမှ ရဲအုပ်မောင်ဝင်းက မူခင်းကျဆင်းရေးဆိုင်ရာများဖြစ်သည့် မူးယစ်ဆေးဝါးအန္တရာယ်ကြိုတင်ကာကွယ်ရေး၊ သက်ငယ်မုဒိမ်းမှု ပပျောက်ရေး၊ လူကုန်ကူးမှုအန္တရာယ် ကြိုတင်ကာကွယ်ရေးဆိုင်ရာများကို အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက် )**

## ကရင်ပြည်နယ်နှင့်မွန်ပြည်နယ်တို့တွင် မိုးဆက်လက်ပိုနေမည်

**နေပြည်တော် ဇူလိုင် ၁၅ -**

နေပြည်တော်နှင့်ရန်ကုန်မြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ထစ်ချုန်း ရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့် ဖြစ်သည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးဆက်လက်ပိုနေမည်။

စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲ၊ ရှမ်းပြည်နယ်တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး၊ ရခိုင် ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ဒေသအလိုက်နှင့် ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။

**မိုး/ဇလ**

# ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ခေါင်းဆောင်ကြီးများအား လုပ်ကြံသတ်ဖြတ်ခဲ့ကြသည့် လုပ်ကြံမှုကြီးအတွင်းရေးများနှင့် ဦးစော၏ ကြိုးစင်သို့အသွား ဝန်ခံစကားများ

**ဟံသာဝတီ - ဦးအုန်းကြိုင်**

*(ယမန်နေ့မှအဆက်)*

**ဦးစောအား ထမင်းဝယ်ကျွေးရခြင်း**

ထောင်ပိုင်ဝန် ဦးတင်မောင်သည်လည်း ယခင်ခေတ်ဟောင်းက နန်းရင်းဝန်တည်းဟူသော အရှိန်အဝါ၊ ဘုရင်ခံ၏ အကြံအစည်ဟူသည်တို့ကြောင့် အင်းစိန်ဗဟိုထောင်ဘူးဝ ပထမထပ်တွင် ဦးစောအား နေရာချထားပေးလေသည်။ ဦးစောရောက်ပြီး၍ ညနေ ၅ နာရီခန့်တွင် ၎င်း မနက်စာ ထမင်းပင် မစားမသောက်ရသေးသဖြင့် ၎င်းအား တစ်ခုခုကျွေးရန် ပြောလေရာ အင်းစိန်ဈေး ကာကာကုလားဆိုင်မှ ဒံပေါက်ထမင်း၊ ဟင်းများ ဝယ်ပြီးကျွေးလေသည်။

ထိုအချိန် ညနေ ၆ နာရီထိုးခါနီးရောက်မှ အင်းစိန်ရဲတပ်ဖွဲ့မှ S.I.P ရဲအုပ်အရာရှိ စောရဲလိုးနှင့် S.I.P စောဂျိမ်းတာပတို့နှစ်ယောက် မော်တော်ဆိုင်ကယ်ဖြင့် ရောက်လာကြပြီး မစ္စတာဘက်ကို အပြင်သို့ ခဏခေါ်ယူ၍ စာရွက်တစ်ရွက်ကို ပေးအပ်လေသည်။

**ထူးဆန်းသော ဖမ်းဝရမ်း**

မစ္စတာဘက်က တစ်ဖန် ထောင်ပိုင်ဝန် ဦးတင်မောင်အား လက်တို့၍ စာရွက်ကို ပေးလိုက်လေသည်။ ထောင်ပိုင်ဝန် ဦးတင်မောင်သည် ထိုစာရွက်ကို ဖတ်ကြည့်လိုက်ရာ သက်ဆိုင်ရာမှ ထုတ်လိုက်သော ဦးစောအား ဖမ်းဆီးထိန်းသိမ်းလိုက်သည့် ဖမ်းဝရမ်းအမိန့်စာ (Detention Order) ဖြစ်နေသည်ကို သိလိုက်ရတော့သည်။

**ထောင်ပိုင်ပရိယာယ် ဦးစောနားမလည်**

သို့သော် ထောင်ပိုင်ဦးတင်မောင်သည် ထိုအမိန့်စာနှင့်ပတ်သက်၍ ဦးစောအား အသိမပေးသေးဘဲ ညှော့ခံကျွေးမွေးပြီးနောက်မှ "ဦးစော၊ ကျွန်တော်တစ်ခုပြောပါရစေ။ အခု အင်းစိန်ဈေးပိုင်းတစ်ဝိုက်မှာလည်းပဲ ဆူဆူပူပူတွေ ဖြစ်နေကြပြီတဲ့။ ဒါကြောင့် ကျွန်တော်ဒီအပေါ်မှာ ဦးစောအတွက် လုံခြုံမှုမပေးနိုင်ပါဘူး။ ကျွန်တော့်မှာ လက်နက်ကိုင်ဝါဒါ နည်းနည်းပဲ ရှိတယ်။ မလုံလောက်ဘူး။ ထောင်ကိုလာဝိုင်းကြရင် ခက်မယ်။ အဲဒီတော့ ကျွန်တော်အကြံပေးချင်ပါတယ်။ ထောင်အတွင်းက ဆေးရုံဆိုရင် သပ်သပ်ရပ်ရပ်လည်းရှိတယ်။ လုံခြုံပါတယ်။ အဲဒီကို ရွှေ့ကြရအောင်လား" ဟု ဦးတင်မောင်က အကြံပေးသလိုလို ပြောဆိုသည်။

**တုန်လှုပ်ချောက်ချားနေသော ဦးစော**

ထိုအကြံကို ထိုအချိန်က အတော်တုန်လှုပ်နေပြီဖြစ်သော ဦးစောက လက်ခံလိုက်နာသဖြင့် ထောင်ကြီးအတွင်းရှိ ဆေးရုံပေါ်သို့ ချက်ချင်းရွှေ့ပြောင်းလိုက်ပြီး ဆေးရုံအဝင်အထွက်တံခါးပေါက်သော့ကို ထောင်ပိုင်ဝန် ဦးတင်မောင်ကိုယ်တိုင်ကိုင်တွယ်ထိန်းသိမ်းထားလိုက်ရသည်။ (ထိုစဉ်က သတင်းစာများတွင် နိုင်ငံတော်လုပ်ကြံမှုကြီး၏ တရားခံများဖြစ်သည့် ဦးစောနှင့် အပေါင်းပါတို့ကို အခင်းဖြစ်ပြီး တစ်နာရီအတွင်း ဖမ်းဆီးလိုက်နိုင်သည်ဟု ဖော်ပြခဲ့ကြသည်။ သို့သော် အဖြစ်မှန်အတိုင်း လေ့လာကြည့်လျှင် ဗြိတိသျှတို့၏ အကြံအစည်များကို သိနိုင်ကြမည် ဖြစ်ပါသည်။)

**ဗမာပြည်မှာ အာဏာရဖို့ရာ**

"ဗမာပြည်မှာ နိုင်ငံရေးဆက်လုပ်ပြီး နိုင်ငံရေးအာဏာရဖို့ဆိုတာ တို့ရဲ့ အတိုက်အခံအဖွဲ့တွေရဲ့ ခေါင်းဆောင်တွေအားလုံးကို သတ်ဖြတ်ပစ်နိုင်ရမယ်။ ဒါ့အပြင် လက်နက်ကိုင်အများဆုံးနဲ့ နောက်လိုက်များများရှိတဲ့ နိုင်ငံရေးအဖွဲ့ကသာ နိုင်ငံကို အုပ်စိုးနိုင်မယ်"

**ဦးစော၏ လူသတ်ဝါဒလမ်းစဉ်**

ဗြိတိသျှအလိုတော်ရိခေါင်းဆောင်ကြီး ဂဠုန်ဦးစောသည် နိုင်ငံတော်လုပ်ကြံမှုကြီးတွင် ပါဝင်ကျူးလွန်ခဲ့ကြသူ လူသတ်သမား လူရမ်းကားတစ်စုတို့အား မိုက်ဇာတ်သွင်းဟောကြားပေးခဲ့သော သူ၏ "အကြံကုန် ဂဠုန်ဆားချက်၊ အကြံပက်စက် လူသတ်ဝါဒ လမ်းညွှန်ချက်" များဖြစ်ပါသည်။ ထိုဟောပြောချက်များဖြင့် သူ၏ လက်ရင်းတပည့်များအား စည်းရုံးသိမ်းသွင်းခဲ့ပုံ အဖုံဖုံတို့ကို ၎င်းနိုင်ငံတော်လုပ်ကြံမှုကြီးအား စစ်ဆေးသည့်အခါတွင် ဖော်ကောင်ဘည္ဟန့်၏ ထွက်ဆိုချက်များမှ ကြားသိကြရသော စကားများဖြစ်ပါသည်။

**ထင်သာထင် မဝင်ခဲ့ဘူး**

ဦးစောသည် ထိုစဉ်က ထိပ်တန်းရောက်နေပြီဖြစ်သော အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ ကက်ဘိနက်အဖွဲ့ဝင်ဝန်ကြီးများအားလုံးကို သုတ်သင်ရှင်းလင်းပစ်နိုင်ပြီဆိုလျှင် ဗြိတိသျှအစိုးရ မြန်မာပြည်ဆိုင်ရာ ဘုရင်ခံက ၎င်းအား ခေါ်ယူပြီး အစိုးရအာဏာလွှဲအပ်အုပ်ချုပ်စေလိမ့်မည်ဟု တထစ်ချ ထင်မှတ်ပုံရလေသည်။

**သခင်နုအစိုးရတက်ခဲ့ရ**

သို့သော် သူလုပ်ကြံရန်စေခိုင်းလိုက်သည့်အချိန်က လွတ်မြောက်နေသော ဖဆပလအဖွဲ့ချုပ်၏ ဒုတိယဥက္ကဋ္ဌ သခင်နုကို ဗြိတိသျှဘုရင်ခံက ဝန်ကြီးချုပ်ရာထူးလက်ခံ၍ အစိုးရသစ်အမြန်ဆုံးဖွဲ့စည်းပါရန် တရားဝင်ဖိတ်ခေါ်တာဝန်ပေးခြင်းခံရလေသည်။ မကြာခင် သခင်နု ဦးဆောင်သော မြန်မာနိုင်ငံ ဘုရင်ခံအမှုဆောင်ကောင်စီ အစိုးရအဖွဲ့သစ်ဖွဲ့စည်းကြောင်း ကြေညာချက်ထွက်ပေါ်လာသည်။

**နည်းစုံလမ်းစုံကြံစည်နေသော ဦးစော**


ဦးစောကား အင်းစိန်ဗဟိုထောင်ကြီးထဲမှ ထွက်ပြေးလွတ်မြောက်ရန် နည်းလမ်းအစုံစုံဖြင့် အစွမ်းကုန်ကြံစည်ကြိုးကုတ် အားထုတ်၍သာ နေလေသည်။ အင်းစိန်ဗဟိုအကျဉ်းထောင်ကြီးတစ်ဝိုက်တွင်လည်း လုံခြုံရေးအစောင့်များ တင်းကျပ်ထားသည်နှင့် ကြုံတွေ့နေရလေသည်။

**ဘုရင်ခံထံ လျှို့ဝှက်စာပို့ပြီ**

ထိုအထဲ ဦးစောသည် အကြံတစ်မျိုးဖြင့် ကြံစည်ကြိုးစားပြန်သည်။ အင်္ဂလိပ်စာဖြင့် ဦးစောကိုယ်တိုင်ရေးသော စာနှစ်စောင်ကို ဘုရင်ခံထံသို့ ပို့ပေးရန် ထောင်မှူးကြီး ဦးဟန်တင်အား စည်းရုံးပြီး အကူအညီတောင်းလေသည်။



အင်းစိန်ထောင်အတွင်း အထူးခုံရုံးတွင် ဂဠုန်ဦးစော အား ရုံးတင်စစ်ဆေးခဲ့စဉ်က။



Dear Chief
I understand you are in the cell now. Why not come over here if you are free there.
Saw.

Chief, U San Tin
If you can spare few minutes kindly come over here. Thanks.
Saw.

ထောင်မှူး ဦးစံတင့်ထံ ဦးစောလက်ရေးဖြင့် ရေးပို့လိုက်သော စာတိုနှစ်စောင်။ (တရားဝန်ကြီး ဦးသောင်းစိန်စုဆောင်းခဲ့သော ပစ္စည်းများမှ)။

> **"ဤအမှုကြီးကို တရားဆိုင်စေရာ၌ ပြည်သူလူထုရှေ့မှောက်တွင် ဖြစ်ပြီး အင်းစိန်ဗဟိုအကျဉ်းထောင်အတွင်းရှိ သီးသန့်အခန်းကြီးတစ်ခန်းတွင် တရားရုံးသဖွယ် ပြင်ဆင်ခင်းကျင်းလျက် စစ်ဆေးကြားနာခဲ့"**

ထိုစာကို ပို့ပေးသည့်အတွက် ဦးဟန်တင်ကို ဂိုးလ်ဒင်းပတ်သံပုံးဖြင့် စိန်တစ်ပုံးပေးလိုက်ရန် ဇနီး ဒေါ်သန်းခင်ထံသို့ စာတစ်စောင်ရေး၍ ပေးလိုက်လေသည်။

**ဘုရင်ခံထံသို့ ဦးစောစာပို့**

ထိုစာများကို ထောင်ပိုင်မှတစ်ဆင့် ထိုစဉ်က တရားရေးဝန်ကြီးဌာန အတွင်းဝန်နှင့် အကျဉ်းဌာနမင်းကြီးအဖြစ် တွဲဖက်တာဝန်ယူထားရသူ အတွင်းဝန် ဦးသောင်းစိန်ထံတင်ပြပြီး အင်းစိန် C.I.D တွင် ထိုစာတို့ကို ဓာတ်ပုံရိုက်ကူးယူပြီးနောက် ဖဆပလအစိုးရ၏ သဘောတူခွင့်ပြုချက်အရ မူရင်းစာကို ဘုရင်ခံထံသို့ ပေးပို့စေလိုက်သည်ဟု ဆိုပါသည်။ ဗြိတိသျှဘုရင်ခံထံမှ ထူးခြားချက် တစ်စုံတစ်ခုမျှ ထွက်ပေါ်မလာခဲ့ပေ။

**ထင်သလိုဖြစ်မလာခဲ့၍**

ဦးစောထင်သလို ဖြစ်မလာနိုင်တော့သည်သာမက ဦးစောနှင့် အပေါင်းအပါများ ကျူးလွန်ခဲ့သော နိုင်ငံတော်လုပ်ကြံမှုကြီးဖြစ်သည့် ရာဇဝတ်ပြစ်မှုကြီးကို စီရင်ဆုံးဖြတ်ရန် တရားစီရင်ရေးခုံရုံးကို ထိုစဉ်က ဘုရင်ခံဖြစ်သူ ဆာဟူးဘတ်ရန့်(စ်) (Sir Hubert Rance) က ဖွဲ့စည်းလေသည်။ တရားလွှတ်တော်တရားသူကြီး ဦးကျော်မြင့်ကို ခုံရုံးသဘာပတိအဖြစ် ရွေးချယ်၍ သမ္မာရင့် ဥပဒေပညာရှင်များထဲမှ ခုံရုံးအဖွဲ့ဝင်အဖြစ် သင့်တော်မည့် ပုဂ္ဂိုလ်နှစ်ဦး ဖြည့်စွက်ခန့်ထားရန် စီစဉ်ရွေးချယ်ရာတွင် မမျှော်လင့်ဘဲ အခက်အခဲများနှင့် ကြုံတွေ့ရသည်။

**တရားစီရင်ရေးခုံဖွဲ့သည်အထိ အခက်တွေ့ခဲ့**

ဘုရင်ခံက လျာထားသူ တရားရေးဆိုင်ရာ တရားသူကြီးအားလုံးလိုလိုက ၎င်းခုံရုံးတာဝန်ကို မထမ်းဆောင်လိုကြပေ။ သူတို့မှာ နှလုံးရောဂါရှိသည်၊ သွေးတိုးရောဂါရှိသည်စသည်ဖြင့် ဆင်ခြေပေး၍ ရှောင်တိမ်းကြလေသည်။ သို့ဖြင့် ဘုရင်ခံဆာဟူးဘတ်ရန့်(စ်)သည် နောက်ဆုံးတွင် သမ္မာရင့်စက်ရှင်တရားသူကြီး ဦးအောင်သာကျော်နှင့် ဦးစီဘူးတို့ဖြင့် ၁၉၄၇ စက်တင်ဘာလ ၂၀ ရက်နေ့တွင်မှ အထူးခုံရုံးကို တရားဝင်ခန့်အပ်ဖွဲ့စည်းပြီး တာဝန်ပေးနိုင်ခဲ့လေသည်။

**ဦးစောအမှု စတင်စစ်ဆေးခြင်း**

ထိုနှစ် စက်တင်ဘာ ၂၄ ရက်နေ့တွင် ဦးစောတို့၏ နိုင်ငံတော်လုပ်ကြံမှုကြီးကို အင်းစိန်ထောင်တွင်း၌ ဖွဲ့စည်းထားရှိသော အထူးတရားခုံရုံးမှ ပထမဆုံးစစ်ဆေးကြားနာမှု စတင်ပြီး တရားလိုဘက်မှ စွပ်စွဲလျှောက်လဲချက်ကို ဦးစွာကြားနာသည်။ ထို့နောက် ဘုရင့်သက်သေများကို စစ်ဆေးသည်။ အမှုမှာ ဗြိတိသျှဘုရင်အစိုးရနှင့် ဦးစောနှင့် အပေါင်းအပါ ကိုးဦးတို့ အမှုဖြစ်ပါသည်။

**ဦးစောအထွန့်တက်မှုကြောင့် ရွှေ့ဆိုင်းခဲ့ရ**

ထိုခုံရုံးမှာ စစ်ဆေးသည်မှ မစရသေး၊ ဦးစော အထွန့်တက်မှုကြောင့် တစ်လခန့် ဆိုင်းငံ့သွားခဲ့ရသည်။ ယခင်အခါက ရန်ကုန်တွင် နေထိုင်ခဲ့သော တရားလွှတ်တော်ရှေ့နေ အင်္ဂလန်တွင်နေထိုင်သည့် မစ္စတာ ဘင်ဂျမင် ရာဖယ် ဗာတန်နစ် (Mr. Benjamin Rephael Vartannes) ကို ၎င်း၏ စရိတ်ဖြင့် ငှားရမ်းနိုင်ရေးအတွက် ဦးစော၏ လျှောက်ထားချက်ကို ခွင့်ပြု၍ တရားဆိုင်ခြင်းကို အောက်တိုဘာလ ၁၅ ရက်အထိ ဆိုင်းငံ့လိုက်လေသည်။

**အာဇာနည်ခေါင်းဆောင် ကိုးဦးရှိသလို အစွပ်စွဲခံတရားခံ ကိုးဦးရှိလာခြင်း**

တရားဆိုင်ခြင်းကို အင်းစိန်ထောင်ကြီးတွင် နောက်ဆုံးစတင်နိုင်သောအခါ ၎င်းတရားဆိုင်ခြင်းသည် ဗြိတိသျှဘုရင်နှင့် (၁) ဦးစော (အဖွဲ့ခေါင်းဆောင်)၊ (၂) မောင်စိုး (လူသတ်သမား)၊ (၃) သက်နှင်း (လူသတ်သမား)၊ (၄) မောင်စိန် (ခ) စိန်ကြီး (ခ) လှအောင် (လူသတ်သမား)၊ (၅) ရန်ကြီးအောင် (ခ) လှထွန်း (လူသတ်သမား)၊ (၆) သုခ (ဒရိုင်ဘာ)၊ (၇) ခင်မောင်ရင် (ကြံရာပါ)၊ (၈) မောင်နီ (ကြံရာပါ)၊ (၉) မှုန်ကြီး (ခ) မောင်မှုန် (ကြံရာပါ) တို့၏ အမှုဖြစ်လာသည်။

ထိုနိုင်ငံတော်လုပ်ကြံမှုကြီးတွင် ကျဆုံးကြရသော အာဇာနည်ခေါင်းဆောင်ကြီးကိုးဦးရှိသလို လုပ်ကြံမှုကြီးကျူးလွန်ကြသူ တရားခံလည်း ကိုးဦးထွက်ပေါ်လာသည်။ ဘည္ဟန့်မှ ဖော်ကောင်ဖြစ်လာ၍ တရားခံစာရင်း၌ မပါခဲ့ပေ။

**လူထုရှေ့မှောက်တရားခွင်**

ဤအမှုကြီးကို တရားဆိုင်စေရာ၌ ပြည်သူလူထုရှေ့မှောက်တွင်ဖြစ်ပြီး အင်းစိန်ဗဟိုအကျဉ်းထောင်အတွင်းရှိ သီးသန့်အခန်းကြီးတစ်ခန်းတွင် တရားရုံးသဖွယ် ပြင်ဆင်ခင်းကျင်းလျက် စစ်ဆေးကြားနာခဲ့သည်။

*(ဆက်လက်ဖော်ပြပါမည်)*

# (၂၆)ကြိမ်မြောက် နိကာယ်စာမေးပွဲအောင်စာရင်း ထုတ်ပြန်ကြေညာ

**နေပြည်တော် ဇူလိုင် ၁၅**

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက (၂၆)ကြိမ်မြောက် နိကာယ်စာမေးပွဲကို တစ်နိုင်ငံလုံးရှိ စာဖြေဌာန ၇၄ ဌာနတို့တွင် ဇွန် ၄ ရက်မှ ၈ ရက်အထိ ငါးရက်တိုင်တိုင် ကျင်းပခဲ့သည်။

(၂၆)ကြိမ်မြောက်နိကာယ်စာမေးပွဲတွင် ဝင်ရောက်ဖြေဆိုရန် စာရင်းသွင်း ၁၄၆၅၉ ပါး ရှိပြီး ဖြေဆို ၁၀၅၄၉ ပါးဖြစ်၍ ကျမ်းစဉ်အလိုက် အောင်မြင်သူ ၅၆၇၁ ပါးဖြစ်ရာ ၅၃ ဒသမ ၇၆ ရာခိုင်နှုန်း အောင်မြင်ကြသည်။

အုပ်စု(၁) ခုဒ္ဒကနိကာယ(ဝိနယပိဋက) ဝိနည်းငါးကျမ်းဖြေဆိုကြသော ပုဂ္ဂိုလ်တို့တွင် ငါးကျမ်းအောင် ၁၄၄၂ ပါး၊ လေးကျမ်းအောင် ၇၀၅ ပါး၊ သုံးကျမ်းအောင် ၈၂၅ ပါး၊ နှစ်ကျမ်းအောင် ၆၉၇ ပါး၊ တစ်ကျမ်းအောင် ၇၄၉ ပါးတို့ ဖြစ်ကြပါသည်။ ဝိနည်းငါးကျမ်းအောင် ၁၄၂၄ ပါးတို့အနက် ပထမ၊ ဒုတိယ၊ တတိယ၊ သီလရှင်ပထမရရှိသော အထူးအောင်ပုဂ္ဂိုလ်များမှာ အောက်ဖော်ပြပါအတိုင်း ဖြစ်သည်-

(က) ခုံအမှတ်၊ မော် ၄၇၈၊ အရှင်ဧယျမ္မ၊ အသက် ၃၅ နှစ်၊ (ဘ)ဦးတင်မောင်၊ ခတုမယကျောင်း၊ မော်ဘီမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး(ပထမ)

(ခ) ခုံအမှတ်၊ ပူရ ၁၂၊ အရှင်အာဒိစ္စဝံသ၊ အသက် ၂၆ နှစ်၊ (ဘ) ဦးလှညွန့်၊ မဟာဂန္ဓာရုံကျောင်းတိုက်၊ အမရပူရမြို့ မန္တလေးတိုင်းဒေသကြီး(ဒုတိယ)

(ဂ) ခုံအမှတ်၊ မဟမ ၂၆၉၊ ရှင်ပညာဇောတ၊ အသက် ၁၉ နှစ်၊ (ဘ)ဦးတင်ဝင်း၊ စည်ရှင်ကျောင်း၊ မဟာဝိသုဒ္ဓါရုံတိုက်သစ်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး(တတိယ)

(ဃ) ခုံအမှတ်၊ မ/ဥ ၅၁၊ မကုမ္မာရီ၊ အသက် ၃၅ နှစ်၊ (ဘ)ဦးဘသန်း၊ ဇေယျာသိင်္ဂီကျောင်း၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး(သီလရှင် ပထမ)

အုပ်စု(၂) ဒီဃနိကာယ(သုတ္တန္တပိဋက) သုံးကျမ်းဖြေဆိုကြသော ပုဂ္ဂိုလ်တို့တွင် သုံးကျမ်းအောင် ၁၃၉ ပါး၊ နှစ်ကျမ်းအောင် ၁၇၃ ပါး၊ တစ်ကျမ်းအောင် ၈၇ ပါးတို့ ဖြစ်ကြသည်။ ဒီဃနိကာယ သုံးကျမ်းအောင် ၁၃၉ ပါးအနက် ပထမ၊ ဒုတိယ၊ တတိယ ရရှိသော အထူးအောင်ပုဂ္ဂိုလ်များမှာ အောက်ဖော်ပြပါအတိုင်းဖြစ်သည်-

(က) ခုံအမှတ်၊ မဟမ ၆၊ ဥုးသုန္ဒရလင်္ကာရ၊ အသက် ၂၁ နှစ်၊ (ဘ) ဦးမြင့်ကောင်း၊ ဇယမေဒနီဝါဆိုကျောင်း၊ မဟာဝိသုဒ္ဓါရုံတိုက်သစ်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး (ပထမ)

(ခ) ခုံအမှတ်၊ မုံ ၁၂၊ အရှင်ဝိစက္ခဏာလင်္ကာရ၊ အသက် ၃၄ နှစ်၊ (ဘ)ဦးကျော်ညွန့်၊ တိပိဋက ဓမ္မပါလကျောင်းတိုက်၊ မုံရွာမြို့ စစ်ကိုင်းတိုင်းဒေသကြီး(ဒုတိယ)

(ဂ) ခုံအမှတ်၊ မင်္ဂလာ ၇၊ အရှင်အမတာနန္ဒ၊ အသက် ၂၃ နှစ်၊ (ဘ)ဦးမြသန်း၊ တိပိဋကရွှေပါရမီကျောင်း၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး(တတိယ)

အုပ်စု ၃ မဇ္ဈိမနိကာယ(သုတ္တန္တပိဋက) သုံးကျမ်းဖြေဆိုကြသော ပုဂ္ဂိုလ်တို့တွင် သုံးကျမ်းအောင် ၂၄ ပါး၊ နှစ်ကျမ်းအောင် ၃၇ ပါး၊ တစ်ကျမ်းအောင် ၁၉ ပါးတို့ ဖြစ်ကြသည်။ မဇ္ဈိမနိကာယ် သုံးကျမ်းအောင် ၂၄ ပါးအနက် ပထမ၊ ဒုတိယ၊ တတိယရရှိသော အထူးအောင်ပုဂ္ဂိုလ်များမှာ အောက်ဖော်ပြပါအတိုင်း ဖြစ်သည်-

(က) ခုံအမှတ်၊ ဗလ ၃၊ အရှင်စန္ဒောဘာသာလင်္ကာရ၊ အသက် ၂၉နှစ်၊ (ဘ) ဦးအောင်ကြည်၊ မဟာဝိသုဒ္ဓါရုံကျောင်းတိုက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး(ပထမ)

(ခ) ခုံအမှတ်၊ မုံ ၄၊ အရှင်သီလာစာရာလင်္ကာရ၊ အသက် ၂၂ နှစ်၊ (ဘ)ဦးမြင့်မော်၊ သဒ္ဓမ္မ ပဇ္ဇောတာရုံကျောင်းတိုက်၊ မုံရွာမြို့ စစ်ကိုင်းတိုင်းဒေသကြီး (ဒုတိယ)

(ဂ) ခုံအမှတ်၊ စိန် ၃၊ အရှင်စန္ဒောဘာသာလင်္ကာရ၊ အသက် ၂၆ နှစ်၊ (ဘ)ဦးမြင့်နွယ်၊ ရွှေပြည်သာပရိယတ္တိစာသင်တိုက်၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး(တတိယ)

အုပ်စု(၄) သံယုတ္တနိကာယ(သုတ္တန္တပိဋက) သုံးကျမ်းဖြေဆိုကြသော ပုဂ္ဂိုလ်တို့တွင် သုံးကျမ်းအောင် ၁၆ ပါး၊ နှစ်ကျမ်းအောင် ၁၀ ပါး၊ တစ်ကျမ်းအောင် ၁၀ ပါးတို့ ဖြစ်ကြသည်။ သံယုတ္တနိကာယ်သုံးကျမ်းအောင် ၁၆ ပါးအနက် ပထမ၊ ဒုတိယ၊ တတိယရရှိသော အထူးအောင်ပုဂ္ဂိုလ်များမှာ အောက်ဖော်ပြပါအတိုင်းဖြစ်သည်-

(က) ခုံအမှတ်၊ စိန် ၃၊ အရှင်ဥတ္တမာလင်္ကာရ၊ အသက် ၂၅ နှစ်၊ (ဘ)ဦးအုန်းမောင်၊ ရွာမပရိယတ္တိစာသင်တိုက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး(ပထမ)

(ခ) ခုံအမှတ်၊ စက ၂၊ အရှင်ဂုဏတေဇာလင်္ကာရ၊ အသက် ၂၁ နှစ်၊ (ဘ)ဦးအောင်ရှိန်၊ မြစကြာကျောင်းတိုက်၊ စစ်ကိုင်းမြို့ စစ်ကိုင်းတိုင်းဒေသကြီး (ဒုတိယ)

(ဂ) ခုံအမှတ်၊ ဗဟ ၇၊ အရှင်ဉာဏုတ္တရာလင်္ကာရ၊ အသက် ၂၈ နှစ်၊ (ဘ)ဦးမန်းရင်၊ မဟာဝိသုဒ္ဓါရုံကျောင်းတိုက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး(တတိယ)

*(ဆက်လက်ဖော်ပြပါမည်)*

## နိုင်ငံခြားသားဝင်ရောက်မှုများသော ဗိုလ်တထောင်စေတီတော်မြတ်ကြီးတွင် အဆင့်မြင့်သန့်စင်ခန်းများ တည်ဆောက်သွားမည်

**ရန်ကုန် ဇူလိုင် ၁၅**

နိုင်ငံခြားသား နေ့စဉ်ဝင်ရောက်မှုများသော ရန်ကုန်မြို့ ဗိုလ်တထောင်စေတီတော်မြတ်တွင် တစ်လလျှင် သိန်းတစ်ထောင်ကျော်ရရှိလျက်ရှိရာ ရဟန်းသံဃာ၊ သီလရှင်၊ ဘုရားဖူးပြည်သူနှင့် နိုင်ငံခြားသား ခရီးသွားတို့အတွက် မန္တလေးမဟာမြတ်မုနိကဲ့သို့ ဗိုလ်တထောင်စေတီတော်မြတ် ရာဟုထောင့်တွင် အဆင့်မြင့်သန့်စင်ခန်းတည်ဆောက်သွားမည်ဖြစ်ကြောင်း ဇူလိုင် ၁၄ ရက် နံနက်ပိုင်းက ဂေါပကရုံးမှ သိရသည်။

ဗိုလ်တထောင်စေတီတော်မြတ်ကြီး ဘက်စုံပြုပြင်မွမ်းမံမှုအတွက် ရန်ကုန်တိုင်းဒေသကြီး သံဃနာယကဥက္ကဋ္ဌ ဆရာတော်ကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းတို့ထံ ဂေါပကအဖွဲ့က ဇူလိုင် ၂၃ ရက်တွင် သြဝါဒခံယူ၍ စေတီတော်ဘက်စုံမွမ်းမံမှုတွင် ကျန်ရှိသောလုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး ဘုရားဖူးစည်ကားသော ဗိုလ်တထောင်စေတီတော်မြတ်တွင် အဆင့်မြင့်သန့်စင်ခန်း တည်ဆောက်ရန် လျာထားပြီးဖြစ်ကြောင်း သိရသည်။

"ဇူလိုင် ၂၃ ရက်မှာ တိုင်းသံဃနာယက ဆရာတော်ဘုရားနဲ့ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်ထံမှာ သြဝါဒခံယူပြီးရင် အကောင်အထည်ဖော်မယ့် လုပ်ငန်းစဉ်အများကြီးရှိပါတယ်။ အဲဒီထဲမှာ ရင်ပြင်တော်ရာဟုထောင့်မှာ အဆင့်မြင့်သန့်စင်ခန်း တည်ဆောက်မှာပါ။ မန္တလေးမဟာမြတ်မုနိဘုရားမှာရှိတဲ့ အဆင့်မြင့်သန့်စင်ခန်းပုံစံမျိုးကို



သဘောကျတဲ့အတွက် ဂေါပကအဖွဲ့က လုပ်ဆောင်ဖို့ရှိတယ်။ အလှူရှင်လည်း ရှိပါတယ်။ အထူးသဖြင့် နိုင်ငံခြားသားဧည့်သည်တွေအတွက် လည်းပါပါတယ်။ ခရီးသွားရာသီမဟုတ်ပေမယ့် နိုင်ငံခြားသားခရီးသွားက တစ်လကို နှစ်သောင်းကျော်ဝင်ရောက်တာကြောင့် သိန်းထောင်ကျော်ရရှိပါတယ်"ဟု ဗိုလ်တထောင်စေတီတော်ဂေါပကရုံးမှ ရုံးအဖွဲ့မှူး ဦးကျော်နိုင်ထွန်းက ပြောသည်။

ဗိုလ်တထောင်စေတီတော်မြတ်သို့ ထိုင်း၊ တရုတ်နှင့် ဂျာမနီနိုင်ငံတို့မှ အများဆုံး လာရောက် ဖူးမြော်လေ့လာကြလျက်ရှိရာ တစ်နှစ်လျှင် ပြည်ပဧည့်သည် သုံးသိန်းခန့် ဝင်ရောက်မှုကြောင့် ဘုရားအတွက် ဝင်ငွေ ၁ ဒသမ ၆ ဘီလီယံ ရရှိလျက်ရှိကြောင်း ဂေါပကရုံးမှ သိရသည်။

မြတ်ဗုဒ္ဓ၏ ဆံတော်ရှစ်ဆူတွင် တဖုသရရှိသောဆံတော်ကို ဗိုလ်တထောင်စေတီတော်မြတ်တွင် တည်ထားကိုးကွယ်ထားရာ ပြည်တွင်းမှ ဘုရားဖူးများ လာရောက်ဖူးမြော်ကြသည့်နည်းတူ နိုင်ငံခြားသားခရီးသွားများကလည်း ဗိုလ်တထောင်ဘိုးဘိုးကြီးထံ ဆုပန်ကြသောကြောင့် မိုးရာသီတွင် ပြည်တွင်း၊ ပြည်ပ ဘုရားဖူးများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

အလှူရှင်မှ ကြိုတင်ကုသိုလ်ယူထား၍ အဆင့်မြင့်သန့်စင်ခန်းကို ရဟန်း၊ ပြည်သူနှင့် နိုင်ငံခြားသားခရီးသွားတို့အတွက် တည်ဆောက်ရန်လျာထားပြီးဖြစ်ရာ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ဦးဆောင်ညွှန်ကြားမှုကို ခံယူပြီးပါက ရင်ပြင်တော်ရာဟုထောင့်တွင် တည်ဆောက်သွားမည်ဖြစ်ကြောင်း ဂေါပကရုံးမှ သိရသည်။

**သတင်း-သန်းထိုက်၊ ဓာတ်ပုံ-သန်းစိုး**

### ❍ *ကျောဖုံးမှ*

မောင်မောင်လွင်က သွင်းယူခဲ့ကာ ယင်းဂိုးမှာ စစ်ကိုင်းအသင်း၏ ချေပဂိုး ထပ်ရရေး မျှော်လင့်ချက်ကို အဆုံးသတ်စေခဲ့သည်။

မန္တလာသီရိကွင်း၌ ကျင်းပသည့်ပွဲတွင် ရတနာပုံအသင်းက GFA အသင်းကို သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ရတနာပုံအတွက် ဂိုးများကို ၆ မိနစ်တွင် စည်သူအောင်၊ ၄၅ မိနစ်တွင် ဝင်းနိုင်စိုးတို့က သွင်းယူပြီး မိနစ် ၉၀ တွင် ရရှိသည့် အနိုင်ဂိုးမှာ GFA နောက်ခံလူ အီဖာ ဘောလုံးဖျက်ထုတ်ရင်း ကိုယ့်ဂိုးကိုယ် သွင်းမိခဲ့ခြင်းဖြစ်သည်။ GFA အတွက် ဂိုးများကို ၅၄ မိနစ်တွင် ဂျော်ဒန်၊ ၇၈ မိနစ်တွင် အီမန်နျူရယ်က သွင်းယူခဲ့သည်။ သုဝဏ္ဏကွင်း၌ ကျင်းပသည့်ပွဲတွင် ဇွဲကပင်အသင်းက မြဝတီအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ ဇွဲကပင်အသင်းအတွက် အနိုင်ဂိုးကို ၉ မိနစ်တွင် ရန်ကျော်ထွေးက သွင်းယူခဲ့သည်။

ပွဲစဉ်(၂၀) အပြီးတွင် ရန်ကုန်အသင်းက ၄၅ မှတ်ဖြင့် ထိပ်ဆုံးမှ ဦးဆောင်နေပြီး ရှမ်းယူနိုက်တက်အသင်းက ၄၃ မှတ်၊ ရတနာပုံနှင့် ဇွဲကပင်အသင်းက ရမှတ် ၃၀ စီ၊ ဟံသာဝတီအသင်းက ၂၉ မှတ်၊ Southern နှင့် မကွေးအသင်းက ၂၇ မှတ်စီ၊ ရောဝတီအသင်းက ၂၆ မှတ်၊ ရခိုင်အသင်း က ၂၅ မှတ်၊ စစ်ကိုင်းအသင်းက ၂၁ မှတ်၊ GFA အသင်းက ၁၇ မှတ်၊ မြဝတီအသင်းက နှစ်မှတ်ရထားသည်။

**ညီမြတ်သော်တာ**

### ပြင်ဆင်ဖတ်ရှုပါရန်

၁၅-၇-၂၀၁၈ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၆ တွင် ဖော်ပြပါရှိသော အာဇာနည်နေ့အကြို ဟံသာဝတီ-ဦးအုန်းကြိုင်၏ ဆောင်းပါး စတုတ္ထကော်လံ စာပိုဒ် ၅ ပါ "ဗိုလ်မှူးအေးငွေ (ရုပ်ရှင်မင်းသားအေးငွေကြီး)" အစား "ဗိုလ်မှူးအေးငွေ ဦးဆောင်သည့် သောင်းကျန်းမှုနှိမ်နင်းရေးတပ်သားများ"ဟု ပြင်ဆင်ဖတ်ရှုစေလိုပါသည်။

**ဟံသာဝတီ-ဦးအုန်းကြိုင်**

## စလင်းတွင် မော်တော်ယာဉ်၊ ဆိုင်ကယ်နှင့် ယာဉ်မောင်းလိုင်စင် ကွင်းဆင်းဆောင်ရွက်

**စလင်း ဇူလိုင် ၁၅**

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ် အုပ်ချုပ်ရေးမှူးရုံးအတွင်း၌ ဇူလိုင် ၁၄ ရက်မှစတင်ကာ မင်းဘူးကညနက စလင်းမြို့နယ်အတွင်းရှိ သက်တမ်းတိုးလိုသော မော်တော်ယာဉ်၊ ဆိုင်ကယ်နှင့် ယာဉ်မောင်းလိုင်စင်များကို ကွင်းဆင်း ဆောင်ရွက်ပေးခဲ့သည် ။

ထိုသို့ ကွင်းဆင်းဆောင်ရွက်ရာတွင် မင်းဘူးကညနမှ ဦးစီးမှူး ဦးအေးမင်း ပါဝင်သော ဝန်ထမ်းများက ယာဉ်နှင့်ဆိုင်ကယ်လိုင်စင် သက်တမ်းတိုးခြင်း၊ ယာဉ်မောင်းလိုင်စင် သက်တမ်းတိုးပေးခြင်းနှင့် ဆိုင်ကယ်စီးလိုင်စင်အသစ်များကို နေ့ချင်းပြီး ဆောင်ရွက်ပေးခဲ့သည်။

ယင်းသို့ဆောင်ရွက်ရာတွင် မော်တော်ယာဉ် ၄၇စီး၊ ဆိုင်ကယ် ၆၀၂ စီး၊ ဆိုင်ကယ်လိုင်စင်အသစ် ၅၆၉ ဦး၊ ယာဉ်မောင်းလိုင်စင်လဲ ၁၄ ဦးတို့ကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**စစ်ကြည်(စလင်း)**

## ထိုင်းနိုင်ငံရောက် အလုပ်သမားညွှန်ကြားရေးမှူးချုပ်နှင့် လူမှုအဖွဲ့အစည်းများ အလုပ်သမားရေးဆွေးနွေး

**ဗန်ကောက် ဇူလိုင် ၁၅**

မြန်မာနှင့် ထိုင်းနှစ်နိုင်ငံ Techanical Meeting တက်ရောက်ရန် ထိုင်းနိုင်ငံ ဗန်ကောက်မြို့သို့ ရောက်ရှိနေသည့် အလုပ်သမားညွှန်ကြားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းရှိန် ဦးဆောင်သည့် အဖွဲ့ဝင်များ၊ အလုပ်သမားသံအရာရှိများ၊ ပြည်ပအလုပ်ကိုင်ရှာဖွေရေး အေဂျင်စီများအဖွဲ့ချုပ် (MOEAF) အဖွဲ့တို့နှင့် မြန်မာအလုပ်သမားရေး ဆောင်ရွက်နေကြသည့် လူမှုအဖွဲ့အစည်း အသီးသီးတို့သည် ယနေ့မွန်းလွဲ ၃ နာရီတွင် ဗန်ကောက်မြို့ရှိ Holiday Inn ဟိုတယ်ခန်းမ၌ အစည်းအဝေးတစ်ရပ် ကျင်းပသည်။



အဆိုပါ အစည်းအဝေးပွဲသို့ ဖူးခက်၊ ဆူရတ်ဌာနီ၊ ဖန်ငါ၊ မဟာချိုင်၊ ဗန်ကောက်၊ စမုပရာကန်နှင့် မဲဆောက်မြို့တို့မှ အခြေစိုက်လူမှုအဖွဲ့စည်း ၁၄ ဖွဲ့ တက်ရောက်သည်။

အစည်းအဝေးတွင် လူမှုအဖွဲ့အစည်းများက ထိုင်းနိုင်ငံရောက် မြန်မာအလုပ်သမားရေးရာ ကိစ္စရပ်များ၊ အထောက်အထားမဲ့ မြန်မာအလုပ်သမားများ နေရပ်ပြန်ရေးကိစ္စရပ်များ၊ အိမ်ဖော်အလုပ်သမားကိစ္စရပ်များ၊ MoU စနစ်ဖြင့်ရောက်ရှိလာသည့် မြန်မာအလုပ်သမားကိစ္စရပ်များ၊ မဲဆောက်-မြဝတီ ချစ်ကြည်ရေးတံတားပေါ်မှ နေရပ်ပြန်အလုပ်သမားများထံမှ ဘတ်ငွေ ၁၀၀ ကောက်ခံနေသည့် ကိစ္စရပ်များအပါဝင် ထိုင်းနိုင်ငံရောက် မြန်မာအလုပ်သမားများ၏ သားသမီးများ ပညာရေးကိစ္စရပ်တို့ကို အလုပ်သမားညွှန်ကြားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းရှိန် ဦးဆောင်သည့် အဖွဲ့ဝင်များထံ တင်ပြခဲ့ကြောင်းသိရသည်။

ဆက်လက်၍ လူမှုအဖွဲ့အစည်းအသီးသီးတို့က တင်ပြသည့်အကြောင်းအရာများကို အပြန်လှန်ဆွေးနွေးခဲ့ကြကြောင်း မြန်မာအလုပ်သမားသံရုံးမှ သိရသည်။

**နန္ဒကျော်စွာ၊ လှိုင်ထွန်းအောင်**

# ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်လျက်ရှိသည့် လုပ်ငန်းများအား ဒုတိယဝန်ကြီးများ ကြည့်ရှုစစ်ဆေး

**မောင်တော ဇူလိုင် ၁၅**

ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ရေး ကော်မတီအတွင်းရေးမှူး နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ်၊ တွဲဖက်အတွင်းရေးမှူး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးအောင်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်းတို့ ဦးဆောင်သော အဖွဲ့သည် ရခိုင်ပြည်နယ် အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေး၊ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးနှင့် ပြန်လည်နေရာချထားရေး လုပ်ငန်းကိစ္စရပ်များ ဆောင်ရွက်နေမှုအား ကြည့်ရှုစစ်ဆေးရန် ယနေ့နံနက်ပိုင်းက မောင်တောမြို့သို့ ရောက်ရှိသည်။

ရှေးဦးစွာ ဒုတိယဝန်ကြီးများ ဦးဆောင်သောအဖွဲ့သည် မောင်တောမြို့နယ်ရှိ ကြိမ်ချောင်းတောင်သို့ သွားရောက်၍ အိမ်ရာများ ဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးကာ သတ်မှတ်ကာလအတွင်း အိမ်ရာများ အမြန်ဆောက်လုပ်ပြီးစီးနိုင်ရေး တာဝန်ရှိသူများအား မှာကြားသည်။ ထို့နောက် မောင်တောမြို့နယ်အတွင်း ဂျပန်နိုင်ငံမှ လှူဒါန်းသည့် နေအိမ်အလုံး ၆၀ ဆောက်လုပ်မည့် မြေနေရာကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။



ယင်းနောက် မောင်တောမြို့နယ်ရှိ လောင်းဒုံ-ငါးခူရလမ်းပိုင်းပြင်ဆင်နေမှု အခြေအနေအား စစ်ဆေးပြီး ငါးခူရ ပြန်လည်လက်ခံရေးစခန်းသို့ သွားရောက်ကာ စခန်းတွင် တာဝန်ထမ်းဆောင်နေကြသည့် ဝန်ထမ်းများနှင့် တွေ့ဆုံကာ လိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် ငါးခူရပြန်လည်လက်ခံရေးစခန်းမှ လှဖိုးခေါင်ကြားစခန်းသို့ သွားရောက်ကာ နေအိမ်များ တည်ဆောက်မှု၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ လှူဒါန်းသည့် Modular House များ ဆောက်လုပ်ပြီးစီးမှုနှင့် စခန်းအတွင်း ကျန်းမာရေး ဆေးပေးခန်းဖွင့်လှစ်ထားရှိမှု အခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် မောင်တောမြို့နယ် လှဖိုးခေါင်-ရွှေဇားလမ်းပိုင်း အခြေအနေအား လှည့်လည်ကြည့်ရှု စစ်ဆေးပြီး မောင်တောမြို့ပေါ်ရှိ မြို့မကျောင်းတိုက်သို့ သွားရောက်ကာ တောင်ပြိုလက်ဝဲ နံ့သာတောင် ပရဟိတကျောင်းမှ စာပေသင်ကြားနေသည့် ကျောင်းသား ကျောင်းသူများအား ဆန်အိတ် ၁၂၀၊ ပဲ ပိဿာ ၆၀၀၊ ဆီ ပိဿာ ၁၅၀ ၊ ဆား ပိဿာ ၃၀ ထောက်ပံ့ပေးအပ်ခဲ့သည်။

**ဒုတိယဝန်ကြီးများ ဦးဆောင်သောအဖွဲ့က နံ့သာတောင်ပရဟိတကျောင်းမှ ကျောင်းသား ကျောင်းသူများအား ထောက်ပံ့ပစ္စည်းများ ပေးအပ်စဉ်။**

**သတင်း- မင်းသစ် (MNA)၊ ကိုမင်း၊**
**ဓာတ်ပုံ-မင်းမင်း**

# ပျဉ်းမနားမြို့မှ အလှူရှင်တစ်ဦးပြုလုပ်သော အလှူတွင် လူများသေဆုံးမှုဖြစ်ပေါ်ဟူသည့်သတင်း မှန်ကန်မှုမရှိ ကောလာဟလသာဖြစ်

**နေပြည်တော် ဇူလိုင် ၁၅**

နေပြည်တော်ရှိ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးရှေ့ ဘုရားကွင်းတွင် ကျင်းပသည့် "စိုး" လျှပ်စစ်ဖောင်ဒေးရှင်း ဥက္ကဋ္ဌကြီး ဦးစိုးတင့်၏ (၁) နှစ်ပြည့်လွမ်းဆွတ်ခြင်း အလှူမင်္ဂလာ ကံစမ်းမဲဖောက်ခြင်း အခမ်းအနားတွင် လူသေဆုံးပျက်စီးမှုဖြစ်ပေါ်ဟူသည့် သတင်းမှာ မှန်ကန်မှုမရှိ ကောလာဟလသာဖြစ်ကြောင်း သက်ဆိုင်ရာ ရဲတပ်ဖွဲ့၏ အတည်ပြုပြောကြားချက်အရ သိရသည်။

အဆိုပါအခမ်းအနားကို ဇူလိုင် ၁၅ ရက် နံနက် ၆ နာရီတွင် ကံစမ်းမဲလက်မှတ်များဝေ၍ ယင်းနံနက် ၇ နာရီတွင် ကံစမ်းမဲများ ဖွင့်ဖောက်ကြေညာပေးမည်ဖြစ်ကြောင်း လူမှုကွန်ရက်စာမျက်နှာအချို့တွင် ဖော်ပြပါရှိမှုနှင့်အတူ နေပြည်တော်ကောင်စီနယ်မြေ ရှစ်မြို့နယ်နှင့် ရမည်းသင်း၊ ပျော်ဘွယ်၊ ရေတာရှည်မြို့နယ်၊ ရေနီမြို့များမှ ဒေသခံများပါ ပွဲတော်ကျင်းပမည့် ဥပ္ပါတသန္တိ စေတီတော်မြတ်ကြီးရှေ့ ဘုရားကွင်း၏ အပြင်ဘက် ပလက်ဖောင်းများပေါ်တွင် ယာဉ်၊ ဆိုင်ကယ်များဖြင့် အလှူပွဲမကျင်းပမီ တစ်ရက်လိုဖြစ်သော ဇူလိုင်လ ၁၄ ရက် ညနေ ၅ နာရီကတည်းကစ၍ ကြိုတင်တန်းစီစောင့်ဆိုင်းခဲ့ကြသည်ကို တွေ့ရသည်။

အဆိုပါ စောင့်ဆိုင်းသူများထဲမှ ပျော်ဘွယ်မြို့နယ် မြို့သစ်ရပ်ကွက်မှ ကိုမြင့်လွင်အား မေးမြန်းခဲ့ရာ "လူမှုကွန်ရက်စာမျက်နှာတွင် အလှူရှင်မိသားစုက မော်တော်ယာဉ်တွေနဲ့ ဆိုင်ကယ်တွေ မဲဖောက်ပေးမည်ဟု သတင်းဖတ်ရ၍ မိသားစုလိုက် ဟိုက်ဂျက်ကားစီးလုံးငှားပြီး ယခုလို တစ်ရက်ကြိုလာရောက် တန်းစီခြင်းဖြစ်ပါတယ်" ဟု ပြောသည်။

တစ်ဖန် ရေတာရှည်မြို့နယ် ရန်ကုန်-မန္တလေးကားလမ်းဘေးတွင် နေထိုင်သော အသက် ၄၂ နှစ်ခန့်ရှိ မဇင်မာမြင့်ကလည်း ပျဉ်းမနားဈေးသို့ ဈေးဝယ်လာစဉ် ဗလာမပါ ကံစမ်းမဲဖွင့်ဖောက်ပေးမည်ဖြစ်ကြောင်း သိရ၍ ယခုကဲ့သို့ လာရောက်၍ တန်းစီနေရာယူခြင်းဖြစ်ကြောင်း ပြောကြားသည်။

သက်ဆိုင်ရာက ကြေညာထားသကဲ့သို့ ဇူလိုင် ၁၅ ရက် နံနက် ၆ နာရီတွင် ကံစမ်းမဲလက်မှတ်ဝေ၍ နံနက် ၇ နာရီတွင် ကံစမ်းမဲဖွင့်ဖောက် ကြေညာပေးမည်ဟု ပြောကြားထားသည်မှာ မှန်ကန်သော်လည်း ပွဲတော်ဂိတ်အမှတ် (၁)၌ အမျိုးသမီးတန်းဝင်ပေါက်၊ ဂိတ်အမှတ် (၂)/ (၃) အမျိုးသားတန်းဝင်ပေါက်ဟု သတ်မှတ်ထားကာ ဇူလိုင် ၁၅ ရက် နံနက် ၆ နာရီတွင် ကံစမ်းမဲလက်မှတ်ဝေရန် စီစဉ်ထားမှုအပေါ် နံနက် ၆ နာရီမထိုးခင် နံနက် ၅ နာရီခွဲ၌ ဂိတ်အမှတ် (၂)ရှိ အမျိုးသားဝင်ပေါက်မှ တန်းစီနေသည့် အမျိုးသားများက တံခါးမကြီးကို ဝိုင်းဝန်းတိုးကန်ကြသဖြင့် တံခါးမကြီးပွင့်ကာ လူအုပ်လိုက် ဘုရားကွင်းအတွင်းသို့ ရောက်ရှိခဲ့ရာ ရဲတပ်ဖွဲ့က ကွင်းပြင်ပသို့ ပြန်လည်ထွက်ခွာပေးရန် ပြောကြားခဲ့ရကြောင်း၊ ယင်းသို့တိုးဝှေ့မှုကြောင့် ဦးပေါရင်၊ တည်ပင်ဆိပ်ကျေးရွာ ပျဉ်းမနားနေသူမှာ လူတိုးခံရ၍လဲကျပြီး (မစိုးရိမ်ရ) ဒဏ်ရာရရှိကာ ဦးပေါက်စ သက်နှင်း အေးကျေးရွာ ဇေယျာသီရိမြို့နယ်နေသူမှာ ဒဏ်ရာ(မစိုးရိမ်ရ) ရရှိသဖြင့် ခုတင် ၂၀၀ ပျဉ်းမနား ဆေးရုံသို့ တင်ပို့ကုသခဲ့ရသည်။



**ကံစမ်းမဲဖောက်သည့်နေရာ၌ စုပြုံတိုးဝှေ့နေသည့် လူအုပ်ကြီးကို တွေ့ရစဉ်။**

နံနက် ၆ နာရီတွင် စနစ်တကျ တန်းစီသူများဖြစ်သည့် ဂိတ်အမှတ် (၃) ဝင်ပေါက်မှ အမျိုးသား ၅၀ အား ကံစမ်းမဲလက်မှတ်များဝေပေးပြီး အဆိုပါ ၅၀ ထဲမှ စက်ဘီးကံစမ်းမဲပေါက်သူ တစ်ဦး၊ အခြားဗလာမပါ ကံစမ်းမဲများဖြစ်သော ဓာတ်ဘူး၊ ဒယ်အိုး၊ ဒန်အိုး၊ အသုံးအဆောင်ပစ္စည်းများကို ဖွင့်ဖောက်ပေးခဲ့ကြောင်းနှင့် အလှူမင်္ဂလာပွဲတွင် လူသေဆုံးမှုမရှိဘဲ လူနှစ်ဦး အနည်းငယ်မျှသာ ဒဏ်ရာရရှိခြင်းဖြစ်ကြောင်း၊ လူသေဆုံးမှုရှိဟူသော သတင်းသည်ကောလာဟလသတင်းသာဖြစ်ကြောင်း ပုဗ္ဗသီရိမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးသန်းဌေးအောင်၏ ပြောကြားချက်အရ သိရသည်။

**မင်းမင်းလတ် (မန်းတက္ကသိုလ်)**

# ဖားကန့်မြေပြိုမှုတွင် သေဆုံး၊ ဒဏ်ရာရရှိသူများအား ထောက်ပံ့ ဒဏ်ရာရရှိသူများထဲမှ နှစ်ဦး ထပ်မံသေဆုံး

**ဖားကန့် ဇူလိုင် ၁၅**

ကချင်ပြည်နယ် ဖားကန့်မြို့နယ် လုံးခင်းကျေးရွာအုပ်စု ဆန်ခါကျေးရွာရှိ မဟာအစပထမကုမ္ပဏီ လုပ်ကွက်ဟောင်းအတွင်း ဇူလိုင် ၁၄ ရက် မွန်းလွဲ ၂ နာရီကျော်ခန့်က အမြင့်ပေ ၃၀၀ ခန့်ရှိ ကမ်းပါးယံပြိုကျမှုကြောင့် တစ်ဖက်မျက်နှာချင်းဆိုင် ကမ်းပါးယံတွင် ရေမဆေးကျောက် ရှာဖွေသူများအား ရေလှိုင်းရိုက်မိ၍ နုန်းကန်အတွင်းသို့ ပြုတ်ကျသေဆုံးသူ ၁၅ ဦးနှင့် ဒဏ်ရာရရှိသူ ၄၅ ဦးထိရှိခဲ့ရာ ယနေ့တွင် နုန်းကန်အတွင်းနစ်မြုပ်နေသူများ ကျန်ရှိမရှိ ဆက်လက်ရှာဖွေမှုကို မိုးရွာနေမှုနှင့် အန္တရာယ်ဆက်လက်ဖြစ်ပွားနိုင်သည့် အခြေအနေအရ ရပ်ဆိုင်းထားပြီး ပျောက်ဆုံးစာရင်းစိစစ်မှုများ ထူးခြားမှု မရှိသေးကြောင်း သိရသည်။

ဖြစ်စဉ်တွင် ဒဏ်ရာရရှိသူများအား ဇူလိုင် ၁၄ ရက် ည ၉ နာရီခန့်က ဖားကန့်ဆေးရုံကြီးသို့ လူနာ ၁၃ ဦး၊ မြစ်ကြီးနားဆေးရုံကြီးသို့ လူနာ ၁၉ ဦး လွှဲပြောင်းဆေးကုသမှုခံယူရန် လူမှုကူညီရေး ယာဉ်များဖြင့် ပို့ဆောင်ပေးခဲ့ပြီး လုံးခင်းဆေးရုံတွင် လူနာ ၁၃ ဦး ဆေးဝါးကုသမှုခံယူလျက်ရှိရာ ယနေ့တွင် လုံးခင်းဆေးရုံမှ လူနာနှစ်ဦး ဆင်းသည့်အတွက် လူနာကိုးဦး ဆက်လက်ကုသမှုခံယူလျက်ရှိပြီး ဖားကန့်ဆေးရုံကြီးတွင် လူနာနှစ်ဦးဆင်း၊ လူနာနှစ်ဦးအား မြစ်ကြီးနားဆေးရုံကြီးသို့ ထပ်မံလွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိ လူနာကိုးဦး ဆေးဝါးကုသမှုခံယူလျက်ရှိသည်။

မြစ်ကြီးနားဆေးရုံကြီးသို့ ပို့ဆောင်ကုသမှုခံယူစေသည့် စုစုပေါင်းလူနာ ၂၁ ဦးထဲမှ ယနေ့တွင် လူနာနှစ်ဦး ထပ်မံသေဆုံးသွားကြောင်း ဆက်လက်သိရှိရရာ ကမ်းပါးယံပြိုကျမှုဖြစ်စဉ်ကြောင့် သေဆုံးသူပေါင်း ၁၇ ဦးအထိ ရှိလာခဲ့ပြီဖြစ်သည်။

မြို့နယ်အုပ်ချုပ်ရေးမှူး၏ စီစဉ်မှုဖြင့် ကနဦးထောက်ပံ့ငွေများအဖြစ် သေဆုံးသူ ၁၇ ဦးအား နာရေးထောက်ပံ့ငွေတစ်ဦးလျှင် ငွေကျပ်သုံးသိန်းနှုန်းဖြင့် စုစုပေါင်း ၅၁ သိန်း၊ ဖားကန့်ဆေးရုံကြီးမှ လူနာ ကိုးဦးနှင့် လုံးခင်းဆေးရုံမှ လူနာ ၁၁ ဦးအား တစ်ဦးလျှင်ငွေကျပ် တစ်သိန်းနှုန်းဖြင့် စုစုပေါင်း ငွေ ကျပ် သိန်း ၂၀၊ မြစ်ကြီးနားဆေးရုံကြီးသို့ ပို့ဆောင်ကုသမှုခံယူလျက်ရှိသူ လူနာ ၁၉ ဦးအား တစ်ဦးလျှင်ငွေ ကျပ် တစ်သိန်းနှုန်းအပြင် မဟာအစပထမကုမ္ပဏီကလည်း တစ်ဦးလျှင် ငွေကျပ် တစ်သိန်းနှုန်း စုစုပေါင်း ငွေကျပ် ၃၈ သိန်းတို့ကို ကူညီထောက်ပံ့ခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# ညောင်ဦးမြို့နယ်၌ သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွားမှုများရှိသော်လည်း သေဆုံးသူမရှိ

**ညောင်ဦး ဇူလိုင် ၁၅**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်အတွင်း ယခုနှစ် ဖေဖော်ဝါရီလမှ ဇွန်လအထိ သွေးလွန်တုပ်ကွေးရောဂါပိုးတွေ့ရှိသည့်လူနာ ၇၉ ဦးရှိခဲ့ပြီး အဆိုပါလူနာများအား အချိန်နှင့် တစ်ပြေးညီ ဆေးဝါးကုသပေးနိုင်ခဲ့၍ သေဆုံးမှုမရှိကြောင်း မြို့နယ်ကျန်းမာရေးဦးစီးမှူး ဒေါက်တာဌေးလွင်ထံမှ သိရသည်။

"ကျွန်တော်တို့ ညောင်ဦးမြို့နယ် ကျန်းမာရေးဦးစီးဌာနအနေနဲ့ ယခုနှစ်မှာ မိုးရာသီကာလ သွေးလွန်တုပ်ကွေးရောဂါ ကင်းဝေးစေရေးအတွက် ဇန်နဝါရီလက စပြီး အပတ်စဉ် စနေနေ့တိုင်း ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းနှင့် အဘိတ်ဆေးခတ်ခြင်း လုပ်ငန်းတွေ၊ ကျန်းမာရေးအသိပညာပေးလုပ်ငန်းတွေကို မြို့ပေါ်ရပ်ကွက်ခုနစ်ခုမှာ အဖွဲ့နှစ်ဖွဲ့နဲ့ ဆောင်ရွက်လျက်ရှိပါတယ်။ မြို့နယ်အတွင်းရှိ ကျေးရွာပေါင်း ၂၂၆ ရွာကို ကျေးလက်ကျန်းမာရေးဌာနခွဲခြောက်ခုက ပုံမှန်ဆောင်ရွက်ပေးနေတာ ဖြစ်ပါတယ်" ဟု ဒေါက်တာဌေးလွင်က ပြောသည်။

ယခုနှစ်အတွင်း ဖေဖော်ဝါရီလမှ ဇွန်လအထိ သွေးလွန်တုပ်ကွေးရောဂါပိုး တွေ့ရှိသည့် လူနာ ၇၉ ဦး တွေ့ရှိသဖြင့် အဆိုပါလူနာများအား အချိန်မီကုသဆောင်ရွက်ပေးနိုင်မှုကြောင့် အသေအပျောက်မရှိခဲ့ဘဲ အားလုံးကျန်းမာရေး ပြန်လည်ကောင်းမွန်သွားပြီဖြစ်ကြောင်း မြို့နယ်ကျန်းမာရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာဌေးလွင်ထံမှ သိရသည်။

**ရဲဝင်းနိုင် (ညောင်ဦး)**

# ချို့တဲ့နွမ်းပါး ကျောင်းသားများအား ထောက်ပံ့ရန် ပညာရေးဖောင်ဒေးရှင်း ဖွဲ့စည်း

**တောင်ငူ ဇူလိုင် ၁၅** -တောင်ငူမြို့နယ်အတွင်းရှိ ဟိန္ဒူနွယ်ဝင် လယ်သမားများနှင့် လက်လုပ်လက်စား မိသားစုဝင်များ၏ ကျောင်းနေအရွယ်ကလေးများ ပညာရေးအတွက် အထောက်အပံ့ ဖြစ်စေရန် ပညာရေးဖောင်ဒေးရှင်းတစ်ခုကို ဇူလိုင် ၁၅ ရက် နံနက်ပိုင်းက တောင်ငူမြို့ ကန်လမ်းကျောင်း၌ ကျင်းပရာ သဘာပတိ ဦးကျော်လှ (သမာဓိ)က အမှာစကားပြောကြားသည်။

အခမ်းအနားတွင် ဦးမောင်မြ(ဥက္ကဋ္ဌ၊ မြို့နယ်ဟိန္ဒူကောင်စီ)နှင့် ဆရာကစ် (ရွှေပြည်သစ်စာသင်ဝိုင်း)တို့က အကြံပြုဆွေးနွေးကာ အလုပ်အမှုဆောင်အဖွဲ့နှင့် ဆပ်ကော်မတီအသီးသီးတို့ ဖွဲ့စည်းလိုက်ကြသည်။ အခမ်းအနားသို့ တက္ကသိုလ်ဆရာ ဆရာမများ၊ ကျောင်းသားမိဘများနှင့် ဧည့်သည်တော်များ တက်ရောက်ကြကြောင်း သိရသည်။ **ကျော်လှ(တောင်ငူ)**

# ကမ္ဘာတွင်တစ်ယောက် ထွန်းတောက်သည့် ယောကျ်ားအာဇာနည်

**ဒေါက်တာအောင်သန်းဝင်း(အရှေ့တိုင်းပညာ)**



တိုင်းပြည်တစ်ပြည်၏ လွတ်လပ်ရေးဖိသုကာ၊ အမျိုးသားခေါင်းဆောင်ဆိုသည်မှာ လွန်စွာရှားပါးလှသည်။ ခေါင်းဆောင်တိုင်း၊ သူရဲကောင်းတိုင်းလည်း အမျိုးသားခေါင်းဆောင် မဖြစ်ပါ။ ပြည်သူတစ်ရပ်လုံးက ချစ်ခင်လေးစားပြီး ပြည်သူတို့ နှလုံးသားထဲမှ ယုံယုံကြည်ကြည်နှင့် လက်ခံအသိအမှတ်ပြုထားမှသာ နိုင်ငံ့ခေါင်းဆောင်၊ အမျိုးသားခေါင်းဆောင် ဖြစ်သည်။ ဗိုလ်ချုပ်အောင်ဆန်းသည် မြန်မာ့လွတ်လပ်ရေးကို လက်ရုံးရည်၊ နှလုံးရည်အပြည့်နှင့် တိုက်ပြီးတစ်မျိုး၊ ဆွေးနွေးပြီးတစ်ဖုံ အရယူခဲ့သူဖြစ်၍ လွတ်လပ်ရေးဖခင်ဟုလည်းကောင်း၊ နှစ်ပေါင်းတစ်ရာကျော် ဆုံးရှုံးခဲ့ရသော မြန်မာ့လွတ်လပ်ရေးအတွက် မိမိအသက်ကို စတေးကာ ဦးဆောင် ဦးရွက်ပြုပြီး ပြန်လည်ရယူပေးနိုင်သောကြောင့် လွတ်လပ်ရေးဗိသုကာဟု လည်းကောင်း အသိအမှတ်ပြုခြင်းခံရသည်။ နယ်ချဲ့တို့၏ သွေးခွဲမှုကြောင့် တွေဝေနေသော၊ သူတစ်လူ ငါတစ်မင်းဖြစ်နေသော တောင်ပေါ်မြေပြန့် တိုင်းရင်းသား လူမျိုးစုများကို အမျိုးသားသွေးစည်း ညီညွတ်ရေး အောင်လံတော်အောက်အရောက် ပို့ပေးနိုင်ခဲ့သူဖြစ်၍လည်း အမျိုးသားခေါင်းဆောင်ဟု အသိအမှတ်ပြုခံရခြင်း ဖြစ်သည်။

**တက္ကသိုလ်ကျောင်းသားဘဝ**

ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး၏ဖခင်၊ လွတ်လပ်ရေးဗိသုကာကြီးဖြစ်သော ဗိုလ်ချုပ်အောင်ဆန်းကို သက္ကရာဇ် ၁၂၇၆ ခု တပေါင်းလဆန်း ၁ ရက် (၁၉၁၅ ခု ဖေဖော်ဝါရီ ၁၃ ရက်) စနေနေ့တွင် မကွေးခရိုင် နတ်မောက်မြို့၌အဖ အမိန့်တော်ရရှေ့နေ ဦးဖာ၊ အမိဒေါ်စုတို့မှ ဖွားမြင်သည်။ အသက် ခုနစ်နှစ်အရွယ်တွင် နတ်မောက်မြို့ ဆရာတော်ဦးသောဘိတ၏ကျောင်းတွင် ပညာသင်၍ အသက် ၁၄ နှစ်အရွယ်တွင် ရေနံချောင်းမြို့ အမျိုးသားအထက်တန်းကျောင်းသို့ ကူးပြောင်းသင်ကြားသည်။ အသက် ၁၈ နှစ်အရွယ် ၁၉၃၂ ခုနှစ်တွင် အထက်တန်းပညာကို အောင်မြင်ပြီး ထိုနှစ် ဇွန်လ၌ ရန်ကုန်တက္ကသိုလ်သို့ ရောက်ရှိသည်။ ၁၉၃၅ ခုနှစ်တွင် တက္ကသိုလ်သမဂ္ဂ အမှုဆောင်အဖြစ်လည်းကောင်း၊ သမဂ္ဂမှ ထုတ်ဝေသော အိုးဝေစာစောင်တွင် စာတည်းအဖြစ်လည်းကောင်း ဆောင်ရွက်သည်။ ၁၉၃၆-၁၉၃၇ ခုနှစ်တွင် တက္ကသိုလ်ကျောင်းသားသမဂ္ဂ ဒုတိယဥက္ကဋ္ဌအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရပြီး ၁၉၃၇-၁၉၃၈ ခုနှစ်တွင် မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂဥက္ကဋ္ဌအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရပြန်သည်။ ဤသို့ ကျောင်းသားရေးရာများကို မဆုတ်မနစ် ရှေ့ဆောင်ဦးရွက် ဆောင်ရွက်ခဲ့ပြီးနောက် ၁၉၃၈ ခုနှစ်တွင် မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂဥက္ကဋ္ဌအဖြစ်မှ နုတ်ထွက်လိုက်သည်။

**သခင်ဘဝ**

ထို့နောက် ဗိုလ်ချုပ်အောင်ဆန်းသည် ဦးနုနှင့်အတူ တို့ဗမာအစည်းအရုံးသို့ တစ်ရက်တည်း ဝင်လိုက်ကြ၏။ ထိုသို့ တို့ဗမာအစည်းအရုံးသို့ ဝင်လိုက်ခြင်းသည် ကိုအောင်ဆန်းအတွက် စွန့်လွှတ်မှုများစွာ ပေးဆပ်လိုက်ရခြင်းဖြစ်သည်။ တက်လက်စ ဥပဒေတန်းကို စွန့်လွှတ်လိုက်ရသည်။ သူမြတ်နိုးသော တက္ကသိုလ်ကျောင်းသားလောကမှ လုံးဝထွက်လိုက်ရသည်။ ထိုအချိန်က သခင်ပေါက်စ၊ ထောင်ခြောက်လ ဟူ၍ နာမည်ကြီးနေချိန်လည်း ဖြစ်သည်။

သခင်အောင်ဆန်းသည် တို့ဗမာအစည်းအရုံး အထွေထွေအတွင်းရေးမှူး ဖြစ်လာချိန်တွင် မြန်မာပြည်ကြီး နယ်ချဲ့လက်အောက်မှ လွတ်မြောက်ရန် အမြဲကြံစည်တွေးတောနေသည်။ ဖြစ်နိုင်သည့်အချက်များကို အမြဲလိုလို ရှာဖွေနေလေ့ရှိသည်။ မြန်မာပြည်ကြီး သူ့ကျွန်ဘဝက လွတ်မြောက်ရေးမှလွဲ၍ အခြားသောစိတ် သူ့မှာ မရှိ။ လွတ်လပ်ရေးရရန်သာ အဓိကဖြစ်နေ၏။ ဆင်းရဲပြတ်လပ်လိုက်သည်မှာလည်း အမြဲလိုလိုပင်။ ထမင်းစားရန် ငွေကြေးတစ်ပြားမှမရှိ။ တစ်စုံတစ်ယောက်က လာကျွေးလျှင် ထစားတတ်ပြီး မကျွေးလျှင် ရေသောက် ဗိုက်မှောက်နေ၏။ သို့ရာတွင် တစ်ကြိမ်တစ်ခါမျှ မညည်းညူခဲ့ပေ။ တစ်ခါတစ်ရံ တစ်နေ့လုံးနေ၍ ထမင်းတစ်နပ်မှ မစားရ။ အမှန်တကယ် အငတ်ငတ်၊ အပြတ်ပြတ် လုပ်ကိုင်ရ၏။ ထို့ကြောင့်လည်း သခင်များကို လူထုက ချစ်ခင်၊ လေးစား၊ မြတ်နိုးတန်ဖိုးထားကြခြင်းဖြစ်သည်။

**ရဲဘော်သုံးကျိပ်**

သခင်အောင်ဆန်းသည် ၁၉၄၀ ပြည့်နှစ်တွင် ဗမာ့ထွက်ရပ်ဂိုဏ်း၏ အထွေထွေအတွင်းရေးမှူး ဖြစ်လာ၏။ ထိုအချိန်က ဟသ်ာတ ဒေါင့်ကြီးရွာတွင် သခင်အောင်ဆန်း၏ ဟောပြောချက်ကို မနှစ်မြို့၍ ခရိုင်ရဲဝန် ဇေးဗီးယားက ဖမ်းဝရမ်းထုတ်ရာ ရှောင်တိမ်းနေရ၏။ ရှောင်တိမ်းနေစဉ် သွားတုတပ်ကာ တရုတ်သင်္ဘောသားဟန်ဆောင်၍ တရုတ်အကူအညီရရန် တရုတ်ပြည်သို့ ထွက်ခွာသွား၏။ သို့သော် တရုတ်နှင့်အဆက်အသွယ်မရဘဲ ဂျပန်နှင့် အဆက်အသွယ်ရကာ စစ်ပညာသင်ယူရန် မြန်မာလူငယ်များအား လာရောက်ခေါ်ယူပြီး ရဲဘော်သုံးကျိပ်နှင့်အတူ ဂျပန်ပြည်၌ စစ်ပညာသင်ယူခဲ့ကြသည်။ စစ်ပညာကို ခက်ခက်ခဲခဲ ပင်ပင်ပန်းပန်း ကြမ်းကြမ်းတမ်းတမ်း သင်ယူခဲ့ရသည်။ ၁၉၄၁ ခုနှစ် ဒီဇင်ဘာလတွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ရဲဘော်သုံးကျိပ်နှင့်အတူ ဗမာ့လွတ်လပ်ရေး တပ်မတော်ကို ဖွဲ့စည်းလိုက်သည်။ ထို့နောက် ဂျပန်တပ်များနှင့်အတူ မြန်မာပြည်တွင်း ပြန်လည်ဝင်ရောက်လာကာ အင်္ဂလိပ်တို့အား မောင်းထုတ်ခဲ့ကြသည်။

**ဖက်ဆစ်တော်လှန်ရေး**

သို့သော် ဂျပန်စစ်တပ်သည် လွတ်လပ်ရေးပေးမည်ဟူသော ကတိကို ဖောက်ဖျက်ရုံသာမက ပြည်သူအပေါင်းတို့အား ညှဉ်းပန်းနှိပ်စက်မှုများပြုသဖြင့် ဗိုလ်ချုပ်အောင်ဆန်းသည် ဖက်ဆစ်တို့အား တိုက်ထုတ်ရန် ဆုံးဖြတ်လိုက်တော့သည်။ ထို့နောက် ၁၉၄၅ ခုနှစ် မတ်လ ၁၇ ရက်နေ့တွင် ရန်ကုန်မြို့ တော်လှန်ရေးပန်းခြံ၌ စစ်ထွက်အခမ်းအနား ကျင်းပသည်၊ စစ်ရေးပြအခမ်းအနားကြီးတွင် ရန်ကုန်မြို့သူ မြို့သားနှစ်သောင်းကျော်တို့ လာရောက်အားပေးခဲ့ကြသည်။ အဓိပတိ ဒေါက်တာဘမော်နှင့် ဗိုလ်ချုပ်အောင်ဆန်းတို့ မိန့်ခွန်းပြောကြသည်။ ဗိုလ်ချုပ်၏ သမိုင်းဝင်စစ်ထွက်မိန့်ခွန်းမှာ-

**“ရဲဘော်တို့ ... အကျယ်ချဲ့ပြီး ရှည်ရှည်ဝေးဝေးမပြောချင်ဘူး၊ အခု စစ်မြေပြင်ကို ထွက်ရမယ်၊ ဆင်းရဲမယ်၊ ငတ်မယ်၊ အခက်အခဲတွေရင်ဆိုင်ရမယ်၊ ဗမာပီပီ ဗမာ့သွေးကိုပြပါ၊ အထက်ဗိုလ်များရဲ့အမိန့်ကို နာခံကြပါ၊ အထက်ဗိုလ်တွေကလည်း သာတူညီမျှ ရဲဘော်စိတ်ထားပါ၊ ရဲဘော်တို့ကို ကတိပေးထားတဲ့အတိုင်း ကျုပ်ကိုယ်တိုင် ရဲဘော်တို့နဲ့အတူ ချီတက်မယ်၊ ဗမာ့ရန်သူကို ချေမှုန်းကြ။ အနီးကပ်ဆုံးရန်သူကို ချေမှုန်းကြ**”ဟူ၍ဖြစ်သည်။

**ဗိုလ်ချုပ်ဒေါသထွက်သောနေ့**

တစ်ဖန် ဗိုလ်တာရာရေးသည့် ဗိုလ်ချုပ်ဒေါသထွက်သောနေ့ ဆောင်းပါးတွင်လည်း ဗိုလ်ချုပ်၏ ရဲရဲတောက်မိန့်ခွန်းတစ်ခုကို အောက်ပါအတိုင်း တွေ့ရသည်။

“မင်းတို့မှတ်ထား၊ ငါတို့တပ်မတော်ဟာ ပြည်သူလူထုရဲ့ သားသမီးဆိုတာ။ ကြည့်လိုက်စမ်း။ တို့ပြည်သူလူထုတွေဟာ စစ်ဘေးစစ်ဒဏ် သင့်ပြီး တစ်ဖက်က ငပုတွေက တွေ့ကရာဆွဲယူ အနိုင်ကျင့်ချင်တိုင်း အကျင့်ခံနေရတဲ့ဘဝမှာ မင်းတို့လိုအကောင်တွေက ဇိမ်ခံချင်နေတယ်။ ကားသစ်ကြီးတွေ စီးချင်တယ်။ ဒုက္ခရောက်နေတဲ့ ပြည်သူလူထုထက် အခွင့်အရေးပိုယူချင်ကြတယ်။ အစားကောင်းတွေ ဖိစားချင်တယ်။ လူထုက ဝတ်စရာ ပုဆိုးအင်္ကျီမရှိတဲ့ဘဝမှာ မင်းတို့လို အလိုက်ကန်းဆိုးမသိတဲ့ အကောင်မိုက်တွေက စစ်ဝတ်စုံအကောင်းတွေ ဝတ်ချင်ကြတယ်။ မှတ်ထား။ ဒီလိုစိတ်မျိုး အမြင်မျိုး အကျင့်မျိုးတွေရှိသမျှ ငါမျှော်မှန်းလာတဲ့ ပြည်သူ့တပ်မတော်နဲ့တော့ ဝေးပါသေးတယ်ကွ။ ရှက်စရာ သိပ်ကောင်းတယ်။ မင်းတို့ ပြည်သူလူထုအတွက် စစ်တိုက်နေတယ်ဆိုတာ အလကားပဲ။ လုံးဝအဓိပ္ပာယ်မရှိတော့ဘူး။ မှတ်ထား။ ငါ့တပ်ထဲမှာ အခွင့်အရေးယူချင်တဲ့အကောင် တစ်ယောက်မှ မရှိရဘူး။ မပါစေရဘူးကွ။ လူထုငတ်ရင် တို့အားလုံး ငတ်ရမယ်။ လူထုဆင်းရဲရင် တို့ရဲဘော်တွေအားလုံး ဆင်းရဲရမယ်။ ငါလည်း ဆင်းရဲရမယ်။ ငါတို့တစ်တွေ တည်ဆောက်ခဲ့တဲ့ တပ်မတော်ကြီးဟာ ဒီဝါဒ၊ ဒီလိုအမိန့်နဲ့ ချီတက်ဖို့ အရေးကြီးတယ်”ဟူ၏။

ထို့နောက် ဗမာ့တပ်မတော်ကြီးနှင့်တကွ တစ်ပြည်လုံးကို ခေါင်းဆောင်လျက် ၁၉၄၅ ခုနှစ် မတ် ၂၇ ရက်တွင် ဖက်ဆစ်ဂျပန်တို့အား အတိအလင်း စစ်ကြေညာ၍ တော်လှန်ခဲ့ပြီးလျှင် လူထုကြီးတစ်ရပ်လုံးကို ဖက်ဆစ်တို့၏ ကြမ်းကြုတ်ရက်စက်မှုဘေးမှ ကယ်တင်ပေးလိုက်သည်။

ဖက်ဆစ်ဂျပန်များ ဆုတ်ခွာထွက်ပြေးကြပြီးနောက် ဗြိတိသျှတပ်များ ဝင်ရောက်လာပြန်ရာ ဗြိတိသျှတို့သည် မြန်မာပြည်ကို ကျွန်သက်ရှည်စေမည့် စက္ကူဖြူစာတမ်းကို ယူလာကြပြန်သည်။ ဗိုလ်ချုပ်အောင်ဆန်းသည် ဖက်ဆစ်ဂျပန်တို့ကို တော်လှန်ခဲ့သော ဖ၊ ဆ၊ ပ၊ လ ခေါ် ဖက်ဆစ်တိုက်ဖျက်ရေး ပြည်သူ့လွတ်လပ်ရေး အဖွဲ့ချုပ်ကြီးကို အမျိုးသားတပ်ပေါင်းစုကြီးအဖြစ် ပြန်လည်ဖွဲ့စည်းလိုက်သည်။ ထို့နောက် လွတ်လပ်ရေးအောင်လံကြီးကို လွှင့်ထူ၍ လွတ်လပ်ရေး တိုက်ပွဲကြီး ဆင်နွှဲပြီး ယာယီကြားဖြတ် အစိုးရအဖွဲ့သို့ ဝင်ရောက်ဆောင်ရွက်လေသည်။ ဗြိတိသျှ တို့ထံ လွတ်လပ်ရေး အဆက်မပြတ် တောင်းဆိုရာ ၁၉၄၆ ဒီဇင်ဘာ ၂၀ ရက်နေ့တွင် လန်ဒန်သို့ ဖိတ်ကြားခြင်းခံရပြီး ၁၉၄၇ ခုနှစ် ဇန်နဝါရီ ၂ ရက်တွင် လန်ဒန်သို့သွားရောက်လေသည်။

**အောင်ဆန်း-အက်တလီ စာချုပ်**

ဗိုလ်ချုပ်အောင်ဆန်းသည် ပြည်သူလူထုအား အသင့်ရှိစေရန် “ခါးတောင်းကျိုက်မဖြုတ်ကြနှင့်”ဟုမှာကြားပြီးနောက် ဗြိတိသျှ အစိုးရ၏ ဖိတ်ခေါ်ချက်အရ လန်ဒန်မြို့ကို သွားရောက်ကာ လွတ်လပ်ရေးအတွက် အရေးဆို၍ အောင်ဆန်း-အက်တလီ စာချုပ်ကို ချုပ်ဆိုခဲ့ပြီး တစ်နှစ်အတွင်း လွတ်လပ်ရေးရရမည်ဟူသော ရဲရဲတောက်ကတိကြီးကို ပြည်သူလူထုအားပေးလေသည်။ ထို့နောက် ပင်လုံတွင် တစ်ပြည်ထောင်လုံးညီညွတ်ရေးကို မြဲခိုင်စွာ အုတ်မြစ်ချပြီးနောက် တစ်နိုင်ငံလုံး ကိုယ်စားလှယ်များပါဝင်သော တိုင်းပြုပြည်ပြုလွှတ်တော်ကြီးကို ရွေးကောက်ဖွဲ့စည်း၍ ကမ္ဘာက ချီးကျူးရသည့် ဒီမိုကရေစီအုတ်မြစ် အခြေခံရှိသော ပြည်ထောင်စု မြန်မာနိုင်ငံတော် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကြီးကို ရေးဆွဲခဲ့လေသည်။

ဤသို့ ပြည်သူလူထုကြီးတစ်ရပ်လုံးကို လမ်းပြ ခေါင်းဆောင်လျက် မိမိ၏ အသက်စည်းစိမ်ကို မြူတစ်ခြမ်းမျှ ပမာမပြုဘဲ ပြည်သူလူထုအကျိုး၊ ပြည်ထောင်စုကြီးအကျိုးကိုသာ ရှေးရှုပြီး တစ်မိနစ်၊ တစ်စက္ကန့် ရပ်နားခြင်းမရှိ၊ အပြင်းအထန် ကြိုးပမ်းဆောင်ရွက်နေဆဲမှာပင် ၁၉၄၇ ဇူလိုင် ၁၉ ရက်နေ့၌ နယ်ချဲ့လက်ပါးစေ မသမာသူ လူတစ်စု၏လက်ချက်ဖြင့် ပြည်သူလူထုဖခင်ကျေးဇူးရှင်၊ မြန်မာ့တပ်မတော်ဖခင်၊ မြန်မာ့ခေါင်းဆောင်၊ အာရှတိုက် သူရဲကောင်း၊ မြန်မာ့လွတ်လပ်ရေးဗိသုကာကြီး၊ အာဇာနည်အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းသည် လုပ်ကြံခံရပြီး ကျဆုံးသွားခဲ့လေသည်။

**အာဇာနည်စိတ်ဓာတ်**

ဗိုလ်ချုပ်အောင်ဆန်းသည် ကိုယ်ကျိုးမဖက် အနစ်နာခံခြင်း၊ စွန့်လွှတ်အနစ်နာခံခြင်း၊ တိုင်းပြည်အတွက် အရိုးကြေကြေ အရေခန်းခန်း အသက်ကိုပင်ပဓာနမထားဘဲ ရှပ်ရှပ်ချွံချွံ ဆောင်ရွက်ခြင်း၊ အမှန်တရားအတွက် လူထုရှေ့ထွက်၍ မားမားမတ်မတ် ရပ်တည်ပေးခြင်း၊

*စာမျက်နှာ ၁၀ သို့*

**“ဗိုလ်ချုပ်အောင်ဆန်းသည် ကိုယ်ကျိုးမဖက် အနစ်နာခံခြင်း၊ စွန့်လွှတ်အနစ်နာခံခြင်း၊ တိုင်းပြည်အတွက် အရိုးကြေကြေ အရေခန်းခန်း အသက်ကိုပင် ပဓာနမထားဘဲ ရှပ်ရှပ် ချွံချွံဆောင်ရွက်ခြင်း၊ အမှန်တရားအတွက် လူထုရှေ့ထွက်၍ မားမားမတ်မတ် ရပ်တည်ပေးခြင်း၊ တာဝန်ခံပေးခြင်း၊ အရာရာကို လမ်းညွှန်ပြသဦးဆောင်နိုင်ခြင်း၊ ပြည်သူလူထု၏ အကျိုးစီးပွားတိုးတက်အောင် ဆောင်ရွက်ပေးခြင်း၊ အကျင့်စာရိတ္တနှင့် ပြည့်စုံခြင်း၊ စည်းကမ်းလိုက်နာခြင်းစသော အရည်အချင်းများနှင့် ပြည့်စုံသူဖြစ်”**

# ၂၀၁၉ ခုနှစ် မတ်လတွင် ကျင်းပမည့် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ပြောင်းလဲအသုံးပြုမည့် ဘောဂဗေဒဘာသာရပ် နမူနာမေးခွန်းပုံစံ (၂)

၂၀၁၉ ခုနှစ် မတ်လတွင်ကျင်းပမည့် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ပြောင်းလဲအသုံးပြုမည့် ဘာသာရပ်အလိုက် မေးခွန်းပုံစံသစ်နှင့် စပ်လျဉ်း၍ အသိပေးဖော်ပြချက်များကို သတင်းစာများတွင် ၂၀၁၈ ခုနှစ်၊ မေ ၂ ရက်မှ မေ ၁၀ ရက်အထိ ထုတ်ပြန်ခဲ့ပြီး ဖြစ်ပါသည်။

ယခုထပ်မံ၍ ၂၀၁၉ ခုနှစ် မတ်လတွင် ကျင်းပမည့် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ပြောင်းလဲအသုံးပြုမည့် ဘာသာရပ်အလိုက် နမူနာမေးခွန်းပုံစံများကို သတင်းစာများတွင် ထုတ်ပြန်သွားမည်ဖြစ်ပါသည်။

(နမူနာမေးခွန်းပုံစံများကို ပညာရေးဝန်ကြီးဌာန၏ Website ဖြစ်သော www.moe.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါကြောင်း အသိပေးအပ်ပါသည်။)

**နမူနာမေးခွန်းပုံစံ**
**၂၀၁၉ ခုနှစ်**
**တက္ကသိုလ်ဝင်စာမေးပွဲ**
**မြန်မာနိုင်ငံစာစစ်ဦးစီးဌာန**

**ဘောဂဗေဒ** **ခွင့်ပြုချိန် (၃) နာရီ**

**မေးခွန်းအားလုံးဖြေဆိုပါ။**

၁။ (က) အောက်ပါဖော်ပြချက်များကို **မှား** သို့မဟုတ် **မှန်** ဖြေဆိုပါ။ **(၅မှတ်)**

၁။ နိုင်ငံတစ်နိုင်ငံတွင် လူတို့သည် ရှိနေသောအင်အားစုများကို အကောင်းဆုံးအသုံးချ၍ လိုအင်ဆန္ဒများအားလုံးကို ဖြည့်ဆည်းနိုင်သည်။
၂။ ဝယ်လိုအားမပြောင်းလဲသည့်အခြေအနေတွင် ထုတ်လုပ်မှုနည်းပညာတိုးတက်လာခြင်းသည် အားမျှဈေးနှုန်းကို ကျဆင်းစေသည်။
၃။ ဘက်ညီဝင်ငွေစီးဆင်းမှုရှိလျှင် စီးပွားရေးအဆောက်အအုံတွင် မတည်ငြိမ်မှုများ ဖြစ်ပေါ်နိုင်သည်။
၄။ တိုင်းပြည်၏ သွင်းကုန်နှင့် ပို့ကုန်များအပေါ်တွင် ကောက်ခံသောအခွန်များသည် တိုက်ရိုက်ခွန်အမျိုးအစားတွင် ပါဝင်သည်။
၅။ အပြည်ပြည်ဆိုင်ရာကုန်သွယ်ရေးသည် အပြည်ပြည်ဆိုင်ရာစီးပွားရေးဆက်သွယ်မှု၏အခြေခံဖြစ်သည်။

(ခ) အောက်ပါဖော်ပြချက်များအတွက် ပေးထားသောအဖြေ (က) (ခ) (ဂ) များမှအဖြေမှန်ကို အဖြေစာအုပ်တွင် ရေးပါ။ **(၅ မှတ်)**

၁။ ဝယ်လိုအား၏ဈေးနှုန်းအလျော့အတင်းကို ပြဋ္ဌာန်းသောအချက် များတွင် (က) ကုန်ကျစရိတ် (ခ) အစားထိုးနိုင်မှုအတိုင်းအတာ (ဂ) နည်းပညာတိုးတက်မှုသည် တစ်ခုအပါအဝင်ဖြစ်သည်။
၂။ ပြန်းတီးမှုတန်ဖိုးနုတ်ပြီးသော ဝင်ငွေသည် (က) အမှန်ဝင်ငွေ (ခ) ငွေကြေးဝင်ငွေ (ဂ)အသားတင်ဝင်ငွေ ဖြစ်သည်။
၃။ ဈေးနှုန်းများတက်လာခြင်းကြောင့် ပုံမှန်ဝင်ငွေရရှိသူများ၏ (က)ငွေကြေးဝင်ငွေ (ခ) အမှန်ဝင်ငွေ (ဂ) အမည်ခံဝင်ငွေ ကျဆင်းမည်။
၄။ အစိုးရ၏ ငွေလုံးငွေရင်းရငွေများသည် (က) ပြန်ဆပ်ရန်မလိုသည့်ရငွေများ (ခ) အတိုးမရှိ ပြန်ဆပ်ရသောရငွေများ (ဂ) အတိုး နှင့်တကွ ပြန်ဆပ်ရသောရငွေများ ဖြစ်သည်။
၅။ နိုင်ငံတစ်နိုင်ငံသည် နိုင်ငံခြားငွေရန်ပုံငွေများ ထားရှိခြင်းကြောင့် (က) သွင်းကုန်တန်ဖိုး (ခ) ပို့ကုန်တန်ဖိုး (ဂ) ထုတ်ကုန်တန်ဖိုး တိုးတက်လာသည့်အခါ အသုံးပြုနိုင်သည်။

(ဂ) အောက်ပါကွက်လပ်များတွင် ဖြည့်စွက်ရမည့်အဖြေများကို အဖြေစာအုပ်တွင်ရေးပါ။ **(၁၀မှတ်)**

၁။ ———— ကျင့်သုံးရခြင်း၏ အဓိကရည်မှန်းချက်မှာ နိုင်ငံ၏ လူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ဈေးကွက်ကို လက်နက်ကိရိယာတစ်ရပ်အဖြစ် အသုံးပြုရန်ဖြစ်သည်။
၂။ ငွေကြေးဈေးကွက်တွင်ငွေစုဘဏ်များ၊ ———— ၊ အာမခံကုမ္ပဏီများပါဝင်သည်။
၃။ မရှိမဖြစ်လိုအပ်သော ———— ၏ ဝင်ငွေအလျော့အတင်းသည် သုညအလျော့အတင်းရှိမည် ဖြစ်သည်။
၄။ ကုန်စည်တစ်ခု၏ ———— သည် သွင်းအားစုများ၏ စရိတ်၊ ထုတ်လုပ်မှုနည်းပညာနှင့်ထုတ်လုပ်မှုအခြေအနေတို့ပေါ်တွင် မူတည် သည်။
၅။ ထုတ်လုပ်မှု၏ ထုတ်ကုန်တန်ဖိုးအပိုင်းသာလျှင် ———— နှင့်တူညီသည်။
၆။ ကူးသန်းရောင်းဝယ်ရေးဘဏ်များအားလုံးသည် သတ်မှတ်ထားသောအနည်းဆုံး ———— ကို ဗဟိုဘဏ်တွင်ထားရန် တာဝန်ရှိသည်။
၇။ တိုင်းပြည်ဝင်ငွေတွက်ချက်ရာတွင် ပုံသေဈေးနှုန်းများကို အသုံးပြု ခြင်းဖြင့် များ၏ ထုတ်လုပ်မှုတန်ဖိုးအမှန်ပြောင်းလဲမှုကို သိရှိနိုင်သည်။
၈။ ရသုံးမှန်းခြေငွေစာရင်း၏ သာမန်ရငွေများနှင့် သာမန်အသုံးစရိတ်များ တူညီနေလျှင် ———— ဟုခေါ်သည်။
၉။ ငွေကြေးသည်တန်ဖိုးတိုင်းတာသည့် ကိရိယာအဖြစ် ဆောင်ရွက်ခြင်းကြောင့် တစ်နည်းအားဖြင့် ငွေကြေးသည် ———— အဖြစ် ဆောင်ရွက်ပေးသည်ဟုလည်း ဆိုနိုင်သည်။
၁၀။ နည်းပညာ တိုးတက်ပြောင်းလဲလာမှုကြောင့် ———— တွင် ကုန်စည်အမယ်အသစ်များ ပါဝင်လာသည်။

၂။ အောက်ပါတို့အနက်မှ **(၁၀)** ခု၏ အဓိပ္ပာယ်ကိုဖော်ပြပါ။ **(၂၀ မှတ်)**

| | |
|---|---|
| ၁။ ကုန်စည် | ၇။ ချက်လက်မှတ် |
| ၂။ ထုတ်ကုန်ဈေးကွက် | ၈။ ဈေးကစားရန်အတွက် ငွေကြေးဝယ်လိုအား |
| ၃။ တစ်ဦးချင်းရောင်းလိုအား | ၉။ အရင်းတန်ဖိုးတိုးခွန် |
| ၄။ အစားထိုးထုတ်ကုန် | ၁၀။ အခငွေ |
| ၅။ ပုံသေဈေးနှုန်း | ၁၁။ ငွေတန်ဖိုးမြှင့်ခြင်း |
| ၆။ လွှဲပြောင်းပေးငွေ | ၁၂။ စုပုံရှင်းရောင်းချခြင်း |

၃။ အောက်ပါတို့အနက်မှနှစ်သက်ရာ (၂) ခုကိုမှတ်စုရေးပါ။ **(၂၀ မှတ်)**

၁။ ဝယ်လိုအား၏ ဝင်ငွေအလျော့အတင်း
၂။ ကုန်ထွက်နှင့်ထုတ်ကုန်တို့၏ သဘော
၃။ ငွေကြေးပေါ်ပေါက်လာပုံ
၄။ နိုင်ငံခြားမှရောင်းသူနှင့်ဝယ်သူတို့အပေါ် မှီခိုအားပြုနေရခြင်း

၄။ (က) အခြေခံအကျဆုံး စီးပွားရေးပြဿနာကိုဖော်ပြပြီး ယနေ့ကမ္ဘာပေါ်တွင် ဖြစ်ထွန်းပေါ်ပေါက်နေသော စီးပွားရေးစနစ်အမျိုးမျိုးကို ရှင်းလင်းဖြေဆိုပါ။ **(၂၀မှတ်)**

**(သို့မဟုတ်)**

(ခ) အပြည်ပြည်ဆိုင်ရာကုန်သွယ်မှု၏ ကောင်းကျိုးများကို ရှင်းလင်းဖြေဆိုပါ။

၅။ အောက်ပါတို့အနက်မှ နှစ်သက်ရာ (၂) ခုကို ဖြေဆိုပါ။ **(၁၀×၂)မှတ်**

(က) နိုင်ငံတစ်နိုင်ငံ၏ ကုန်ထုတ်အင်အားစုများအားလုံးကို စွမ်းဆောင်ရည်ပြည့်ဝစွာအသုံးပြုပြီး နှစ်တစ်နှစ်အတွင်း ထုတ်လုပ်နိုင်သည့်ကုန်စည် A နှင့် ကုန်စည် B အတွဲအမျိုးမျိုးကို အောက်ပါဇယားတွင် ဖော်ပြထားသည်။

**ထုတ်လုပ်နိုင်မှုအခြေပြဇယား**

| အမှတ်စဉ် | ကုန်စည် A (ယူနစ်) | ကုန်စည် B (ယူနစ်) |
|---|---|---|
| က | ၀ | ၅၀၀၀ |
| ခ | ၁၀၀ | ၄၈၅၀ |
| ဂ | ၂၀၀ | ၄၂၀၀ |
| ဃ | ၃၀၀ | ၃၂၅၀ |
| င | ၄၀၀ | ၂၂၅၀ |
| စ | ၅၀၀ | ၀ |

၁။ ၎င်းဇယားမှ ထုတ်လုပ်နိုင်မှုအခြေပြမျဉ်းကွေးကို ရေးဆွဲပါ။
၂။ အမှတ်စဉ် (ဂ) မှအမှတ်စဉ် (ဃ) သို့ကုန်စည် A ကို တိုး၍ထုတ်လုပ်မည်ဆိုပါက ကုန်စည် A ၏ အခွင့်အလမ်းစရိတ်ကို တွက်ချက်သုံးသပ်ပြပါ။

(ခ) နိုင်ငံတစ်နိုင်ငံ၏ ၂၀၁၅၊ ၂၀၁၆ နှင့် ၂၀၁၇ ခုနှစ်များ၏ ပို့ကုန်ဈေးဆနှုန်းကိန်းနှင့် သွင်းကုန်ဈေးဆနှုန်းကိန်းတို့ကို အောက်ပါဇယားတွင်ဖော်ပြထားသည်။ (၂၀၁၅ ခုနှစ်မှာ အခြေခံနှစ်ဖြစ်သည်။)

| ခုနှစ် | ပို့ကုန်ဈေးဆနှုန်းကိန်း | သွင်းကုန်ဈေးဆနှုန်းကိန်း |
|---|---|---|
| ၂၀၁၅ | ၁၀၀ | ၁၀၀ |
| ၂၀၁၆ | ၁၄၀.၅ | ၁၂၀.၅ |
| ၂၀၁၇ | ၁၁၀ | ၁၂၀ |

၁။ ဖော်ပြပါနှစ်များ၏ ကုန်ဖလှယ်မှုအချိုးကို တွက်ချက်ပါ။
၂။ ကုန်ဖလှယ်မှုအချိုး ပြောင်းလဲခြင်းများကို သုံးသပ်ပြပါ။

(ဂ) အကယ်၍ငွေကြေးပမာဏ M သည် (၅၀၀၀)ကျပ်၊ ဈေးနှုန်း P သည် (၂၅၀) ကျပ်နှင့်ကုန်စည်အရေအတွက် T သည် (၄၅၀) ဖြစ်ပါက
၁။ အပေးအယူပြုလုပ်သည့်တန်ဖိုး R နှင့် ငွေကြေးလည်ပတ်မှုအရှိန် Vကို ရှာပါ။
၂။ ငွေကြေးပမာဏ M သည် (၁၀) ရာခိုင်နှုန်း၊ ကုန်စည်အရေအတွက် T သည် (၂၀) ရာခိုင်နှုန်းတိုးနေပြီး
(က) ငွေကြေးလည်ပတ်မှုအရှိန် V သည်ပုံသေဖြစ်ပါက ငွေကြေးပမာဏ M၊ ဈေးနှုန်း P နှင့် ကုန်စည်အရေအတွက် T တို့ကိုရှာပါ။
(ခ) ငွေကြေးလည်ပတ်မှုအရှိန် V သည် (၂၅) သို့ ပြောင်းသွားပါက ဈေးနှုန်း P ကို ရှာပါ။

---

*စာမျက်နှာ ၉ မှ အဆက်*

တာဝန်ခံပေးခြင်း၊ အရာရာကို လမ်းညွှန်ပြသ ဦးဆောင်နိုင်ခြင်း၊ ပြည်သူလူထု၏ အကျိုးစီးပွား တိုးတက်အောင် ဆောင်ရွက်ပေးခြင်း၊ အကျင့်စာရိတ္တနှင့် ပြည့်စုံခြင်း၊ စည်းကမ်းလိုက်နာခြင်း စသောအရည်အချင်းများနှင့် ပြည့်စုံသူဖြစ်သည်။ ဒုက္ခရောက်မည့် မိမိနိုင်ငံသားများ၏ အသက်၊ အိုးအိမ်၊ စည်းစိမ်၊ ချမ်းသာမှုများ ရရှိစေရေးအတွက် မိမိအသက်ကို ပဓာနမထားဘဲ အသေခံကယ်တင်သော ဗိုလ်ချုပ်၏ အာဇာနည်စိတ်ဓာတ်သည် မြင့်မြတ်လှပေ၏။

ဗိုလ်ချုပ်သည် မြန်မာတွင်သာမက ကမ္ဘာသိ ထင်ရှားကျော်ကြားသော ခေါင်းဆောင်ဖြစ်သည်။ ဗိုလ်ချုပ်သည် နိုင်ငံနှင့်လူမျိုးအတွက် စံပြ မျိုးချစ်ခေါင်းဆောင်ဖြစ်သည်။ ရိုးသားသည်။ သတ္တိရှိသည်။ မျိုးချစ်စိတ်ဓာတ် ပြင်းထန်သည်။

ငွေမမက်၊ အာဏာမမက်၊ တစ်ကိုယ်ကောင်းမဆန်စသည့် လက်ရုံးရည်သာမက နှလုံးရည်လည်း ပြည့်စုံသူဖြစ်သည်။ ကျွန်တော်တို့ ချစ်ခင်၊ မြတ်နိုး၊ တန်ဖိုးထားရသော ဗိုလ်ချုပ်ကို မွေးဖွားသန့်စင်ခဲ့သည်မှာ နှစ်ပေါင်း ၁၀၃ နှစ်ပြည့်ပြီဖြစ်သည်။ ဗိုလ်ချုပ်ရယူပေးခဲ့သော လွတ်လပ်ရေးအသီးအပွင့်များ၊ ဗိုလ်ချုပ်၏ ရိုးသားပွင့်လင်းမှုများ၊ စွန့်လွှတ်အနစ်နာခံမှုများ၊ မျိုးချစ်စိတ်ဓာတ် ရင့်သန်ခိုင်မာမှုများ၊ အမျိုးဂုဏ်၊ ဇာတိဂုဏ်ထိန်းသိမ်းမှုများ၊ အမျိုးသားစည်းလုံးညီညွတ် ရေးအတွက် တည်ဆောက်ပေးခဲ့မှုများသည် လာမည့်နှစ် ထောင်သောင်းချီ၍ သမိုင်းတွင် ကျန်ရစ်နေမည် ဖြစ်သည်။

## မြန်မာပြည်မှ အောင်ဆန်း

"နယ်ချဲ့လက်အောက်မှ လွတ်မြောက်လုဆဲ အာရှနိုင်ငံများကို မှန်ကန်သောခေါင်းဆောင်မှုပေးနိုင်သူမှာ မြန်မာပြည်မှ အောင်ဆန်းသာ ဖြစ်သည်ဟု အိန္ဒိယလွတ်လပ်ရေးခေါင်းဆောင်ကြီး ဂျဝါဟာလာနေရူးက ယုံကြည်သည်"ဟု သမီးဖြစ်သူ အင်ဒီရာဂန္ဒီက ဗိုလ်ထွန်းလှ (တက္ကသိုလ်နေဝင်း) အား ပြန်ပြောခဲ့သည်ဟု ဖတ်ရှုရပါသည်။ ဗိုလ်ချုပ်လုပ်ကြံခံရသောအခါ Not Burma, but Asia has lost a great leader ဟု Forum မဂ္ဂဇင်းက ကောက်ချက်ချခဲ့သည်။

သမိုင်းပညာရှင် ဒေါက်တာဂျီအိတ်ချ်လုစ် က ဗိုလ်ချုပ်ကို "မြန်မာ့သမိုင်းတွင် ကျန်စစ်သားပြီးလျှင် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို လက်နက်မပါဘဲ ပထမဆုံးစွမ်းဆောင်နိုင်သူ"ဟု ဆိုခဲ့သည်။ ကိုယ်ကျိုးမဖက်သော၊ အများအတွက် စွန့်လွှတ်အနစ်နာခံဝံ့သော ဗိုလ်ချုပ်၏ စွမ်းဆောင်ရည်မြင့်မားမှုကြောင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို ဆုပ်ဆုပ်ပိုင်ပိုင်၊ ထူးထူးခြားခြား ရရှိခဲ့ခြင်းသာမက လုံးဝလွတ်လပ်ရေးကိုပါ ရရှိခဲ့ခြင်းဖြစ်သည်။

## လူသေသော်လည်း နာမည်မသေ

တိုင်းပြည်နှင့်လူမျိုးအတွက် အသက်ပေးဆပ်ကြသူများ၊ အများအကျိုး သယ်ပိုးကြသူများသည် လူပင်သေသော်လည်း နာမည်မသေသူများ ဖြစ်ကြသည်။ ထိုသို့သော သူများကို အချိန်ကာလ မည်မျှပင်ကြာမြင့်ပါစေ တိုင်းပြည်နှင့်ပြည်သူလူထုက မေ့နိုင်ကြမည်မဟုတ်ပါ။ အမြဲသတိရလျက် လွမ်းဆွတ်၊ တမ်းတနေကြမည်သာ ဖြစ်သည်။ ထိုပုဂ္ဂိုလ်များထဲတွင် ဗိုလ်ချုပ်အောင်ဆန်းသည် ထိပ်ဆုံးမှ ပါဝင်သည်။

ဗိုလ်ချုပ်အောင်ဆန်းသည် သာမန်ထက် လက်ရုံးရည်၊ နှလုံးရည် ထူးကဲသာလွန်၍ အများအကျိုးအတွက် သက်စွန့်ကြိုးပမ်းဆောင်ရွက်သူ၊ မတစ်ထောင်တစ်ကောင်ဖွား မြန်မာ့ဇာနည်ဘွား ဖြစ်သည်။ အာဇာနည်ခေါင်းဆောင်ကြီး ဗိုလ်ချုပ် အောင်ဆန်း၏ အရည်အသွေး၊ စိတ်ဓာတ်၊ ကြိုးပမ်းမှု၊ စွန့်လွှတ်အနစ်နာခံမှု သတ္တိထူးတို့ကား နိုင်ငံ့တာဝန် ယူနေကြဆဲနှင့် ဆက်၍ တာဝန်ယူကြဦးမည့် မျိုးဆက်သစ်များအတွက် စံနမူနာပြလျက်ရှိသည်။ တိုင်းပြည်နှင့် လူမျိုး အကျိုးဖြစ်ထွန်းစေမည့်အတွေးမှန်၊ အမြင်မှန်၊ လမ်းကြောင်းမှန်ကို လမ်းပြနေဆဲဖြစ်၏။

မြန်မာ့လွတ်လပ်ရေးအတွက် လက်ရုံးရည်၊ နှလုံးရည်တို့ဖြင့် ခေါင်းဆောင်ခဲ့သူ ဗိုလ်ချုပ်ကား နိုင်ငံရေးအပြင် စီးပွားရေး၊ နိုင်ငံတကာဆက်ဆံရေးတို့တွင်လည်း ကျွမ်းကျင်သူဖြစ်၏။ သက်ရှိထင်ရှားရှိစဉ်က ပြောကြားခဲ့သော မိန့်ခွန်းများကိုကြည့်လျှင် ကာကွယ်ရေး၊ တိုင်းရင်းသားစည်းလုံး ညီညွတ်ရေး၊ နိုင်ငံပြန်လည်ထူထောင်ရေးတို့အတွက် လုပ်ဆောင်သင့်သည်များကို အမြော်အမြင်ရှိရှိဖြင့် သုံးသပ်ပြောကြားထားသည်များကို တွေ့နိုင်ပေသည်။ ထို့ကြောင့် ဗိုလ်ချုပ်အောင်ဆန်းသည် ကမ္ဘာတွင် တစ်ယောက်ထွန်းတောက်သည့် ယောကျ်ားအာဇာနည် ဖြစ်ပေတော့သည်။ ။

# “ဝိုင်းကြီးချုပ် စပွန်ဆာ ”ရုပ်ရှင်ဇာတ်ကား ဇူလိုင် ၂၀ ရက်မှစတင်၍ မြန်မာတစ်နိုင်ငံလုံးရှိ အဆင့်မြင့်ရုပ်ရှင်ရုံကြီးများတွင် ပြသမည်

ရန်ကုန် ဇူလိုင် ၁၅

လူစွမ်းကောင်း ရုပ်ရှင်ထုတ်လုပ်ရေးက စီစဉ်သည့် “ဝိုင်းကြီးချုပ် စပွန်ဆာ” ရုပ်ရှင်ဇာတ်ကား စာနယ်ဇင်းအကြိုမိတ်ဆက်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၇ နာရီခွဲက ရန်ကုန်မြို့ သမ္မတအဆင့်မြင့်ရုပ်ရှင်ရုံ၌ ပြသခဲ့ပြီး ဇူလိုင် ၂၀ ရက်မှစတင်၍ မြန်မာတစ်နိုင်ငံလုံးရှိ အဆင့်မြင့်ရုပ်ရှင်ရုံကြီးများတွင် ပြသသွားမည်ဖြစ်ကြောင်း သိရသည်။


ဒါရိုက်တာ ဩရသ


သရုပ်ဆောင် ခန့်စည်သူ


သရုပ်ဆောင် ခင်လှိုင်


သရုပ်ဆောင် ဂွမ်းပုံ


သရုပ်ဆောင် ကျော်ကျော်

အဆိုပါ ဇာတ်ကားကို ဒါရိုက်တာ ဩရသ က ရိုက်ကူးထားခြင်းဖြစ်ပြီး မိသားစုချင်း ချစ်ခင်စည်းလုံးရန်၊ အချစ်ကိစ္စကို ဦးတည်ချက် လွဲမှားစွာထားမိပါက မိသားစုများအကြား ဒုက္ခဆင်းရဲဖြစ်တတ်ပုံ၊ အချစ်စစ် အချစ်မှန်ဟူသည် မည်သို့ ပင်ခွဲပါစေ ပေါင်းစည်းရတတ်ကြောင်း စသည့် ရည်ရွယ်ချက်များဖြင့် ရယ်ရွှင်ဖွယ် ရိုက်ကူးထားခြင်းဖြစ်သည်။

ယင်းရုပ်ရှင်ဇာတ်ကားတွင် ခန့်စည်သူ၊ ဇေရဲထက်၊ ခင်လှိုင်၊ ကျော်ကျော်၊ စိုးမြတ်သူဇာ၊ ရွှေမှုံ့ရတီ၊ တက္ကသိုလ် ဂွမ်းပုံတို့နှင့် အခြားသော အနုပညာရှင်များစွာဖြင့် ပုံဖော်ထားပြီး ယနေ့ခေတ်ကာလတွင် ဖြစ်လေ့ဖြစ်ထရှိသော လူမှုကွန်ရက်စာမျက်နှာ (ဖေ့ဘွတ်)ပေါ်မှတစ်ဆင့် တစ်ဦးနှင့်တစ်ဦး ချိတ်ဆက်ကာ တွေ့ဆုံမှုများ၊ ထိုသို့တွေ့ဆုံရာ အထင်နှင့်အမြင် ကွဲလွဲနေမှုများနှင့် နောက်ဆက်တွဲပြဿနာများ၊ မိမိကိုယ်တိုင် ကြိုးစားမှုမရှိဘဲ သူတစ်ပါး၏ အကူအညီကို အလွယ်တကူ ရယူမှုတို့ကြောင့် လူမှုဘဝတွင် ဖြစ်လေ့ဖြစ်ထရှိသော အခြေအနေများကို အဓိကအခြေခံကာ ရိုက်ကူးထားသော အချစ်ဟာသဇာတ်ကားဖြစ်သည်။

ဒါရိုက်တာ ဩရသက“ယနေ့ခေတ် လူတွေကြားထဲမှာ စပွန်ဆာဆိုပြီး အပြောများနေတဲ့ အတွက် အခုလိုရိုက်ဖြစ်ခဲ့တာပါ။ အဓိက ကတော့ ကိုယ့်ဟာကိုယ် ကြိုးစားရပ်တည်မှုထက် နောက်လူရဲ့ အထောက်အပံ့တစ်ခုရှိရင် ကိုယ်အောင်မြင်မယ်ဆိုတဲ့ ခံယူချက်ရှိတဲ့သူတွေကို နည်းနည်းလေး သရော်ချင်တာပါ။ တကယ်တော့ လူတွေအားလုံးဟာ ဒီလို စပွန်ဆာတွေယူပြီး ပြေလည်သွားကြလားဆိုတော့ မပြေလည်ကြပါဘူး။ ဒီ စပွန်ဆာဆိုတဲ့အထဲမှာ အပေးတွေ၊ အယူတွေ လုပ်ကြပြီး စပွန်ဆာသံသရာထဲမှာပဲ လည်ပြီးတော့ ဘဝတွေက နစ်မွန်းကြရတာတွေကို ကျွန်တော်က တင်ပြထားတာပါ။ တကယ်တမ်းကျတော့ ဘဝမှာ မိမိကိုယ်သာ အားကိုးရာဖြစ်ပါတယ်။ ဒီဇာတ်ကားလေးဟာ ပရိသတ်တွေကို ပျော်ရွှင်မှုတွေပေးပါလိမ့်မယ်။ ဇူလိုင် ၂၀ ရက်နေ့ ရုံတင်တဲ့အချိန်ကျရင် လာရောက်အားပေးကြပါ”ဟု ပြောသည်။

သရုပ်ဆောင် ခန့်စည်သူက “ဒီဇာတ်ကားက ဟာသကားဆိုပေမယ့် ဇာတ်လမ်းနဲ့သွားတဲ့ ဇာတ်ကားတစ်ကားပါ။ ဒီကားလေးကနေ ကျွန်တော်တို့ပေးချင်တဲ့ အကြောင်းအရာကတော့ လူတစ်ယောက်အနေနဲ့ ကိုယ်နဲ့ထိုက်တန်တဲ့ နေရာ၊ ကိုယ်နဲ့ထိုက်တန်တဲ့ အခွင့်အရေး၊ ကိုယ်နဲ့ ထိုက်တန်တဲ့အရာလောက်ကိုပဲ မှန်းသင့်ပါတယ်။ တကယ်လို့များ ကိုယ်နဲ့ မထိုက်တန်တဲ့ အခွင့်အရေးတွေ လိုချင်မိပြီ ဆိုရင်တော့ မတော်လောဘ ဖြစ်တတ်တယ်ဆိုတဲ့ အကြောင်းလေးတွေကို ပေးထားတာပါ”ဟု ပြောသည်။

သရုပ်ဆောင် ခင်လှိုင်က “ဒီဇာတ်ကားထဲမှာတော့ လူမိုက်တစ်ယောက်ပေါ့။ မဂွမ်းခိုင်းတာအားလုံးလိုက်လုပ်ရတယ်။ တစ်ယောက်နဲ့တစ်ယောက် စပွန်ဆာတွေ ဘယ်လိုပေးကြတယ်။ မသိဘဲနဲ့ တစ်ယောက်နဲ့တစ်ယောက် ဖေ့ဘွတ်မှာတွေ့ကြတယ်။ နောက်ပိုင်းမှာ ဇာတ်တွေ ရှုပ်ကုန်တဲ့ အချစ်ဟာသ ဇာတ်ကားလေးပါ။ ဖေ့ဘွတ်က တချို့အဖြစ်အပျက်လေးတွေကို အခြေခံထားတာပါ” ဟုပြောသည်။

သရုပ်ဆောင် တက္ကသိုလ်ဂွမ်းပုံက “အခုခေတ်စားနေတဲ့ ဖေ့ဘွတ်ကနေ မလိုလားအပ်တဲ့ အကြောင်းအရာတွေဖြစ်ပေါ်နေတာတွေရှိတယ်။ အဲဒီအကြောင်းတွေကို ရိုက်ပြထားတာပါ။ နောက်တစ်ခုကတော့ အပျော်အပျော်နဲ့ ဟိုဘက်လိမ်လိုက်၊ ဒီဘက်လိမ်လိုက်နဲ့ အချစ်ဇာတ်လမ်းတွေမှာဆိုရင်လည်း နှစ်ပင်တွေလိမ်ပြီး မလိုလားအပ်တဲ့ အချစ်ဇာတ်လမ်းတွေ ဖြစ်တတ်တယ်ဆိုတာ ပရိသတ်ကို ပညာပေးထားတာပါ။ အတုယူတတ်မယ်ဆိုရင် တကယ်ကောင်းပါတယ် ”ဟု ပြောသည်။

သရုပ်ဆောင် ကျော်ကျော်က “ကျွန်တော်ကတော့ ကြံ့ဒိုးဆိုတဲ့ ဇာတ်ကောင်နေရာကနေ ပါဝင်သရုပ်ဆောင်ရတာပါ။ ရိုးသားတဲ့သူတွေလို သာမန်နည်းလမ်းနဲ့ ပိုက်ဆံမရှာဘဲနဲ့ ဖြတ်လမ်းသဘောမျိုးနဲ့ ပိုင်းလုံးပုံစံလုပ်ပြီး ငွေညှစ်တဲ့ ဇာတ်ကောင်နေရာကနေ သရုပ်ဆောင်ရတာပါ။ အဲဒါကို ဟာသလေးတွေနဲ့ ရိုက်ထားတာပါ လူမှုပတ်ဝန်းကျင်မှာ ဖြစ်ပျက်တတ်တဲ့ သဘောလေးတွေကို ရိုက်ကူးထားတာ ဖြစ်တဲ့အတွက် ပရိသတ်တွေ ကြည့်သင့်တဲ့ ဇာတ်ကားကောင်းလေးတစ်ကား ဖြစ်ပါတယ်။ ဒီဇာတ်ကားကနေ သင်ခန်းစာတွေရလိမ့်မယ်လို့ မြင်ပါတယ်”ဟု ပြောသည်။

ဇာတ်လမ်း အကျဉ်းအနေဖြင့် သမီးတစ်ယောက်နှင့် မုဆိုးဖိုတစ်ဦးဖြစ်သူ ကုမ္ပဏီပိုင်ရှင် ဦးလှမြင့်မိုရ်သည် မော်လီဟုခေါ်သော တောင့်တောင့်ဖြောင့်ဖြောင့် သူ့အတွင်းရေးမှူးမကြီးကို ကြိုက်နှစ်သက်နေသည်။

လက်ဆောင်များ မသိမသာပေးပြီး ချဉ်းကပ်သော်လည်း မော်လီက စိတ်မဝင်စား၊ သူ့တွင် ယောကျ်ားက ထောင်ထဲမှာ၊ ရှေ့တစ်ပတ်တွင် လွတ်တော့မည်ဆိုသဖြင့် ဦးလှမြင့်မိုရ်၏ မေတ္တာဇာတ်လမ်းက တုံးတိတိနှင့် ပြီးခဲ့ရပြီး တစ်ကိုယ်တည်း အထီးကျန်နေသော ဦးလှမြင့်မိုရ်က ဖေ့ဘွတ်ချက်ကောင့်မှ သူ့ကိုလာဟိုင်းသော ဂျွန်ဆိုသူအား အလေးပေးမိသည်။ ဂျွန်က လှမြင့်မိုရ်ဆိုသူကို အဘွားကြီး ထင်ခြင်းဖြစ်သည်။ ဂျွန် တကယ်ချစ်မိသည်က ပိုမို ဆိုသူ မိန်းကလေး။ ပိုမိုနှင့်အပြင်တွင် ချိန်းတွေ့ရန် ငွေမရှိဖြစ်နေသည်။ ဂျွန်က ပိုမိုနှင့် လှမြင့်မိုရ်ကို ချိန်းသည်။ လှမြင့်မိုရ်ကို သူ့အဆောင်လခပေးစရာ မရှိသဖြင့် ငွေတစ်သိန်းပေးဖို့ ပူဆာသည်။ လှမြင့်မိုရ်က ဇွန်ဟုရေးထားသော အကောင့်မှ မိန်းကလေးဟုထင်ကာ ပေးမှာဟုဆိုသည်။ ဂျွန်က လှမြင့်မိုရ်နှင့် ပိုမိုတို့နှစ်ဦးလုံးကို ဆိုင်ကောင်းကောင်း နီးနီးကပ်ကပ်ရှိသော ဆိုင်နှစ်ဆိုင်သို့ ချိန်းလိုက်သည်။ တစ်ကယ်ဆုံကြတော့ နှစ်ယောက်လုံး မိန်းကလေးထင်ထားကြပြီး ယောကျ်ားများဖြစ်နေကြသဖြင့် ကမောက်ကမ ဖြစ်ကြရသည်။




ဂျွန်တွင် သူငယ်ချင်းတစ်ဦးရှိသည်။ ၎င်းသူငယ်ချင်းက ကြံ့ဒိုး၊ သူက ပေါ့ပေါ့နေ ပေါ့ပေါ့စားနေသော်လည်း သူဌေးဖြစ်ဖို့ အိပ်မက်အမြဲမက်နေသည်။ ငွေရမည်ဆိုက ဘာမဆိုလုပ်ဖို့ ဝန်မလေး၊ ဒါက စီးပွားရေးသဘော၊ သူချစ်နေသူက လမ်းထိပ် ကွမ်းယာဆိုင်မှ မီးကျီ၏တူမ အေးပုဆိုသူဖြစ်သည်။

မီးကျီကို အသက်ပေးကြိုက်မည့်သူက ဗိုးသားလေး၊ ဗိုးသားလေးက မီးကျီကိုချစ်သည်။ မီးကျီက ကွမ်းယာဆိုင် ဖွင့်ထားသော်လည်း တစ်ဖက်တစ်လမ်းက ငွေတိုး ချေးစားသည်။ ငွေတိုးမဆပ်သူများက သူ့ကိုရန်ဖြစ်နပန်းသတ်လာသောအခါ သူ့ကိုတစ်ဖက်သတ်ကြိုက်နေသော ဗိုးသားလေးကို လူမိုက်ပုံသဏ္ဍာန်သွင်းတော့သည်။ ဗိုးသားလေးကို တစ်ကိုယ်လုံး အရုပ်ထိုးပေးသည်။ ငွေတိုးမပေးသူများကို ဗိုးသားလေးက ခါးနှင့်လိုက်သည်။ သို့နှင့် ဗိုးသားလေး ကလည်းရပ်ကွက်ထဲတွင် ခါးလူမိုက် ဗိုးသားလေးဟု နာမည်ကြီးလာသည်။

တစ်နေ့တွင် ဂျွန်နှင့် ဦးလှမြင့်မိုရ် တစ်ခါပြန်ဆုံသည်။ ဦးလှမြင့်မိုရ်ထံပို့သော ပစ္စည်းနှင့် လမ်းထိပ်စတိုးဆိုင်မှ အရုပ်မ မှားပို့ပြီး ပြဿနာတက်ကြပြန်သည်။ ဂျွန့်ချစ်သူ ပိုမိုက ဦးလှမြင့်မိုရ် သမီး၊ ဦးလှမြင့်မိုရ်က ပိုမို၏ချစ်သူသည် ဂျွန်ဟု သိရသောအခါ မကွဲကွဲအောင်ခွဲဖို့ လူမိုက်ငှားပြီး သတ်ခိုင်းသည်။

ထိုသို့ဖြင့် စပွန်ဆာနှင့် မိမိတို့ ကြိုက်နှစ်သက်နေကြသူများကြားတွင် အမျိုးမျိုး ဗျာများနေကြရသည့် ဖြစ်ရပ်များ၊ ချစ်သူ၏ စေခိုင်းမှုကြောင့် ငှက်ပျောသီးနှင့် လူလိုက်သတ်နေသူတစ်ဦး၏ အမှုအရာများ၊ စပွန်ဆာကြောင့် တစ်ဦးနှင့်တစ်ဦးအကြား အပြန်အလှန် ဗျာများကြရပုံ စသည့်အဖြစ်အပျက်များကို အခြေခံကာ ပျော်ရွှင်ဖွယ်ဖြစ်အောင် ရိုက်ကူးထားသည့် ဇာတ်ကားကောင်းတစ်ကား ဖြစ်သည်။

**သတင်း-ဇော်ကြီး၊ ဓာတ်ပုံ-ဖေဇော်**

## မြစိမ်းရောင်ကျေးရွာစီမံကိန်းအကောင်အထည်ဖော်ရေး ချေးငွေထုတ်ချေးမှု ကွင်းဆင်းစစ်ဆေး

**သီပေါ ဇူလိုင် ၁၅**

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြစိမ်းရောင်ကျေးရွာ အရင်းမပျောက် လည်ပတ်ရန်ပုံငွေစီမံကိန်း ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အထိ (၅၁)ယူနစ်၊ ကျေးရွာပေါင်း ၅၀ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ နမ့်ရမ်းကျေးရွာအုပ်စု နမ့်ရမ်းကျေးရွာ မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ရေး ကော်မတီမှ ပဉ္စမအကြိမ်မြောက် ပြန်လည်ထုတ်ချေးငွေ ၃၉၇ သိန်းအား အိမ်ထောင်စု ၆၀ သို့ ထုတ်ချေးမှုအခြေအနေများနှင့် စာရင်းဇယားထိန်းသိမ်းဆောင်ရွက်မှုအခြေအနေများကို ကျေးလက်ဒေသမြို့နယ်ဦးစီးမှူး ဒေါ်နှင်းယဉ်ဝင်းနှင့် တာဝန်ရှိသူများက ဇူလိုင်လ ဒုတိယပတ်တွင် ကွင်းဆင်းကြီးကြပ်ဆောင်ရွက်ခဲ့သည်။

အဆိုပါ နမ့်ရမ်းကျေးရွာသည် ၂၀၁၆-၂၀၁၇ ခု ဘဏ္ဍာရေးနှစ်မှ စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပြီး စီမံကိန်းလည်ပတ်ရန်ပုံငွေဖြင့် ကျေးလက်နေပြည်သူများ လိုအပ်သော အရင်းအနှီးများကို အတိုးနှုန်းသက်သာစွာဖြင့် လုပ်ငန်းများ တိုးချဲ့ဆောင်ရွက်နိုင်ခြင်းကြောင့် ဒေသခံပြည်သူများ ဝင်ငွေတိုးလာသည့်အပြင် ယခင်က လက်လုပ်လက်စားလုပ်ကိုင်သူများအတွက်လည်း တစ်ပိုင်တစ်နိုင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရောင်းဝယ်ရေးလုပ်ငန်းများ လုပ်ကိုင်လာနိုင်ကာ မိသားစုဝင်ငွေတိုးပွားလာခြင်းကြောင့် ကျေးလက်နေပြည်သူများအတွက် မြစိမ်းရောင်ကျေးရွာ အရင်းမပျောက် လည်ပတ်ရန်ပုံငွေစီမံကိန်းသည် ဆင်းရဲမှုလျှော့ချရေးလမ်းစဉ်အတွက်များစွာ အထောက်အကူပြုသော စီမံကိန်းဖြစ်ကြောင်း သိရသည်။

**စိုင်း(သီပေါ)**

## ကံမမြို့နယ်၌ တောင်သူဦးကြီးများအား မျိုးသန့်မျိုးစေ့နှင့် ဓာတ်မြေသြဇာပေးအပ်

**ကံမ ဇူလိုင် ၁၅**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန သရက်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ တောင်သူများအား မျိုးသန့်မျိုးစေ့နှင့် ဓာတ်မြေသြဇာပေးအပ်ပွဲကို ဇူလိုင် ၁၄ ရက် က ကံမမြို့နယ် မြို့မစိုက်ပျိုးရေးပညာပေးရေးစခန်း၌ ပြုလုပ်ခဲ့ရာ ခရိုင်ဦးစီးမှူး ဒေါ်ခင်မာအေးက စိုက်ပျိုးရေးဆိုင်ရာများ ဆွေးနွေးပြောကြားပြီး တောင်သူများ သိလိုသည်များကို ပြန်လည်ရှင်းလင်းပြောကြားသည်။

ထို့နောက် ကံမမြို့နယ်ဦးစီးမှူး ဦးဇော်မင်းနိုင်က အကျိုးဆောင်တောင်သူများအား မျိုးစေ့နှင့် ဓာတ်မြေသြဇာပေးအပ်ရခြင်းရည်ရွယ်ချက် ဆွေးနွေးပြောကြားကြောင်း သိရသည်။

**မြင့်နိုင်(ပြည်)**

## မှတ်သားဖွယ်ရာမိုးရေချိန်

**နေပြည်တော် ဇူလိုင် ၁၅**

မှတ်သားဖွယ်ရာမိုးရေချိန်များမှာ သံတွဲမြို့တွင် ၄ ဒသမ ၆၅ လက်မ၊ ထားဝယ်မြို့တွင် ၄ ဒသမ ၄၅ လက်မ၊ လောင်းလုံးမြို့တွင် ၄ ဒသမ ၂၁ လက်မ၊ ပိုင်ကျုံမြို့တွင် ၃ ဒသမ ၈၆ လက်မ၊ သထုံမြို့တွင် ၃ ဒသမ ၇၄ လက်မ၊ ကမမောင်းမြို့တွင် ၃ ဒသမ ၆၉ လက်မ၊ ကွမ်းခြံကုန်းမြို့တွင် ၃ ဒသမ ၄၃ လက်မ၊ ဟိုင်းကြီးကျွန်းမြို့နှင့် လှိုင်းဘွဲ မြို့တို့တွင် ၃ ဒသမ ၁၅ လက်မစီ၊ ရှမ်းရွာသစ်တွင် ၃ ဒသမ ၀၁ လက်မ၊ မြစ်ကြီးနားမြို့တွင် ၂ ဒသမ ၈၇ လက်မ၊ ရေးမြို့နှင့် ကျိုက်မရောမြို့တို့တွင် ၂ ဒသမ ၆၄ လက်မစီနှင့် ကျောက်ဖြူမြို့နှင့် ပေါင်မြို့တို့တွင် ၂ ဒသမ ၄၄ လက်မစီတို့ ဖြစ်ကြသည်။

**မိုး/ဇလ**

# Ayutthaya Asian Youth Football Festival 2018 ပြိုင်ပွဲ မြန်မာအမျိုးသားဘောလုံးအကယ်ဒမီ (ရန်ကုန်) ဗိုလ်လုပွဲတက်

ရန်ကုန် ဇူလိုင် ၁၅

**ထိုင်းနိုင်ငံ အယုဒ္ဓယမြို့၌ ကျင်းပလျက်ရှိသည့် Ayutthaya Asian Youth Football Festival 2018 ပြိုင်ပွဲ ဆီမီးဖိုင်နယ်ကို ယနေ့နံနက်ပိုင်းက ဆက်လက်ကျင်းပရာ မြန်မာအမျိုးသားဘောလုံးအကယ်ဒမီ (ရန်ကုန်) ယူ-၁၃ အသင်း ဂိုးပြတ်နိုင်ပွဲရပြီး ဗိုလ်လုပွဲသို့ တက်ရောက်သွားသည်။**

ဆီမီးဖိုင်နယ်ပွဲများတွင် မြန်မာအမျိုးသားဘောလုံး အကယ်ဒမီ (ရန်ကုန်)အသင်းက နာရာယူနိုက်တက်အသင်းကို ရှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ မြန်မာအမျိုးသားဘောလုံး အကယ်ဒမီ(ရန်ကုန်) အသင်းသည် ခြေအသာဖြင့် ယှဉ်ပြိုင်ကစားကာ ဂိုးပြတ်နိုင်ပွဲ ရယူနိုင်ခဲ့ခြင်းဖြစ်သည်။ မြန်မာအမျိုးသားဘောလုံးအကယ်ဒမီ (ရန်ကုန်)အသင်းအတွက် အနိုင်ဂိုးများကို ကောင်းခန့်လွင်က နှစ်ဂိုး၊ ကောင်းဇေယျာလင်း၊ မောင်တော့၊ ဟန်မျိုးဇင်၊ သက်ပိုင်ထွဋ်၊ ကောင်းသန့်နှင့် စနေတိုးတို့က တစ်ဂိုးစီသွင်းယူခဲ့သည်။ အခြားဆီမီးဖိုင်နယ်ပွဲတွင် PTT အကယ်ဒမီအသင်းက အယုဒ္ဓယယူနိုက်တက်အသင်းကို သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ ဗိုလ်လုပွဲကို ဇူလိုင် ၁၆ ရက် **(ယနေ့)** မြန်မာစံတော်ချိန် နံနက် ၁၀ နာရီတွင် ကျင်းပမည်ဖြစ်ပြီး မြန်မာအမျိုးသား ဘောလုံးအကယ်ဒမီ (ရန်ကုန်) အသင်းနှင့် PTT အကယ်ဒမီအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**ရဲရင့်ရှိုင်း**



**ဆီမီးဖိုင်နယ်တွင် မြန်မာအမျိုးသားဘောလုံးအကယ်ဒမီ (ရန်ကုန်) အသင်းနှင့် နာရာယူနိုက်တက်အသင်း ယှဉ်ပြိုင်နေစဉ်။** ဓာတ်ပုံ-MFF

# အရှေ့တောင်အာရှ လူငယ်ဘော်လီဘောပြိုင်ပွဲတွင် မြန်မာ (က)နှင့် ထိုင်းအသင်း ဗိုလ်လုပွဲတက်

**ရန်ကုန် ဇူလိုင် ၁၅**

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပလျက်ရှိသည့် ၂၀၁၈ ခုနှစ် အကြိမ် (၂၀)မြောက် အရှေ့တောင်အာရှလူငယ် ဘော်လီဘောပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်များကို ယနေ့မွန်းတည့် ၁၂ နာရီက နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားရုံ၌ ကျင်းပရာ မြန်မာ(က) နှင့် ထိုင်းအသင်း နိုင်ပွဲရယူပြီး ဗိုလ်လုပွဲ တက်ရောက်သည်။

ဆီမီးဖိုင်နယ်ပွဲများတွင် မြန်မာ (က) အသင်းက မလေးရှားအသင်းကို သုံးပွဲပြတ်၊ ထိုင်းအသင်းက မြန်မာ (ခ) အသင်းကို သုံးပွဲပြတ်ဖြင့် အနိုင်ရခဲ့သည်။ မြန်မာ (က) အသင်းသည် မလေးရှားကို လက်ရည်အသာဖြင့် ကစားကာ အုပ်စု ပွဲတွင် တွေ့ဆုံစဉ်ကအတိုင်း သုံးပွဲပြတ် အနိုင်ရခဲ့သည်။ မြန်မာ(က) အသင်း သည် ၂၅-၁၇ မှတ်၊ ၂၅-၁၄ မှတ်၊ ၂၅-၁၆ မှတ်ဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။ မြန်မာ (ခ) အသင်းသည် ထိုင်းအသင်းနှင့် ဆီမီးဖိုင်နယ်ပွဲတွင် ကြိုးစားကစားခဲ့သော်လည်း အတွေ့အကြုံချင်း ကွာခြားမှုကြောင့် ရှုံးနိမ့်ခဲ့ခြင်းဖြစ်သည်။ ထိုင်းအသင်းသည် မြန်မာ(ခ)အသင်းကို ၂၅-၁၆ မှတ်၊ ၂၅-၁၆ မှတ်၊ ၂၅-၁၂ မှတ် ဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။

ပြိုင်ပွဲနောက်ဆုံးနေ့ကို ဇူလိုင် ၁၆ ရက် **(ယနေ့)** ဆက်လက်ကျင်းပမည် ဖြစ်ပြီး မွန်းတည့် ၁၂ နာရီတွင် တတိယလုပွဲအဖြစ် မြန်မာ(ခ)အသင်းနှင့် မလေးရှားအသင်း၊ မွန်းလွဲ ၂ နာရီတွင် ဗိုလ်လုပွဲအဖြစ် မြန်မာ (က) အသင်းနှင့် ထိုင်းအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**ရဲရင့်ရှိုင်း**

❖ *ကျောဖုံးမှ*

ယခုနှစ် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲတွင် ခရိုအေးရှားမှ မိုဒရစ်က ရွှေဘောလုံးဆု၊ ဘယ်လ်ဂျီယံမှ ဟာဇက်က ငွေဘောလုံးဆု၊ ပြင်သစ်မှ ဂရစ်ဇ်မန်းက ကြေးဘောလုံးဆု ရရှိသည်။

အင်္ဂလန်မှ ဟယ်ရီကိန်းက သွင်းဂိုးခြောက်ဂိုးဖြင့် ရွှေဖိနပ်ဆု၊ ပြင်သစ်မှ ဂရစ်ဇ်မန်းက သွင်းဂိုးလေးဂိုးဖြင့် ငွေဖိနပ်ဆု၊ ဘယ်လ်ဂျီယံမှ လူကာကူက သွင်းဂိုးလေးဂိုးဖြင့် ကြေးဖိနပ်ဆု ရရှိသည်။

အကောင်းဆုံးဂိုးသမားဆု(ရွှေလက်အိတ်)ကို ဘယ်လ်ဂျီယံမှ ကော့စ်တွိုက်က ရရှိပြီး လူငယ်အကောင်းဆုံးကစားသမားဆုကို ပြင်သစ်မှ အမ်ဘတ်ပီက ရရှိသည်။ အသန့်ရှင်းဆုံးအသင်းဆုကို စပိန်အသင်းက ရရှိသည်။ ပြင်သစ်နည်းပြ ဒက်စ်ချမ့်မှာ ၁၉၉၈ ကမ္ဘာ့ဖလားတွင် ကစားသမားအဖြစ်နှင့် လည်းကောင်း၊ ယခု ကမ္ဘာ့ဖလားတွင် နည်းပြအဖြစ်နှင့် လည်းကောင်း ဆုရရှိခြင်း ဖြစ်သည်။

**သီဟ**

# ဖူဆယ်လိဂ်ခြေစစ်ပွဲတွင် GV Athletic အသင်း ခြေစစ်ပွဲအောင်မြင်

**ရန်ကုန် ဇူလိုင် ၁၅**

MFF Myanmar Futsal League 2018 (ဖူဆယ်လိဂ်) ခြေစစ်ပွဲ စတုတ္ထနေ့ကို ဇူလိုင် ၁၅ ရက် နံနက်ပိုင်းက ရန်ကုန်မြို့ရှိ အမျိုးသားအားကစားပြိုင်ပွဲရုံ-၁ သုဝဏ္ဏ၌ ကျင်းပရာ GV Athletic အသင်းသည် ပွဲမကုန်မီ ခြေစစ်ပွဲအောင်မြင်ခဲ့သည်။

စတုတ္ထနေ့တွင် GV Athletic အသင်းက Comrade အသင်းကို ခြောက်ဂိုး-ဂိုးမရှိ၊ AMM အသင်းက ရွှေမြဝတီအသင်းကို ငါးဂိုး-သုံးဂိုးဖြင့် အနိုင်ရခဲ့သည်။ ယခုပွဲအပြီးတွင် သုံးပွဲဆက်အနိုင်ရသည့် GV Athletic အသင်းသည် ကိုးမှတ်ဖြင့် စောစီးစွာ ခြေစစ်ပွဲအောင်မြင်ခဲ့ခြင်းဖြစ်သည်။ စတုတ္ထနေ့အပြီးတွင် GV Athletic အသင်းက သုံးပွဲကစား ကိုးမှတ်၊ AMM အသင်းက ပွဲကုန်လေးပွဲကစား ငါးမှတ်၊ RDZ အသင်းက သုံးပွဲကစား သုံးမှတ်၊ Comrade အသင်းက သုံးပွဲကစား နှစ်မှတ်၊ ရွှေမြဝတီအသင်းက သုံးပွဲကစား တစ်မှတ်ရထားသည်။ ခြေစစ်ပွဲပြီးဆုံးရန် တစ်ပွဲသာလိုတော့ပြီး ခြေစစ်ပွဲအောင်ရန် လက်ကျန်နှစ်နေရာအတွက် အသင်းတိုင်း အခွင့်အရေးရှိနေပြီး နောက်ဆုံးပွဲမှာ အဆုံးအဖြတ်ဖြစ်လာမည်ဖြစ်သည်။ နောက်ဆုံးပွဲအဖြစ် ဇူလိုင် ၁၇ ရက်တွင် RDZ အသင်းနှင့် GV Athletic အသင်း၊ Comrade အသင်းနှင့် ရွှေမြဝတီအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**ရဲရင့်ရှိုင်း**

# JMC-S (Bago) ချစ်ကြည်ရေးအလွတ်တန်း ဖိတ်ခေါ်ဘောလုံးပြိုင်ပွဲ ကျင်းပ

**တောင်ငူ ဇူလိုင် ၁၅**

ပဲခူးတိုင်းဒေသကြီး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ JMC-S မှ ကြီးမှူးကျင်းပသော ချစ်ကြည်ရေးအလွတ်တန်းဖိတ်ခေါ် ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲကို ဇူလိုင် ၁၅ ရက် မွန်းလွဲ ၃ နာရီခွဲက တောင်ငူခရိုင် အားကစားကွင်း၌ ကျင်းပသည်။

ဖွင့်ပွဲတွင် JMC-S(Bago) ကော်မတီဥက္ကဋ္ဌ တောင်ပိုင်းတိုင်းစစ် ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးဝင်း၊ JMC-S(Bago) ကော်မတီအတွင်း ရေးမှူး(၁) ဦးစောအယ်ကလူဖိုးနှင့် JMC-S(Bago) ကော်မတီ ဒုဥက္ကဋ္ဌ(၂) အရပ်သားကိုယ်စားလှယ် ဦးစောဒီထူး တို့က အဖွင့်အမှာစကားများ ပြောကြားကြသည်။ ယင်းနောက် JMC-S(Bago) ကော်မတီမှ တာဝန်ရှိသူများက ပြိုင်ပွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကာ Southern Star အသင်းနှင့် ဖာပွန်မူတရော် ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားကြသည်။ အဆိုပါဖိတ်ခေါ်ဘောလုံးပြိုင်ပွဲတွင် တပ်မဟာ(၅) ဘောလုံးအသင်း၊ ကွန်ပျူတာတက္ကသိုလ်ဘောလုံးအသင်း၊ တောင်ပိုင်းတိုင်း ဘောလုံးအသင်း၊ တပ်မဟာ(၃) ဘောလုံးအသင်း၊ နည်းပညာတက္ကသိုလ် ဘောလုံးအသင်း၊ တောင်ငူလူငယ်ဘောလုံးအသင်း၊ သံတောင်လူငယ် ဘောလုံးအသင်း၊ တိုင်းရဲတပ်ဖွဲ့ဘောလုံးအသင်း၊ တောင်ငူတက္ကသိုလ် ဘောလုံးအသင်း၊ ကေတုမတီ ဘောလုံးအသင်း၊ ဟံသာဝတီ(ပဲခူး) ဘောလုံးအသင်း၊ ရေတာရှည်လူငယ် ဘောလုံးအသင်း စသည့် ကိုယ်စားပြု ဘောလုံးအသင်း ၁၂ သင်းက အုပ်စု လေးအုပ်စုခွဲကာ ယှဉ်ပြိုင်ကစားကြမည် ဖြစ်ကြောင်း သိရသည်။



**သူရ(တောင်ငူ)**

# ၂၀၁၈ ခုနှစ် ဒုတိယအကြိမ် ပြည်ထောင်စုဝန်ကြီးဖလား (အမျိုးသား)ဘောလုံးပြိုင်ပွဲ ပထမဆုရ အားကစားသမားများအားဂုဏ်ပြုပွဲကျင်းပ

**နေပြည်တော် ဇူလိုင် ၁၅**

၂၀၁၈ ခုနှစ် ဒုတိယအကြိမ် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဖလား (အမျိုးသား)ဘောလုံးပြိုင်ပွဲတွင် ပထမဆုရ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း အားကစားသမားများအား ဂုဏ်ပြုပွဲ အခမ်းအနားကို ဇူလိုင် ၁၅ ရက် မွန်းလွဲပိုင်းက နေပြည်တော် ဇေယျာသီရိမြို့နယ် ခရေပင်လမ်းခွဲရှိ ကြေးမုံသတင်းစာတိုက် ဘိုးဝဇီရခန်းမ၌ ကျင်းပရာ ဦးဆောင်ညွှန်ကြားရေးမှူး ဦးရဲနိုင်က ဘောလုံးပြိုင်ပွဲတွင် ပထမဆုရရှိခဲ့သည့် သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း ဘောလုံးအသင်းအား ဂုဏ်ပြုအမှတ်တရလက်ဆောင် ပေးအပ်သည်။




ထို့နောက် ဦးဆောင်ညွှန်ကြားရေးမှူးက သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း ကြေးမုံသတင်းစာတိုက်တွင် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူမည့် စာတည်းမှူးချုပ် ဦးခင်မောင်ကျော်ဒင်အား အမှတ်တရလက်ဆောင် ပေးအပ်သည်။

ယင်းနောက် ဝန်ထမ်းအမျိုးသား၊ အမျိုးသမီး ကာရာအိုကေ သီချင်းဆိုပြိုင်ပွဲကို ဆက်လက်ကျင်းပပြီး ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးဖလားကို ဘောလုံးအသင်း တာဝန်ခံနှင့် ခေါင်းဆောင်တို့က ဦးဆောင်ညွှန်ကြားရေးမှူး ဦးရဲနိုင်ထံ အပ်နှံခဲ့ကြသည်။

**တင်မောင်လွင်၊ နိုင်လင်းကြည်**

# အာဆီယံ ဖူဆယ်ကလပ်ပြိုင်ပွဲတွင် MIC အသင်း ဂိုးပြတ်အနိုင်ရ

**ရန်ကုန် ဇူလိုင် ၁၅**

၂၀၁၈ အာဆီယံ ဖူဆယ်ကလပ်ပြိုင်ပွဲ အုပ်စုပထမနေ့ကို ဇူလိုင် ၁၅ ရက် နံနက်ပိုင်းမှစ၍ အင်ဒိုနီးရှားနိုင်ငံ၌ ကျင်းပရာ မြန်မာကလပ် MIC အသင်း ဂိုးပြတ်နိုင်ပွဲရရှိခဲ့သည်။ MIC အသင်းသည် ဘရူနိုင်းကလပ် အာဘီစီယမ်အသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့ပြီး ကိုးဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။

မြန်မာကလပ် MIC အသင်းသည် ဘရူနိုင်းကလပ်အသင်းကို ခြေအသာဖြင့် ကစားကာ အနိုင်ရခဲ့ပြီး ပွဲဦးထွက် မျက်နှာပန်းလှခဲ့သည်။ အာဘီစီယမ်အသင်းသည် ပထမပိုင်းသာ MIC အသင်း ဂိုးပေါက်ကို ခြိမ်းခြောက်နိုင်ခဲ့ပြီး ဒုတိယပိုင်းတွင် MIC အသင်းက ပွဲကိုထိန်းချုပ်ကစားနိုင်ခဲ့သည်။ MIC အသင်းသည် ပထမပိုင်းတွင် လေးဂိုး၊ ဒုတိယပိုင်းတွင် ငါးဂိုးသွင်းယူခဲ့ပြီး အနိုင်ဂိုးများကို ပြည့်ဖြိုးမောင်-၃ က သုံးဂိုး၊ ခင်ဇော်လင်းက နှစ်ဂိုး၊ ဟိန်းမင်းစိုး၊ အောင်သူ၊ ကျော်စိုးမိုးနှင့် လှိုင်မင်းထွန်းတို့က တစ်ဂိုးစီသွင်းယူခဲ့သည်။ MIC အသင်းသည် ယင်းပြိုင်ပွဲတွင် အုပ်စု (က) တွင် အာဘီစီယမ် (ဘရူနိုင်း)၊ UYFC (ကမ္ဘောဒီးယား)၊ East Coast Heat (သြစတြေးလျ) အသင်းတို့နှင့် ကျရောက်နေသည်။ MIC အသင်းသည် အုပ်စု ဒုတိယပွဲအဖြစ် ဇူလိုင် ၁၆ ရက် **(ယနေ့)** နံနက် ၁၁ နာရီတွင် ကမ္ဘောဒီးယားကလပ် UYFC အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

**ဖိုးသော်ဇင်**

## မြန်မာ့ရုပ်မြင်သံကြား

**၁၆-၇-၂၀၁၈(တနင်္လာနေ့)**

**နံနက်ပိုင်း**

- ၆း၀၀ - မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၈း၃၅ - **“မျက်ရည်သွန်လို့ ဘဝင်ညို့ ဇူလိုင်တစ်ဆယ့်ကိုး”**
- ၉း၄၅ - **“ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ- (၂၁)ရာစုပင်လုံ တတိယအစည်းအဝေးပိတ်ပွဲ အခမ်းအနား တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ်”**
- ၁၁း၃၅ - မြန်မာ့ရုပ်မြင်သံကြား လူငယ်အစီအစဉ်
- ၁၅း၀၀ - နိုင်ငံခြားဇာတ်လမ်းတွဲ “မကြွေတဲ့နှင်းဆီ” (အပိုင်း-၆၂)

**ညနေပိုင်း**

- ၁၆း၂၅ - အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ တတိယနှစ်(သမိုင်းအထူးပြု) (သမိုင်း)
- ၁၇း၀၅ - This Week's special Interest
- ၁၈း၃၅ - ဥပဒေရေးရာအဖြာဖြာ “တောင်းပန်ပါတယ်”
- ၁၉း၁၅ - နိုင်ငံခြားဇာတ်လမ်းတွဲ “မဟာကာလီ”(အပိုင်း-၂၅)
- ၂၀း၀၀ - ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
- ၂၀း၃၅ - “ဆယ့်ကိုးဇူလိုင်”
- - ရာဇဝင်ထဲက သမိုင်းအနုပညာ “ဆယ်ပွင့်ပန်း” (ပန်းပုလုပ်ငန်း)
- - ပြည်သူ့နီတိ “ပင်အို”
- - နိုင်ငံခြားဇာတ်လမ်းတွဲ “မျဉ်းဖြောင့်တစ်ကြောင်းရဲ့ မှတ်တမ်း” (အပိုင်း-၃၆)

# စစ်တွေမြို့ကုလားတန်မြစ်၌ စက်လှေတစ်စင်းနစ်မြုပ်

**စစ်တွေ ဇူလိုင် ၁၅**

စစ်တွေမြို့အရှေ့ဘက် ကုလားတန်မြစ်အတွင်း ဗျူးပွိုင့်နှင့် ကိုက် ၂၀၀ ခန့်အကွာ၌ ဇူလိုင် ၁၄ ရက် ညနေ ၅ နာရီ ၃၅ မိနစ်တွင် စက်လှေတစ်စင်း ကျောက်ဆောင်ကို တိုက်မိပြီး သောင်ပြင်၌တင်နေစဉ် နစ်မြုပ်မှုဖြစ်ပွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ အောင်ရတနာစက်လှေသည် မြေပုံမြို့နယ် ကမ်းထောင့်ကြီးမြို့ဆိပ်ကမ်းမှ စစ်တွေမြို့သို့ ကျောက်တင်ပြီး မောင်းနှင်လာရာ လေပြင်းတိုက်ခတ်ပြီး လှိုင်းကြီးသဖြင့် စစ်တွေမြို့ဗျူးပွိုင့်နှင့် ကိုက် ၂၀၀ ခန့်အကွာ၌ ကျောက်ဆောင်ကို တိုက်မိကာ သောင်တင်နေခဲ့သည်။

အခင်းဖြစ်ရာသို့ စစ်တွေမြို့နယ်အုပ်ချုပ်ရေးမှူး ဦးစောသက်ဆွေ၊ မြို့နယ်မီးသတ်ဦးစီးမှူးနှင့် တပ်ဖွဲ့ဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့ဝင်များက စပီဘုတ်ဖြင့် ညနေ ၅ နာရီ မိနစ် ၄၀ ခန့်က သွားရောက်ကယ်ဆယ်ဆောင်ရွက်ခဲ့ကြသည်။ ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေစဉ် ကျောက်တင်စက်လှေမှာ နစ်မြုပ်သွားပြီး စက်လှေတွင် ပါလာသူလေးဦးအား ကယ်ဆယ်နိုင်ခဲ့ကာ စစ်တွေမြို့ဆေးရုံကြီးသို့ ပို့ဆောင်ဆေးကုသမှု ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

# နေပြည်တော်၌ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် ဇူလိုင် ၁၅**

မူးယစ်တပ်ဖွဲ့စု ၁၀၁ နေပြည်တော်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇူလိုင် ၁၄ ရက် နံနက် ၁၁ နာရီခန့်က တပ်ကုန်းမြို့နယ် မြောက်မြိုက်ကျေးရွာအုပ်စု ဒဟတ်ကုန်း ကျေးရွာအနီး ဆင်သေရေလွှဲဆည် တာပေါင်လမ်းမပေါ်တွင် မြင့်ထွန်း(ခ)မောင်ပုလေး မောင်းနှင်လာသည့် မော်တော် ဆိုင်ကယ် ရောက်ရှိလာ၍ ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၄၃၁ ပြား၊ ဘိန်းဆီခဲ ၂၃၀ ဒသမ ၃၃ ဂရမ်၊ ငွေကျပ် ၆၅၀၀ နှင့် ဖုန်းတစ်လုံးတို့ကို လည်းကောင်း။

အလားတူ ယင်းနေ့ ည ၁၀ နာရီခန့်က မူးယစ်တပ်ဖွဲ့စု ၂၆ ပင်လောင်းနှင့် နောင်တရား နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ပင်လောင်းမြို့နယ် နောင်တရားမြို့ ပင်လောင်း-အောင်ပန်း ကားလမ်း၊ မိုင်တိုင်အမှတ်(၂၉)အနီးတွင် သန့်ဇင်ဟိန်း မောင်းနှင်ပြီး ကျော်နိုင် လိုက်ပါလာသည့် မော်တော်ဆိုင်ကယ် ရောက်ရှိလာ၍ စစ်ဆေးရန်တားဆီးစဉ် မောင်းနှင်ထွက်ပြေးသဖြင့် ပိတ်ဆို့ဖမ်းဆီးရာ သစ်ပင်မဲကျေးရွာနှင့် နန်းပုလင်းကျေးရွာ သွားလမ်း၌ မော်တော်ဆိုင်ကယ်နှင့် အတူတွေ့ရှိပြီး စိတ်ကြွရူးသွပ်ဆေးပြား ၆၀၀၀ သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား ဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



သန့်ဇင်ဟိန်းနှင့် ကျော်နိုင်တို့အား ဖမ်းဆီးရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့် အတူ တွေ့ရစဉ်။



# မြောက်ဥက္ကလာပမြို့နယ်၌ သေနတ်တစ်လက်နှင့် ကျည်ဆန်များ သိမ်းဆည်းရမိ

**နေပြည်တော် ဇူလိုင် ၁၅**

ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ် (၂)ရပ်ကွက် အာသာဝတီကျောင်းတိုက်ဝင်းအတွင်းရှိ ခေမာသီဝံစာသင်တိုက်ကျောင်း သံပန်းတံခါးရှေ့၌ ဇူလိုင် ၁၄ ရက် နံနက် ၇ နာရီက ယင်းစာသင်တိုက်မှ ကျောင်းသားဖြစ်သူ မောင်မောင်သန့်(၁၉ နှစ်)သည် ကျောင်းတံခါးဖွင့်စဉ် အိတ်ဖြင့်ထုပ်ထားသော စမစ်သ်အင်ဝပ်ဆန် အမျိုးအစား ငါးလုံးပြူးသေနတ်တစ်လက်နှင့် ယင်းကျည်ခုနစ်တောင့်တို့အား တွေ့ရှိအကြောင်းကြားသဖြင့် မြောက်ဥက္ကလာပမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များဦးစီးသည့် ပူးပေါင်းအဖွဲ့က သွားရောက်သိမ်းဆည်းခဲ့ကြောင်း သိရသည်။

**ကိုရဲ**

# မိုင်းတုံမြို့နယ်၌ ယာဉ်တိုက်မှုကျူးလွန်သူအားဖမ်းဆီးစဉ် သေနတ်တစ်လက်နှင့် ကျည်ဆန်များ သိမ်းဆည်းရမိ

**နေပြည်တော် ဇူလိုင် ၁၅**

မိုင်းတုံမြို့နယ် နားကောင်းမူကျေးရွာ လပြည့်ဝန်းကားဂိတ်ရှေ့၌ ဇူလိုင် ၁၄ ရက် နံနက် ၄ နာရီခွဲက ယာဉ်တိုက်မှုကျူးလွန်သူအား ဖမ်းဆီးစဉ် နှစ်လုံးထိုးသေနတ်တစ်လက်နှင့် ကျည်နှစ်တောင့် သိမ်းဆည်းရမိကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇူလိုင် ၁၄ ရက် နံနက်ပိုင်းက ပုံပါကျင်မှ မိုင်းတုံသို့ နားကောင်းမူကျေးရွာနေ လောက်အေး(၅၁ နှစ်)မောင်းနှင်လာသည့် 5K / ---- တိုက်ဂါး ယာဉ်သည် အရှိန်လွန်ကာ တစ်ဖက်ယာဉ်ကြောသို့ ရောက်ရှိပြီး မျက်နှာချင်းဆိုင်မှ ဝမ်မိုင်ကျေးရွာနေ မနန်းမွန်း(၃၂ နှစ်) မောင်းနှင်လာသည့် ဆိုင်ကယ်ကို တိုက်မိခဲ့သည်။

ယင်းဖြစ်စဉ်ကြောင့် မနန်းမွန်းတွင် ဒဏ်ရာများရရှိ၍ အခင်းဖြစ်နေရာတွင် သေဆုံးသွားခဲ့သဖြင့် နားကောင်းမူနယ်မြေရဲစခန်းမှတပ်ဖွဲ့ဝင်များက လောက်အေးအား သွားရောက်ဖမ်းဆီးစဉ် ၎င်း၏ခါးကြားမှ နှစ်လုံးထိုးသေနတ်တစ်လက်နှင့် ကျည်နှစ်တောင့်တို့အား သိမ်းဆည်းရမိခဲ့သဖြင့် နားကောင်းမူနယ်မြေရဲစခန်း၌ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**

# အမာမြို့တွင် နှစ်ရက်အတွင်း ပင်လယ်ဒီရေလှိုင်းမြင့်တက်တိုက်စားမှုကြောင့် နေအိမ် ၂၉ လုံး ပြိုကျ

**ဖျာပုံ ဇူလိုင် ၁၅**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဖျာပုံမြို့နယ် အမာမြို့တွင် ဇူလိုင် ၁၄ ရက်နှင့် ၁၅ ရက် နှစ်ရက်ဆက် ပင်လယ်ဒီရေ အဆမတန်မြင့်တက်လာခြင်းနှင့် မိုးသည်းထန်စွာ ရွာသွန်းခြင်းတို့ကြောင့် ပင်လယ်ဒီရေလှိုင်းများ တိုက်စားကာ ကျေးရွာများမှ လူနေအိမ် ၂၉ လုံး ပြိုကျပျက်စီးခဲ့ကြောင်း သိရသည်။

ဇူလိုင် ၁၄ ရက် မွန်းလွဲပိုင်းတွင် ဒေါ်ညိမ်းကျေးရွာအုပ်စု သရက်ပင်ဆိပ်ကျေးရွာမှ နေအိမ်နှစ်လုံး၊ ဘုရားလေးစုကျေးရွာမှ နေအိမ်နှစ်လုံး၊ ခါးပြတ်ကျေးရွာမှနေအိမ်တစ်လုံး၊ အောင်လှိုင်ကျေးရွာမှနေအိမ်ခြောက်လုံး စုစုပေါင်း နေအိမ် ၁၁ လုံး ပြိုကျပျက်စီးခဲ့ပြီး ညနေ ၃ နာရီခွဲတွင် နောက်မီးကျေးရွာအုပ်စု မင်္ဂလာသောင်တန်းကျေးရွာမှ နေအိမ်ငါးလုံး စုစုပေါင်း ၁၆ လုံး ပြိုကျပျက်စီးခဲ့ကြောင်း သိရသည်။ ဇူလိုင် ၁၅ ရက် မွန်းလွဲပိုင်းက ဘုရားလေးစုကျေးရွာတွင် နေအိမ် လေးလုံး၊ အေးကုန်းကျေးရွာတွင် နေအိမ် ငါးလုံး၊ အောင်လှိုင်ကျေးရွာတွင် နေအိမ်သုံးလုံး၊ ခါးပြတ်ကျေးရွာတွင် နေအိမ်နှစ်လုံး၊ နောက်မီးကျေးရွာတွင် နေအိမ်တစ်လုံး စုစုပေါင်း ၁၃ လုံး ပြိုကျခဲ့ပြီး အိမ်ထောင်စု ၁၃ စုမှ လူ ၄၄ ဦး ဘေးသင့်ခဲ့ကာ နှစ်ရက်အတွင်း လူဦးရေ ၁၁၄ ဦးခန့်မှာ ဆွေမျိုးများနေအိမ်သို့ ပြောင်းရွှေ့ထားကြောင်း အမာမြို့ အုပ်ချုပ်ရေးမှူး ဦးရွှေစိုးဟန်ထံမှ သိရသည်။



ပင်လယ်ဒီရေမြင့်တက်လာမှုကြောင့် နေအိမ်များ ပြိုကျပျက်စီးခဲ့သော်လည်း လူနှင့်တိရစ္ဆာန်များ ထိခိုက်ဒဏ်ရာရမှု မရှိကြောင်းနှင့် အမာမြို့အုပ်ချုပ်ရေးမှူး၊ တာဝန်ရှိသူများနှင့် ကျေးရွာအုပ်ချုပ်ရေးမှူးအဖွဲ့က အချိန်နှင့်တစ်ပြေးညီ စောင့်ကြည့်နေကြောင်း သိရသည်။

**ကျော်စိုးမိုး၊ ဓာတ်ပုံ-ဝင်းမြင့်အောင်**

# သုံးခွမြို့နယ်၌ ချောင်းဖြတ်ကူးစဉ် လူတစ်ဦး ရေနစ်သေဆုံး

**ရန်ကုန် ဇူလိုင် ၁၅**

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ် ပျဉ်းမကန်ကျေးရွာတွင် အမျိုးသားတစ်ဦးရေနစ်သေဆုံးကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇူလိုင် ၁၅ ရက် နံနက် ၇ နာရီခွဲခန့်က ပျဉ်းမကန်ကျေးရွာတွင် အမျိုးသားတစ်ဦး ရေနစ်သေဆုံးနေကြောင်း သတင်းရရှိသဖြင့် သုံးခွ မြို့မရဲစခန်းမှ ရဲတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့သည်။

သေဆုံးသူမှာ ပြည့်ဖြိုးအောင်(၁၉ နှစ်) ပျဉ်းမကန်ကျေးရွာနေသူဖြစ်ကြောင်း သိရှိရသည်။ ၎င်းသည် ဇူလိုင် ၁၄ ရက် ညနေ ၆ နာရီခွဲခန့်က အရက်သေစာသောက်စားပြီး ကျေးရွာ တောင်ဘက် အကျယ် ၂၄ ပေ၊ အနက် ၇ ပေခန့်ရှိချောင်းအတွင်းဖြတ်ကူးစဉ် ရေနစ်သေဆုံးသွားခြင်းဖြစ်ကြောင်း ဖခင်ဦးအောင်နိုင်၏ ပြောပြချက်အရ သိရှိရသည်။ ယင်းဖြစ်စဉ်နှင့် ပတ်သက်၍ သုံးခွ မြို့မရဲစခန်းမှ သေမှုသေခင်းဖွင့် စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။ **ကိုကျော် (သုံးခွ)**

# မရမ်းချောင် စစ်ဆေးရေးစခန်း၌ အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းမိ

**နေပြည်တော် ဇူလိုင် ၁၅**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်က စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ဇူလိုင် ၁၄ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ်ပို့ကုန် ၁၂၈၅ စီး၊ သွင်းကုန် ၉၈၆ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် အစီး ၅၀၊ သွင်းကုန် ၁၅၅ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၁၄ ရက်တွင် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှုခြောက်မှု ခန့်မှန်းတန်ဖိုးငွေကျပ် သန်း ၃၁ ဒသမ ၁၄၀ ခန့်အား ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် ဇူလိုင် ၁၄ ရက်တွင် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းပူးပေါင်းစစ်ဆေးရေးအဖွဲ့က ဟွန်ဒိုင်းစတာရက် ယာဉ်နှစ်စီးအား ရှောင်တခင်စစ်ဆေးခဲ့ရာ ယာဉ်ပေါ်တွင်တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသော အကောက်ခွန်မဲ့ Umbrella (Used) 900 Nos ၊ TV (Used) Assorted Size 140 U၊ Sound Box(Used) 32 Nos၊ Washing Machine (Used) 4 U ၊ Amplifier (Used) 10 U နှင့် အဆိုပါပစ္စည်းသယ်ဆောင်သည့်ယာဉ်နှစ်စီး စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၂၉ ဒသမ ၅၈၀ သန်းခန့် စစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပြည်ကြီးမဏ္ဍိုင်မြို့တွင် မီးလောင်မှုဖြစ်ပွား

**ပြည်ကြီးမဏ္ဍိုင် ဇူလိုင် ၁၅**

ပြည်ကြီးမဏ္ဍိုင်မြို့တွင် ဇူလိုင် ၁၅ ရက်က ဘုရားမီးပူဇော်သည့် ဝိုင်ယာကြိုး အပူလွန်ကဲကာ ရှော့ခ်ဖြစ်ပြီး မီးလောင်မှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ပြည်ကြီးမဏ္ဍိုင်မြို့ ပြည်ကြီးမဏ္ဍိုင်ရပ်ကွက်နေ ဦးရေကျော်၏ အလျား ၄၅ ပေ၊ အနံ ပေ ၂၀၊ အမြင့် ပေ၃၀ ခန့်ရှိ တိုက်ခံပျဉ်ထောင်သွပ်မိုးနှစ်ထပ်နေအိမ်တွင် ဘုရားမီးပူဇော်သည့် ဝိုင်ယာကြိုးမှ အပူလွန်ကဲကာ ရှော့ခ်ဖြစ်ပြီး မီးစတင်လောင်ခဲ့ရာ ကပ်လျက်နံဘေးရှိ အလျား ပေ ၂၀၊ အနံ ၂၅ ပေ၊ အမြင့် ၁၅ ပေခန့်ရှိ ဒေါ်တင်လှ(ခ)ဒေါ်လှ၏ ပျဉ်ထောင်ခနိမိုး တစ်ထပ်နေအိမ်ကို မီးကူးစက်လောင်ခဲ့ခြင်း ဖြစ်သည်။

မီးလောင်ရာသို့ ပြည်ကြီးမဏ္ဍိုင်မြို့ မီးသတ်ဦးစီးဌာနမှ တာဝန်ခံလက်ထောက်မီးသတ်ဦးစီး ဦးကျော်မျိုးသန့်နှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ နယ်မြေခံတပ်ရင်းမှ တပ်မတော်သားများ၊ ရပ်ကွက်နေပြည်သူများ ပူးပေါင်းကာ မီးသတ်ယာဉ်တစ်စီး၊ ရေသယ်ယာဉ်တစ်စီးဖြင့် ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ မွန်းလွဲ ၁၂ နာရီ ၄၅ မိနစ်တွင် မီးငြိမ်းသွားကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# စစ်အတွင်း ဖမ်းမိခဲ့သော အမေရိကန်အကျဉ်းသားများ ပြန်လွှတ်ပေးရေး အမေရိကန်နှင့်မြောက်ကိုရီးယား အဆင့်မြင့်အရာရှိကြီးများ ဆွေးနွေး

**ပြုံယမ်း ဇူလိုင် ၁၅**

၁၉၅၀ ဝန်းကျင် ကိုရီးယားစစ်ပွဲကာလအတွင်း သေဆုံးခဲ့သော အမေရိကန်တပ်ဖွဲ့ဝင်များ၏ ရုပ်ကြွင်းများကို ပြန်လည်လက်ခံရေး၊ အမေရိကန်နှင့် မြောက်ကိုရီးယား စစ်ဘက် အဆင့်မြင့် အရာရှိကြီးများ တွေ့ဆုံဆွေးနွေးခဲ့ကြသည်။ အဆိုပါ တွေ့ဆုံဆွေးနွေးပွဲကို ငြိမ်းချမ်းရေးကျေးရွာဖြစ်သည့် ပန်မွန်ဂျုံကျေးရွာတွင် ပြုလုပ်ခဲ့ကြသည်ဟု အမေရိကန် စစ်ဘက်အရာရှိကြီးများက ပြောသည်။

ဒေသစံတော်ချိန် နံနက် ၈ နာရီခန့်တွင် အဆိုပါကျေးရွာအနီး အမေရိကန်စစ်ဘက်သုံးယာဉ်များ ဖြတ်သန်းသွားသည်ကိုလည်း တွေ့မြင်ခဲ့ရသည်။ တွေ့ဆုံဆွေးနွေးပွဲသို့ တက်ရောက်လာကြသည့် နှစ်နိုင်ငံကိုယ်စားလှယ်များတွင် ဗိုလ်ချုပ်များပါဝင်ကြောင်း တောင်ကိုရီးယား နိုင်ငံခြားရေးဝန်ကြီးဌာနမှ ပြောသည်။

စစ်အတွင်းက ဖမ်းဆီးမိခဲ့သောအမေရိကန်အကျဉ်းသားများ ပြန်လွှတ်ရေးမှာ လွန်ခဲ့သောလက အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်နှင့် မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်းတို့ တွေ့ဆုံစဉ် သဘောတူခဲ့သော ကိစ္စရပ်လည်းဖြစ်သည်။ တနင်္ဂနွေနေ့က ပြုလုပ်သော ဆွေးနွေးပွဲမှာ အကျိုးဖြစ်ထွန်းမှု ရှိသည်ဟုလည်း ကာကွယ်ရေးဝန်ကြီးဌာနမှ ပြောသည်။

ယခုလိုတွေ့ဆုံမှုသည် ကိုရီးယားစစ်ပွဲ တရားဝင်အဆုံးသတ်ရေး တရားဝင်ကြေညာနိုင်မည့် ဆွေးနွေးမှုများ ဖြစ်သည်ဟု တောင်ကိုရီးယား မီဒီယာများက ပြောသည်။ **အင်န်အိတ်ချ်ကေ**




# ပါကစ္စတန် နိုင်ငံရေးထောက်ခံပွဲတွင် ဗုံးပေါက်ကွဲမှုအတွက် ကုလသမဂ္ဂလုံခြုံရေးကောင်စီ ရှုတ်ချ

**ဂျီနီဗာ ဇူလိုင် ၁၅**

ပါကစ္စတန်နိုင်ငံ အနောက်တောင်ပိုင်း ပြည်နယ်၌ နိုင်ငံရေးစုဝေးပွဲတွင် ဗုံးပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ လူပေါင်း ၁၂၈ ဦးသေဆုံးခဲ့ရပြီး လူပေါင်း ၂၀၀ ကျော် ဒဏ်ရာရရှိခဲ့သည့်ဖြစ်ရပ်အတွက် ကုလသမဂ္ဂလုံခြုံရေးကောင်စီက စနေနေ့တွင် ရှုတ်ချကြောင်း ကြေညာခဲ့သည်။



ပါကစ္စတန်နိုင်ငံတွင် ထိခိုက်ခံစားရသူများနှင့် ၎င်းတို့၏မိသားစုဝင်များအတွက် နက်နက်ရှိုင်းရှိုင်း ဝမ်းနည်းကြေကွဲမိကြောင်း ကောင်စီအဖွဲ့ဝင်များက ဖော်ပြခဲ့ကြသည်။ ဒဏ်ရာရရှိသူများ အမြန်ဆုံး ပြန်လည်သက်သာလာစေရေးအတွက်လည်း မျှော်လင့်ကြောင်း ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။ ယင်းကဲ့သို့ ဆိုးရွားပြင်းထန်သည့် လုပ်ရပ်ကို ကျူးလွန်သည့်အုပ်စု လက်သည်တရားခံများကို ရှာဖွေဖမ်းဆီးနိုင်ရေး ကုလသမဂ္ဂ လုံခြုံရေးအဖွဲ့ဝင်များအနေဖြင့် ပါကစ္စတန်အစိုးရနှင့်အတူ တက်တက်ကြွကြွ ပါဝင်ဆောင်ရွက်ပေးကြရန်လည်း တိုက်တွန်းပါရှိသည်။

အကြမ်းဖက်တိုက်ခိုက်မှုများသည် အပြည်ပြည်ဆိုင်ရာ လုံခြုံရေးနှင့် ငြိမ်းချမ်းရေးကို ခြိမ်းခြောက်လျက်ရှိကြောင်း၊ ထို့ကြောင့် အကြမ်းဖက်သမားများ၏ လုပ်ရပ်များကို နိုင်ငံတိုင်းက ဝိုင်းဝန်းဖိနှိပ် နှိမ်နင်းသွားရန် လိုအပ်ကြောင်း ထပ်မံအတည်ပြုခဲ့ကြသည်။ အနောက်တောင်ပိုင်း ဘလူချီစတန်ပြည်နယ်တွင် နိုင်ငံရေးထောက်ခံစည်းရုံးပွဲ၌ အသေခံဗုံးပေါက်ကွဲမှု ဖြစ်ပွားခဲ့ခြင်းသည် ပါကစ္စတန်သမိုင်းတွင် အဆိုးရွားဆုံးဖြစ်ရပ်တစ်ခုအဖြစ်လည်း ဖော်ပြကြသည်။ **ဆင်ဟွာ**

# ကောလာဟလကြောင့် ရှန်းရင်းဆန်ခတ်ဖြစ်ပေါ် လူတစ်ဦးသေဆုံးပြီး လေးဦး ဒဏ်ရာရရှိ

**နယူးဒေလီ ဇူလိုင် ၁၅**

အိန္ဒိယနိုင်ငံတောင်ပိုင်း ကာနာတာကာပြည်နယ်တွင် ကလေးများကိုပြန်ပေးဆွဲနေသည်ဟု ကောလာဟလများ ထွက်ပေါ်ကာ လူစုလူဝေးဖြစ်ပေါ်ပြီး လူတစ်ဦးကို မသေမချင်းရိုက်သတ်ခဲ့ကာ နိုင်ငံခြားသားအပါအဝင် အခြားသော လူလေးဦးကို ဒဏ်ရာပြင်းထန်စွာ ရရှိအောင် ရိုက်နှက်မှုဖြစ်ပွားခဲ့ကြောင်း တနင်္ဂနွေနေ့တွင် အာဏာပိုင်များက ပြောသည်။

ကာနာတာကာပြည်နယ် မြို့တော်ဘန်ဂါလူရူမြောက်ပိုင်း ဘိုင်ဒါအရပ်တွင် သောကြာနေ့ ညနေပိုင်းက ယင်းသို့ လူစုလူဝေးဖြင့် ပြစ်ဒဏ်ခတ်ခြင်း ပေါ်ပေါက်ခဲ့ခြင်းဖြစ်သည်။ သေဆုံးသွားသူမှာ အသက် ၃၂ နှစ်အရွယ် ဆော့ဖ်ဝဲ အင်ဂျင်နီယာတစ်ဦးဖြစ်သူ မိုဟာမက် အဇမ် ဆိုသူဖြစ်သည်။ ယင်းဖြစ်ရပ်အစမှာ မိုဟာမက်အဇမ်နှင့် အတူပါလာသော သူငယ်ချင်း မိုဟာမက်ဆယ်မန်က ကလေးများကို ချောကလက်များ ဝေငှမှုမှစတင်ကာ ယင်းသို့ လူစုလူဝေးဖြင့် ရိုက်နှက်မှု ပေါ်ပေါက်လာခြင်းပင်ဖြစ်သည်ဟု ရဲများက ပြောသည်။

၎င်းတို့သူငယ်ချင်းအုပ်စုသည် အိမ်အပြန်လမ်း မူကီကျေးရွာအရောက်တွင် မူလတန်းကျောင်းတွေ့ရှိပြီး ချောကလက်များသယ်လာသူ မိုဟာမက်ဆယ်မန်က ပါရှိလာသော ချောကလက်များကို ကလေးများအား ဝေပေးရန်ဆုံးဖြတ်ခဲ့သည်။ ယင်းဖြစ်ရပ်ကို ဒေသခံတစ်ဦးဖြစ်သူက ဗီဒီယိုရိုက်ကူးခဲ့ကာ လူမှုကွန်ရက်ပေါ် ပျံ့နှံ့ခဲ့သည်။

သေဆုံးသူ၏ အစ်ကိုဖြစ်သူက သတင်းအမှားများ ဖြန့်ဝေခြင်း၊ ကောလာဟလများဖြန့်ဝေခြင်းကို ရပ်တန့်ကြရန်၊ ၎င်း၏ ညီဖြစ်သူမှာ အသက်ဆုံးရှုံးသွားပြီဖြစ်ကြောင်း နောက်ထပ်အလားတူဖြစ်ရပ်မျိုးမဖြစ်စေရန် တိုက်တွန်းပြောဆိုခဲ့သည်။ **ဆင်ဟွာ**

# စစ်ဘေးဒဏ်ခံ အာဖဂန်နစ္စတန်နိုင်ငံတွင် အရပ်သားသေဆုံးမှု စံချိန်တင်မြင့်တက်

**ကဘူးလ် ဇူလိုင် ၁၅**

၂၀၁၈ ပထမခြောက်လတာအတွင်း ကာလရှည်ကြာတိုက်ပွဲဖြစ်ပွားနေသော အာဖဂန်နိုင်ငံတွင် အရပ်သားသေဆုံးမှုနှုန်းမှာ စံချိန်တင်မြင့်တက်ခဲ့ကြောင်း ကုလသမဂ္ဂက တနင်္ဂနွေနေ့တွင် ထုတ်ပြန်သော အချက်အလက်များအရ သိရသည်။

စစ်သွေးကြွများ၏ တိုက်ခိုက်မှုများ၊ အသေခံဗုံးခွဲတိုက်ခိုက်မှုများကြောင့် သေဆုံးသူအရေအတွက်မှာ မြင့်တက်ခဲ့ရခြင်းဖြစ်ကြောင်းလည်း သိရသည်။ လူပေါင်း ၁၆၉၂ ဦး သေဆုံးခဲ့ခြင်းမှာ ၂၀၀၉ ခုနှစ် ကုလသမဂ္ဂ အာဖဂန်နိုင်ငံအတွင်း အကူအညီပေးရေး မှတ်တမ်းများတွင် အမြင့်ဆုံးအရေအတွက်ပင်ဖြစ်ကြောင်း သိရသည်။ အခြား လူပေါင်း ၃၄၃၀ မှာ စစ်ပွဲအတွင်း ဒဏ်ရာရရှိခဲ့ပြီး လွန်ခဲ့သောနှစ် မှတ်တမ်းများနှင့် ယှဉ်လျှင် ငါးရာခိုင်နှုန်းခန့် ကျဆင်းသွားကြောင်း သိရသည်။ လွန်ခဲ့သောလမှစ၍ အာဖဂန်လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် တာလီဘန်တို့ကြား အပစ်အခတ်ရပ်စဲထားသော်လည်း သေဆုံးသူအရေအတွက်မှာ မြင့်တက်ဆဲပင်ဖြစ်သည်။ ဘာသာရေးပွဲတော်ကာလအတွင်း အပစ်အခတ်ရပ်စဲထားခြင်းဖြစ်ပြီး ယင်းဖြစ်ရပ်မှ နှစ်ပေါင်း ၁၇ နှစ်ကြာစစ်ပွဲကို အဆုံးသတ်ပြီး ငြိမ်းချမ်းရေးရရှိစေရေးအတွက် မျှော်လင့်လျက်ရှိသည်။

နှစ်ဖက်စလုံးမှ အပစ်အခတ်ရပ်စဲထားသော်လည်း အာဖဂန်နိုင်ငံအရှေ့ပိုင်း နာဂါဟာပြည်နယ်တွင် အသေခံဗုံးခွဲမှုဖြစ်ပွားခဲ့ပြီး လူဒါဇင်ပေါင်းများစွာ အသတ်ခံခဲ့ရသည်။ ယင်းဗုံးခွဲမှု၏ အဓိကလက်သည်မှာ အိုင်အက်စ်အဖွဲ့ပင်ဖြစ်ပြီး ၎င်းတို့မှာ အပစ်အခတ်ရပ်စဲရေးတွင် ပါဝင်ထားခြင်းမရှိပေ။ တာလီဘန်များသည် အာဖဂန်အစိုးရ၏ ငြိမ်းချမ်းရေးကမ်းလှမ်းမှုကို ငြင်းဆန်ခဲ့ပြီး စစ်ပွဲအဆုံးသတ်နိုင်ရေး ကဘူးလ်မြို့တွင် ငြိမ်းချမ်းရေးဆွေးနွေးပွဲ ပြုလုပ်ရန်ကိုလည်း လျစ်လျူရှုခဲ့သည်။ **အေအက်ဖ်ပီ**



## ရုရှားသမ္မတ ပူတင်နှင့် တူရကီသမ္မတတို့ ဆီးရီးယားအရေး ဆွေးနွေး

**မော်စကို ဇူလိုင် ၁၅**

ရုရှားသမ္မတ ပူတင်နှင့် တူရကီသမ္မတ အာဒိုဂန်တို့သည် ဆီးရီးယားအရေးကို တယ်လီဖုန်းဖြင့်ဆွေးနွေးခဲ့ကြောင်း ကရင်မလင်နန်းတော်က စနေနေ့တွင် ကြေညာခဲ့သည်။

အပြည်ပြည်ဆိုင်ရာနှင့် ဒေသတွင်းအစီအစဉ်များကို ဆွေးနွေးခဲ့ကြကြောင်း၊ ဆီးရီးယားအရေးနှင့်ပတ်သက်၍ အထူးဆွေးနွေးခဲ့ကြကြောင်း ကရင်မလင်နန်းတော်က ပြောသည်။ တူရကီနှင့် ရုရှားတို့သည် ဆီးရီးယားနိုင်ငံတစ်ဝန်း အပစ်အခတ်ရပ်စဲရေးအတွက် ကြိုးပမ်းဆောင်ရွက်နေသူများဖြစ်ကြပြီး ခေါင်းဆောင်နှစ်ဦးစလုံးသည် အခြားသောကဏ္ဍများတွင်လည်း တိုးမြှင့်ပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေးခဲ့ကြသည်ဟု ကရင်မလင်နန်းတော်မှ သိရသည်။

ထို့ပြင် သမ္မတ ပူတင်မှာလည်း တူရကီသမ္မတ အာဒိုဂန်၏ နောက်တစ်ကြိမ် ပြန်လည်ရွေးကောက်ခံရခြင်းအတွက် ဝမ်းမြောက်ကြောင်း ပြောခဲ့သည်။ **ဆင်ဟွာ**

## နိုင်ငံတကာ သတင်းတိုထွာ

### အစ္စရေးတို့၏ လေကြောင်းမှ တိုက်ခိုက်မှုကြောင့် ပါလက်စတိုင်းနှစ်ဦး သေဆုံး

**ဂါဇာ ဇူလိုင် ၁၅**

ဂါဇာကမ်းမြောင်ဒေသတွင် အစ္စရေးတို့၏ လေကြောင်းမှ ပစ်ခတ်တိုက်ခိုက်မှုများကြောင့် ပါလက်စတိုင်းနှစ်ဦး သေဆုံးခဲ့ရကြောင်း သိရသည်။

ဂါဇာဒေသကို ထိန်းချုပ်ထားသော ဟားမားစ်စစ်သွေးကြွတို့က အမြောက်များဖြင့် ပြန်လည်ပစ်ခတ်ခဲ့သည်။ အစ္စရေး-ဂါဇာနယ်စပ်တွင် ဆန္ဒပြပွဲများဖြစ်ပေါ်လျက်ရှိရာ ယင်းဆန္ဒပြပွဲမှ ပါလက်စတိုင်း နှစ်ဦးကို အစ္စရေးလုံခြုံရေးတပ်ဖွဲ့ဝင်များက ပစ်သတ်ခဲ့သဖြင့် ယခုကဲ့သို့ နှစ်ဖက်တင်းမာမှု ပြန်လည်ပေါ်ပေါက်လာခြင်းဖြစ်သည်။ ပါလက်စတိုင်းဆန္ဒပြသူတစ်ဦးက လက်ပစ်ဗုံးဖြင့် ပစ်ခဲ့၍ အစ္စရေးလုံခြုံရေးတပ်ဖွဲ့ဝင်တစ်ဦး သေဆုံးခဲ့သည်။

စနေနေ့တွင် အစ္စရေးတို့က ပြန်လည်တုံ့ပြန်သည့်အနေဖြင့် ဂါဇာဒေသရှိ ဟားမားစ်အဖွဲ့၏ နေရာပေါင်း ၄၀ ကို ပစ်မှတ်ထားကာ လေကြောင်းမှ တိုက်ခိုက်မှုပြုလုပ်ခဲ့ခြင်းဖြစ်သည်။ ၎င်းတို့ပစ်မှတ်များထဲမှတစ်ခုမှာ ဟားမားစ်အဖွဲ့၏ စစ်ရေးလေ့ကျင့်ရာ နေရာတစ်ခုလည်း အပါအဝင်ဖြစ်သည်။ ယင်းတိုက်ခိုက်မှုများကြောင့် သေဆုံးရသူများမှာ အသက် ၁၅ နှစ်နှင့် ၁၆ နှစ်အရွယ် ယောက်ျားလေးနှစ်ဦးဖြစ်ကြောင်း မီဒီယာများက ပြောသည်။ ဟားမားစ်စစ်သွေးကြွများကလည်း အစ္စရေးနယ်မြေထဲသို့ ဒုံးကျည် ၉၀ ခန့် ပြန်လည်ပစ်ခတ်ခဲ့ကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

### အီသီယိုပီးယားနှင့် အီရီထရီးယားနိုင်ငံတို့ ပုံမှန်ဆက်ဆံရေးပြန်စ

**အဒစ္စအာဘာဘာ ဇူလိုင် ၁၅**

အီရီထရီးယားနိုင်ငံသမ္မတသည် စနေနေ့က အီသီယိုပီးယားနိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်ခဲ့ပြီး နှစ်နိုင်ငံ ရင်းနှီးသည့်ဆက်ဆံရေးကို ပြန်လည်ထူထောင်ခဲ့သည်။

အီသီယိုပီးယား နိုင်ငံသားများသည် မြို့တော်တွင် အီရီထရီးယားနိုင်ငံသမ္မတကို ကြိုဆိုခဲ့ကြသည်။ လွန်ခဲ့သည့် တနင်္ဂနွေနေ့မှစကာ နှစ်နိုင်ငံနယ်စပ်ဂိတ်များပြန်ဖွင့်ရန် သဘောတူညီမှုရရှိပြီး ပုံမှန်ဆက်ဆံရေး ပြန်လည်စတင်နေပြီဖြစ်သည်။

အီသီယိုပီးယားနှင့် အီရီထရီးယားနိုင်ငံတို့သည် နယ်စပ်နယ်မြေအငြင်းပွားမှုဖြင့် ၁၉၉၈ ခုနှစ်တွင် စစ်ပွဲဆင်နွှဲခဲ့သည်။ နှစ်နှစ်ကြာစစ်ပွဲအတွင်း လူထောင်ပေါင်းများစွာ အသက်ဆုံးရှုံးခဲ့ရသည်။ အီသီယိုပီးယားဝန်ကြီးချုပ် အာဘီအာမက်၏ ကြိုးစားမှုဖြင့် ယင်းသို့ ရင်းနှီးသည့်ဆက်ဆံရေး ပြန်လည်ပေါ်ပေါက်လာခြင်းဖြစ်သည်။ နှစ်နိုင်ငံပဋိပက္ခများ ရပ်စဲသွားခြင်းဖြင့် အာဖရိကမှ ဥရောပသို့ ထွက်ပြေးကြသော ဒုက္ခသည်အရေအတွက် လျော့နည်းသွားလိမ့်မည်ဟုလည်း ခန့်မှန်းထားကြသည်။

**အင်န်အိတ်ချ်ကေ**

# လှုပ်လှုပ်ခတ်ခတ်အခြေအနေများနှင့် ပါကစ္စတန်ရွေးကောက်ပွဲ

**ခြူးစန္ဒီမွေး**

ပါကစ္စတန်နိုင်ငံရဲ့ ရွေးကောက်ပွဲဟာ မကြာမီရက်ပိုင်းအတွင်းမှာ စတင်တော့မှာပါ။ ဇူလိုင်လ ၂၅ ရက်မှာ ပြုလုပ်တော့မယ့် ရွေးကောက်ပွဲမတိုင်မီ နိုင်ငံရေးပါတီတွေရဲ့ ပြိုင်ဆိုင်မှုဟာလည်း အပြိုင်အဆိုင်ပါပဲ။

**ရွေးကောက်ပွဲကာလလှုပ်ခတ်မှုများ**

ရွေးကောက်ပွဲကာလ ထုံးစံအတိုင်း တိုင်းပြည်အတွင်းမှာ လှုပ်ခတ်မှုတွေ ရှိနေပါပြီ။ ပြီးခဲ့တဲ့စနေနေ့ကပဲ လူအုပ်အတွင်း အသေခံဗုံးခွဲမှုကြောင့် လူပေါင်း ၁၂၈ ဦး သေဆုံးခဲ့ရပါတယ်။ ဒါ့အပြင် ပါကစ္စတန်ရဲ့ ဝန်ကြီးချုပ်ဟောင်းလည်းဖြစ်၊ နိုင်ငံရေးအရာ ဩဇာကြီးမားသူလည်းဖြစ်တဲ့ မစ္စတာ နာဝပ်ဇ်ရှရစ်ဖ်ကိုလည်း အကျင့်ပျက်ခြစားမှုနဲ့ ဖမ်းဆီးလိုက်တဲ့အခါမှာတော့ နိုင်ငံရေးအရ တင်းမာမှုတွေဟာ ရေချိန်မြင့်သထက် မြင့်လာခဲ့ပါတော့တယ်။ မစ္စတာ နာဝပ်ဇ်ရှရစ်ဖ်ကို သောကြာနေ့တုန်းက လန်ဒန်ကနေ ပါကစ္စတန်အရောက်မှာ အကျင့်ပျက်ခြစားမှုနဲ့ ဖမ်းဆီးလိုက်ပြီး ထောင်ဒဏ် ၁၀ နှစ် ချမှတ်ခဲ့ပါတယ်။

**ဝန်ကြီးချုပ်ဟောင်း အဖမ်းခံရ**

တကယ်ဆိုရင် ဝန်ကြီးချုပ်ဟောင်း မစ္စတာ နာဝပ်ဇ်ရှရစ်ဖ်ရဲ့ ပါတီဖြစ်တဲ့ Pakistan Muslim League (Nawaz) (PML-N) ပါတီဟာ ရွေးကောက်ပွဲမဲဆွယ်စည်းရုံးမှုတွေမှာ ထိပ်ဆုံးကနေ ပြေးနေခဲ့တာပါ။ ရွေးကောက်ပွဲကျင်းပဖို့ ရက်ပိုင်းအလိုမှာတော့ မစ္စတာ ရှရစ်ဖ်နဲ့ သူ့ရဲ့ သမီးဖြစ်သူ မာရမ်တို့ကို ရုတ်တရက်ကြီး ဖမ်းဆီးလိုက်ပါတယ်။ အကျင့်ပျက်ခြစားမှုကော်မရှင်က အရာရှိတွေရဲ့ ဖမ်းဆီးမှုကို ခံလိုက်ရတာပဲဖြစ်တယ်လို့ အစ္စလာမ္မာဘတ်မြို့ အုပ်ချုပ်ရေးအရာရှိတွေရဲ့ ထုတ်ပြန်ချက်အရ သိရ



ထောင်ကိုသွားတဲ့ လမ်းတစ်လျှောက်မှာလည်း လုံခြုံရေးတွေ တင်းတင်းကျပ်ကျပ်ချထားပါတယ်။ မစ္စတာ ရှရစ်ဖ်ကို ဘယ်လိုပြစ်မှုမျိုးနဲ့ ဖမ်းဆီးခဲ့တာပါလဲ။ လတ်တလော သိရတာကတော့ လန်ဒန်မှာ တန်ဖိုးအမြင့်ဆုံး ပစ္စည်းတွေ ဝယ်ယူတာကြောင့်လည်း ပါတယ်လို့ သိရပါတယ်။ သူ့ရဲ့အဖမ်းခံရမှုနဲ့အတူ သူ့ပါတီရဲ့ရွေးကောက်ပွဲကံကြမ္မာကရော အခြေအနေဘယ်လိုရှိမှာလဲ၊ လူထုရဲ့ ကရုဏာသက်မှုနဲ့အတူ ပိုပြီး မဲတွေရလာမှာလား၊ ဒါမှမဟုတ် အစိုးရရဲ့ ဖိနှိပ်မှုအောက် ရောက်သွားမှာလားဆိုတာ တကယ့်ကို စိတ်ဝင်စားစရာပါပဲ။

မစ္စတာရှရစ်ဖ်ကတော့ သူအဖမ်းခံရရင် ထောင်ကိုပဲတိုက်ရိုက်အပို့ခံရမယ်ဆိုတာသိတယ်လို့ သူ့ပါတီက ထုတ်လွှင့်ပြသတဲ့ဗီဒီယိုမှာ ပြောပြထားပါတယ်။

**နိုင်ငံရေးလုပ်ခွင့် အပိတ်ခံရသူ**

မစ္စတာ ရှရစ်ဖ်ဟာ လွန်ခဲ့တဲ့နှစ်ကတည်းက အကျင့်ပျက်ခြစားမှုနဲ့ တရားရုံးချုပ်ရဲ့ ပြစ်ဒဏ်ချမှတ်ထားခြင်းခံရသူဖြစ်ပြီး နိုင်ငံရေးလုပ်ပိုင်ခွင့်ကိုလည်း တစ်သက်တာ အပိတ်ခံထားရသူလည်းဖြစ်တယ်။ ဝန်ကြီးချုပ်ဟောင်း မစ္စတာ ရှရစ်ဖ်ကတော့ ပါကစ္စတန်ပြည်သူလူထုကို အနာဂတ်ခရီးမှာ သူနဲ့အတူ လျှောက်လှမ်းပြီး တိုင်းပြည်ရဲ့ကံကြမ္မာကို အတူတူပြောင်းလဲကြစို့ဆိုပြီး လှုံ့ဆော်မှုတွေ ပြုလုပ်ထားပါတယ်။ ပြီးခဲ့တဲ့ကြာသပတေးနေ့မှာတော့ မစ္စတာ ရှရစ်ဖ်ရဲ့ အစ်ကိုဖြစ်သူ PML-N ပါတီကို ဦးဆောင်ပြီး မဲဆွယ်စည်းရုံးရေးလုပ်ငန်းတွေ လုပ်နေတဲ့ မစ္စတာ ရှာဘတ်က ပါတီက အလုပ်သမားတွေနဲ့ ထောက်ခံသူ ရာကျော်ကို ဖမ်းဆီးတာခံရတယ်လို့ ပြောပါတယ်။ ရွေးကောက်ပွဲကာလ နီးလာပြီဆိုရင် လုံခြုံရေးဆိုတာ အဓိကကျတဲ့ စိန်ခေါ်မှုတစ်ခု ဖြစ်လာပါတယ်။

**သမိုင်းမှာ ရုပ်အဆိုးဆုံးတိုက်ခိုက်မှု**

မဲဆွယ်စည်းရုံးမှုတွေမှာ အကြမ်းဖက်တိုက်ခိုက်မှုဆိုတာ မကြာခဏဆိုသလို ပေါ်ပေါက်လာတတ်ပါတယ်။ အနောက်တောင်ပိုင်း ပြည်နယ်တစ်ခုဖြစ်တဲ့ ဘလူချီစတန်ပြည်နယ်က နိုင်ငံရေးထောက်ခံပွဲမှာ အသေခံဗုံးခွဲမှုကြောင့် လူပေါင်း ၁၂၈ ဦးအထိ သေဆုံးခဲ့ရတာဟာဆိုရင်

> **“အနောက်တောင်ပိုင်းပြည်နယ်တစ်ခုဖြစ်တဲ့ ဘလူချီစတန်ပြည်နယ်က နိုင်ငံရေးထောက်ခံပွဲမှာ အသေခံဗုံးခွဲမှုကြောင့် လူပေါင်း ၁၂၈ ဦးအထိ သေဆုံးခဲ့ရတာဟာဆိုရင် ပါကစ္စတန်သမိုင်းမှာ ရုပ်အဆိုးအကျည်းတန်ဆုံး တိုက်ခိုက်ခံရမှုဖြစ်”**

ပါကစ္စတန်သမိုင်းမှာ ရုပ်အဆိုးအကျည်းတန်ဆုံးတိုက်ခိုက်ခံရမှု ဖြစ်သွားပါတော့တယ်။ အဲဒီတိုက်ခိုက်မှုရဲ့ အဓိကလက်သည်ကတော့ အိုင်အက်စ်အကြမ်းဖက်အုပ်စုပါပဲ။ အိုင်အက်စ်တွေဟာ အင်အားလျော့နည်းလာတာ အမှန်ဖြစ်ပေမယ့် သူတို့အုပ်စုရဲ့ ဖျက်ဆီးနိုင်စွမ်းကလည်း မသေးပါဘူး။ ဒါကတော့ လူသေဆုံးမှုများပြီး ကြီးမားတဲ့ ပျက်စီးဆုံးရှုံးမှုပါ။ ဒီတိုက်ခိုက်မှုမဖြစ်ခင်ကလည်း နိုင်ငံရဲ့အနောက်မြောက်ပိုင်းမှာ နိုင်ငံရေးသမားတွေရဲ့ လုံခြုံရေးသမားတွေကို ပစ်မှတ်ထားတိုက်ခိုက်ခံရလို့ လူလေးဦး သေဆုံးခဲ့ရပါတယ်။ ဘယ်သူဘယ်ဝါရဲ့ လက်ချက်ဆိုတာကိုတော့ အခုထိ မသိရသေးပါဘူး။ နောက်ထပ်တိုက်ခိုက်မှုတစ်ခုကတော့ ပတ်ရှ်ဝါပြည်နယ်မှာ ဖြစ်ပွားခဲ့တာပါ။ ပတ်ရှ်ဝါပြည်နယ်မှာ ပြုလုပ်တဲ့ နိုင်ငံရေးထောက်ခံပွဲမှာ ပါကစ္စတန် တာလီဘန်တွေရဲ့ ဗုံးခွဲတိုက်ခိုက်မှုကြောင့် လူပေါင်း ၂၂ ဦး သေဆုံးခဲ့ရပါတယ်။

**နိုင်ငံရဲ့လုံခြုံရေးကို စိန်ခေါ်လျက်ရှိ**

ဒီဖြစ်ရပ်တွေကို ကြည့်မယ်ဆိုရင် ပါကစ္စတန်ရဲ့လုံခြုံရေးကို မီးမောင်းထိုးပြနေသလိုပါပဲ။ ပါကစ္စတန်နိုင်ငံဟာ မကြာသေးခင်နှစ်တွေအတွင်းကမှ သူ့နိုင်ငံရဲ့ လုံခြုံရေးကို အဆင့်မြှင့်တင်နေတာပဲဖြစ်တယ်။ ဒါပေမယ့်လည်း အစွန်းရောက်တွေကြောင့် ဖြစ်ပေါ်လာရတဲ့ အကြမ်းဖက်မှုတွေကိုတော့ နိုင်ငံရေးသမားတွေရော လုံခြုံရေးသမားတွေပါ ကိုင်တွယ်နိုင်ဖို့ဆိုတာ မလွယ်ပါဘူးလို့ လေ့လာသူတွေက သတိပေးခဲ့ပါတယ်။ ရွေးကောက်ပွဲကာလတွေမှာ လုံခြုံရေးကို အထူးဂရုပြုရတာကတော့ ပုံမှန်လုပ်လေ့လုပ်ထရှိတဲ့ လုပ်ငန်းစဉ်တစ်ခုပါပဲ။ ပါကစ္စတန်တပ်ဖွဲ့ကတော့ လုံခြုံရေးဆိုင်ရာခြိမ်းခြောက်မှု အန္တရာယ်တွေရှိတယ်ဆိုပြီး သတိပေးမှုတွေ ပြုလုပ်ထားပြီး ရွေးကောက်ပွဲကျင်းပမယ့်နေ့မှာ တပ်ဖွဲ့ဝင်ပေါင်း သုံးသိန်းခုနစ်သောင်းကျော်ထိ တပ်ဖြန့်ချထားပေးမယ်လို့ ပြောပါတယ်။

**ခရစ်ကတ်စတားရဲ့ပါတီ**

ပါကစ္စတန်တပ်ဖွဲ့ဟာ ရွေးကောက်ပွဲမှာ လွှမ်းမိုးမှုတွေ အများကြီးရှိတယ်။ မီဒီယာနဲ့ နိုင်ငံရေးသမားတွေအပေါ် နှိပ်ကွပ်မှုတွေရှိတယ်။ နောက်ပြီး PML-N ပါတီ အနိုင်မရရှိစေရေး ရွေးကောက်ပွဲမှာ ကြိုးကိုင်ခြယ်လှယ်မှုတွေ ရှိတယ်ဆိုပြီး စွပ်စွဲခံထားရပါတယ်။ ပါကစ္စတန်ရွေးကောက်ပွဲမှာ PML-N ပါတီနဲ့ အဓိကပြိုင်ဘက်ဖြစ်နေတဲ့ ပါတီကတော့ ခရစ်ကတ်စတား Imran Khan ဦးဆောင်တဲ့ Pakistan Tehreek –e- Insaf (PTI) ဆိုတဲ့ ပါတီပဲဖြစ်တယ်။ မစ္စတာ ရှရစ်ဖ်ရဲ့ ဇနီးသည်ဖြစ်သူဟာ ကင်ဆာရောဂါ ခံစားနေရသူဖြစ်ပြီး လန်ဒန်မှာ ရောဂါသွားကုနေရတာလည်းဖြစ်တယ်။ ဇနီးသည်ရဲ့ ရောဂါကိုကုဖို့ လန်ဒန်ကိုသွားနေကတည်းက မစ္စတာ ရှရစ်ဖ်ရဲ့ PML-N ပါတီဟာ ဖရိုဖရဲဖြစ်နေပြီး မဲဆွယ်စည်းရုံးမှုတွေလည်း သေသေချာချာ မလုပ်နိုင်ပါဘူး။ လတ်တလော စစ်တမ်းကောက်ယူမှုတွေအရ ခရစ်ကတ်စတား ဦးဆောင်တဲ့ PTI ပါတီဟာ လူကြိုက်များနေပြီး ဝန်ကြီးချုပ်ဟောင်း ရှရစ်ဖ်ရဲ့ PML-N ပါတီကို ပြိုင်နိုင်တဲ့အနေအထားမှာ ရောက်နေပါတယ်။

မစ္စတာ နာဝပ်ဇ်ရှရစ်ဖ်ဆိုတာလည်း တကယ့်ကို အစဉ်အလာကြီးမားတဲ့ နိုင်ငံရေးသမားတစ်ယောက်ပါ။ သူဟာ ၁၉၉၃ ခုနှစ်မှာ ပထမဦးဆုံးအကြိမ်အဖြစ် အကျင့်ပျက်ခြစားမှုနဲ့ ဝန်ကြီးချုပ်နေရာကနေ နုတ်ထွက်ခဲ့ရပါတယ်။ ၁၉၉၉ ခုနှစ်မှာလည်း အာဏာသိမ်းမှုနဲ့ ကြုံတွေ့ရတဲ့အတွက် ဒုတိယအကြိမ် ဝန်ကြီးချုပ်ရာထူးနေရာကနေ ဖယ်ပေးလိုက်ရပါတယ်။ အဲဒီနောက်မှာတော့ အကျင့်ပျက်ခြစားမှုအတွက် တရားရင်ဆိုင်ခဲ့ရပါတယ်။ အဲဒီနောက်မှာတော့ သူဟာ နယ်နှင်ဒဏ်ပေးခံရပြီး ဆော်ဒီကို ထွက်သွားခဲ့ပါတယ်။ ဒါပေမယ့်လည်း ၂၀၀၇ ခုနှစ်မှာ တိုင်းပြည်ကို ပြန်လာခဲ့ပြီး ၂၀၁၃ ခုနှစ်မှာ တတိယအကြိမ် ဝန်ကြီးချုပ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြန်ပါတယ်။ ဒါကြောင့် မစ္စတာ ရှရစ်ဖ်ကို ထောက်ခံမှုမသေးဘူးဆိုတာကို မြင်တွေ့နိုင်ပါတယ်။ အပြိုင်အဆိုင်ပြင်းထန်ပြီး အကြမ်းဖက်ခြိမ်းခြောက်မှုတွေနဲ့ ပြည့်နေတဲ့ ရွေးကောက်ပွဲမှာ ဘယ်သူက အောင်အောင်မြင်မြင်နဲ့ အနိုင်ရရှိသွားမှာလဲ၊ နောက်ထပ် အကြမ်းဖက်မှုတွေနဲ့ မကြုံတွေ့ရအောင် ဘယ်လိုဆောင်ရွက်သွားမလဲဆိုတာကို သိရဖို့ကတော့ ရက်ပိုင်းသာ လိုပါတော့တယ်။ ။

**ကိုးကား- အေအက်ဖ်ပီ**

# ငြိမ်းချမ်းသည့် ဖွံ့ဖြိုးတိုးတက်စည်းလုံးညီညွတ်သော နိုင်ငံကြီးဖြစ်အောင် ....

**သတင်းဆောင်းပါး - သန်းထိုက်၊ ဓာတ်ပုံ - သန်းစိုး**

**"ဖေဖေဆုံးတော့ မေမေက ၂၄နှစ်ပဲရှိသေးတယ်။ အစ်ကိုကြီးက ခုနစ်နှစ်၊ အစ်ကိုလတ်က ငါးနှစ်နဲ့ ကျွန်တော်က နှစ်နှစ်နီးပါးပဲ ရှိသေးတယ်။ အင်းလျားလမ်း (၂၈/က)မှာ ဘကြီး ဦးဖိုးလှရဲ့ အိမ်မှာ မိသားစုနေကြတာပါ။ ဖေဖေက ရုံးကို မသွားခင်မှာ အစ်ကိုကြီးနဲ့ ကျွန်တော့်ကို ကားပေါ်တင်ပြီး အမြဲတမ်းခြံထဲမှာ ကားပတ်မောင်းပေးပြီးမှ ရုံးကို သွားတတ်တယ်။ ဖေဖေကျဆုံးမယ့်နေ့မှာလည်း ရုံးမသွားခင်မှာ သားတွေကို ကားပေါ်တင် ခြံထဲလှည့်ပတ်စီးပြီးမှ ရုံးကိုသွားတယ်လို့ မေမေကပြောတယ်"ဟု အာဇာနည် ဦးအုန်းမောင်၏ သားအငယ်ဆုံးဖြစ်သူ အငြိမ်းစားပါမောက္ခ ဦးမင်းမြတ်က သတိတရပြောပြသည်။**



ဦးအုန်းမောင်

ဎင်းက ဆက်လက်၍ "တိုင်းပြည် ခေါင်းဆောင်တွေဟာ လွတ်လပ်ရေးနဲ့ငြိမ်းချမ်းရေးအတွက် အသက်စွန့်ပြီး လုပ်ခဲ့ကြတာပါ။ အခုလုပ်ဆောင်နေတဲ့ (၂၁) ရာစု ပင်လုံလိုပဲ ဗိုလ်ချုပ်လည်း တိုင်းရင်းသားစည်းလုံးညီညွတ်ရေးအတွက် ပင်လုံညီလာခံကို လုပ်ခဲ့တယ်။ တောင်ပေါ်၊ မြေပြန့်ခရီးနှင်ပြီး စည်းရုံးရေးလုပ်ခဲ့တယ်။ ဒေသအသီးသီးသွားတဲ့အခါမှာ အဆင်ပြေပေမယ့် ကချင်ပြည်နယ်မှာ အခက်အခဲ နည်းနည်းကြုံရတယ် ထင်တယ်။ မြစ်ကြီးနားမှာ ဖေဖေက တိုင်းမင်းကြီးလုပ်ခဲ့တယ်ဆိုတော့ ဆမားဒူးဝါးဆင်ဝါးနော်က ပုဂ္ဂိုလ်ရေးအရ ခင်မင်လေးစားတယ်။ တစ်ရက်မှာ ဝန်ကြီးဦးကျော်ငြိမ်းနဲ့ ဗိုလ်လက်ျာတို့ အိမ်ရောက်လာပြီး ဗိုလ်ချုပ်အောင်ဆန်းမှာတဲ့



အတွင်းဝန် ဦးအုန်းမောင်၏ ဇနီး
ဒေါ်သိန်းကြွယ်

အတိုင်း ဖေဖေ့ကို ကချင်ပြည်နယ်ကို သွားဖို့လာပြောတယ်။ လေထိုးလို့ ညတိုင်းငိုတတ်တဲ့ ကျွန်တော့်ကို ဖေဖေက ချီပြီး ချော့သိပ်လေ့ရှိတယ်။ အဲဒီနေ့ကလည်း နေမကောင်းဖြစ်နေတယ်။ အဲဒါကို ဗိုလ်ချုပ်ကလည်း သိတယ်။ ကလေးအတွက် စိတ်မပူဖို့နဲ့ အကြောင်းရှိလို့ ရန်ကုန်ပြန်လာရမယ်ဆိုရင်လည်း လေယာဉ်နဲ့ အချိန်မရွေးခေါ်ပေးပါ့မယ်လို့ ပြောတယ်။ တိုင်းပြည်အတွက် အရေးကြီးကိစ္စဖြစ်တာကြောင့် နောက်တစ်ရက်မှာ မြစ်ကြီးနားကို ဖေဖေထွက်သွားတယ်။ ကျွန်တော်ကတော့ ညဆိုရင် ပုံမှန်အတိုင်း လေနာရောဂါကြောင့် ငိုနေတာပဲလို့ ပြောတယ်"ဟု ပြောပြသည်။

### စည်းလုံးမှုရခဲ့

ဦးမင်းမြတ်က ဆက်လက်၍ "ဖေဖေ မြစ်ကြီးနားကို ရောက်တော့ ဆမားဒူးဝါးဆင်ဝါးနော်နဲ့ တွေ့ဖြစ်တယ်။ ဗိုလ်ချုပ်မှာတဲ့အတိုင်း ပြောပြတယ်။ သူရန်ကုန်လိုက်ရင် ဖေဖေ့အိမ်မှာပဲနေလိုတယ်လို့ ပြောတယ်။ အဲဒါနဲ့ ရန်ကုန်လိုက်ပါလာပြီး အိမ်မှာတစ်ပတ်၊ ၁၀ ရက်နေပြီး ဗိုလ်ချုပ်နဲ့တွေ့ဖြစ်တယ်။ ဖေဖေမြစ်ကြီးနားကနေ ရန်ကုန်ကို မပြောင်းခင်မှာ ကချင်ပြည်နယ်က ဓားနဲ့လှံ လက်ဆောင်ပေးတယ်။ ဗိုလ်ချုပ်အောင်ဆန်း ကချင်ပြည်နယ်ကိုရောက်တော့ အဆင်ပြေခဲ့တယ်။ ပင်လုံစာချုပ်ချုပ်ဆိုဖို့ တိုင်းရင်းသားတွေ စည်းလုံးမှုရခဲ့တယ်လို့ ဆိုရမှာပါ။

"အာဇာနည်နေ့ကို စတင်ကျင်းပတာက သမ္မတကြီး မန်းဝင်းမောင် လက်ထက် ဗိမာန်အဟောင်းမှာ ကျင်းပပါတယ်။ ကျွန်တော်တို့ သိတတ်တဲ့အရွယ်ရောက်နေပြီ။ ဒေါ်ခင်ကြည်က သားနဲ့ သမီးကိုခေါ်ပြီး အာဇာနည်ဗိမာန်ကို လာတယ်။ ဗိမာန်ဘေးမှာ ဧည့်ခံမဏ္ဍပ်ထားတယ်။ ထိပ်ဆုံးမှာ ဒေါ်ခင်ကြည်နဲ့ မိသားစုရပ်ပြီး ဘေးမှာအာဇာနည်မိသားစုဝင်တွေ တန်းစီပြီး ရပ်ကြတယ်။ သမ္မတကြီး မန်းဝင်းမောင်က ဒေါ်ခင်ကြည်က စပြီး တစ်ဦးစီကို နှုတ်ဆက်အားပေးစကား ပြောတယ်။ မနက် ၇ နာရီခွဲမှာ သမ္မတကြီးနဲ့ စကားပြောပြီး ၈ နာရီမှာ ဂုဏ်ပြုတပ်ဖွဲ့နဲ့ အုတ်ဂူရှေ့မှာ ပန်းခွေချတယ်။ ပြီးတာနဲ့ အာဇာနည်ခေါင်းဆောင်မိသားစုက တစ်ပြိုင်တည်း အာဇာနည်ခေါင်းဆောင်တွေရဲ့ ရှေ့မှာ ပန်းခွေတွေချတယ်။ အာဇာနည်ခေါင်းဆောင် မိသားစုဝင်တွေ အားလုံး တစ်စည်းတစ်လုံးတည်း ပန်းခွေချရတာကို ရင်ထဲမှာ ကျေနပ်ပီတိဖြစ်ရပါတယ်"ဟု ပြောကြားသည်။

### တိုင်းပြည်လွတ်လပ်ရေး ရင်းနှီးစွာတိုင်ပင်

အတွင်းဝန် ဦးအုန်းမောင်တွင် သားသုံးဦးကျန်ရစ်ခဲ့ပြီး ယနေ့တိုင် သက်ရှိထင်ရှားရှိကြသည်။ အကြီးဆုံးမှာ ဦးတင်မောင်သိန်း ၇၉ နှစ်၊ သားလတ် ဦးကိုကိုလှ ၇၇ နှစ်နှင့် သားငယ် ဦးမင်းမြတ် ၇၃ နှစ်တို့ဖြစ်သည်။ ကျဆုံးသွားသော အာဇာနည်ခေါင်းဆောင်ကိုးဦး၏ ဇနီးသည်များအနက် ယနေ့တိုင် သက်ရှိထင်ရှားကျန်ရစ်သူမှာ အတွင်းဝန် ဦးအုန်းမောင်၏ ဇနီး ဒေါ်သိန်းကြွယ် ၉၅ နှစ်ဖြစ်ကာ ကျန်းမာရေးအတွက် သားသုံးဦးမှ ဂရုစိုက်လျက်ရှိသည်။

အတွင်းဝန် ဦးအုန်းမောင် ကျဆုံးချိန်တွင် ဎင်း၏ အသက်မှာ ၃၄ နှစ် ဖြစ်ပြီး ဗိုလ်ချုပ်မှာ ၃၂ နှစ် ဖြစ်သောကြောင့်



အတွင်းဝန် ဦးအုန်းမောင်၏ သား
ဦးမင်းမြတ် (ပါမောက္ခ-ငြိမ်း)

အသက်အရွယ် မတိမ်းမယိမ်းဖြစ်၍ တိုင်းပြည်လွတ်လပ်ရေးအတွက် တစ်ဦးနှင့်တစ်ဦး ပွင့်လင်းရင်းနှီးစွာ တိုင်ပင်ဖော်တိုင်ပင်ဖက် ဖြစ်ခဲ့သည်။

အတွင်းဝန် ဦးအုန်းမောင်၏ ဇနီး ဒေါ်သိန်းကြွယ်က "သူ့ကို လမ်းပန်းဆက်သွယ်ရေး အတွင်းဝန်အဖြစ် တာဝန်ပေးတော့ မြစ်ကြီးနားအရေးပိုင်ကနေ ရန်ကုန်ကို ပြောင်းလာတယ်



အတွင်းဝန် ဦးအုန်းမောင်၏ မိသားစု

အင်းလျားလမ်းမှာ သူကျဆုံးတဲ့အထိ နေခဲ့တယ်။ သူဆုံးမယ့်နေ့မှာ သူ့ရုံးက အဖွဲ့တွေကို အိမ်မှာ ၁၂ နာရီ အစည်းအဝေး ခေါ်ထားလို့ ဗိုလ်ချုပ်တို့ နံနက် ၁၀ နာရီစမယ့် အစည်းအဝေးမှာ သူတင်ပြစရာ တင်ပြပြီး ဗိုလ်ချုပ်ကို ခွင့်တောင်းပြီး ပြန်လာမယ်။ ဧည့်သည်တွေကို ဧည့်ခံထားဖို့ မှာခဲ့သေးတယ်။

"အစည်းအဝေးက နံနက် ၁၀ နာရီစမယ်လို့ ဗိုလ်ချုပ်က ပြောထားတော့ နံနက် ၉ နာရီ မထိုးခင်လေးမှာ ကားနဲ့ထွက်သွားတယ်။ နံနက် ၁၀ နာရီခွဲမှာ ကျွန်မအစ်ကိုရဲ့မိတ်ဆွေဖြစ်တဲ့ ဘားလမ်းမှာနေတဲ့ရှေ့နေက အတွင်းဝန်ရုံးမှာ ပစ်ခတ်လို့ ဗိုလ်ချုပ်နဲ့ အစည်းအဝေးတက်တဲ့သူတွေထိကြတယ်လို့ လူလွှတ်ပြီး လာပြောပေးတယ်။ စိတ်ပူပြီး ဆေးရုံကို သွားကြည့်တော့ သေနတ်ပစ်ခံရတယ် ဆိုတာသိရတယ်။ အရေးပေါ်ခန်းကို ဝင်ခွင့်မပေးဘူး။ ရင်တွေပူပြီး ငိုတာပေ့ါလေ။ လူတွေလည်း အများကြီးပဲ။ မိတ်ဆွေတွေက အိမ်ပြန်ပို့ပေးတယ်။

### ဝမ်းနည်းဆုံးနေ့ တစ်နေ့

"အိမ်မှာလည်း သတင်းလာမေးတဲ့ လူတွေရောက်နေပြီ။ ဗိုလ်ချုပ်တို့လုပ်ကြံခံရတာ ချက်ချင်း သတင်းပျံ့သွားပုံရတယ်။ လူကလည်း ဘာမှမပြောနိုင်ပေ့ါလေ။ ကျွန်မက ညီအစ်မ လေးဦးမှာ တတိယပါ။ အစ်မအကြီးဆုံးက လာတဲ့ဧည့်သည်တွေကို ဖြေရမှာ ခက်နေမှာစိုးလို့ အိမ်အပေါ်ထပ်ကို ကျွန်မကို တွဲပြီး ခေါ်သွားတယ်။ တစ်နေ့လုံး၊ တစ်ညလုံး ငိုနေမိတယ်။ အဲဒီနေ့ကတော့ မိသားစုရဲ့ ဝမ်းနည်းဆုံးနေ့တစ်နေ့ပါပဲ"ဟု အဘွား ဒေါ်သိန်းကြွယ်က ပြောပြနေသည်။

ဦးအုန်းမောင်သည် မင်းဘူးမြို့ မစ္စတာ အိပ်ချ်ဒဗလျူ တရပ်(တ်)ဝိန်းနှင့် ဒေါ်ရွှေမြင့်တို့၏ ဒုတိယသားဖြစ်သည်။ ၁၉၁၃ ခုနှစ် ဖေဖော်ဝါရီလ ၂ ရက် တနင်္ဂနွေနေ့တွင် ဖွားမြင်သည်။ တက္ကသိုလ်ကျောင်းသားဘဝက ရန်ကုန်တက္ကသိုလ်တပ်ရင်းတွင် တပ်ခွဲတပ်ထောက်အဖြစ် ဆောင်ရွက်ခဲ့ပြီး ၁၉၃၄ ခုနှစ်တွင် ဝိဇ္ဇာတန်းအောင်မြင်၍ ၁၉၃၇ ခုနှစ်တွင် အိုင်စီအက်(စ်) စာမေးပွဲဖြေသူ သုံးဦးအနက် ပထမရခဲ့သည်။ ၁၉၃၉ ခုနှစ်တွင် မန္တလေးမြို့ အရှေ့နယ်ပိုင်ဝန်ထောက်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၄၇ ခုနှစ်တွင် မြစ်ကြီးနားမြို့ အရေးပိုင်၊ ထိုမှ လမ်းပန်းဆက်သွယ်ရေးအတွင်းဝန်အဖြစ် ခန့်အပ်ခြင်းခံရသည်။

### ထူးခြားတဲ့ အာဇာနည်

"မနှစ်က အာဇာနည်နေ့ အခမ်းအနား ပြောင်းလဲမှုတွေကို တွေ့ရတော့ အားရကျေနပ်မှု ရှိပါတယ်။ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး ပိုပြီးအရေးကြီးလာပြီလို့ မြင်တယ်။ (၂၁) ရာစု ပင်လုံကိုလည်း စိတ်ဝင်စားတယ်။ အာဇာနည်ဆိုတာ အဓိပ္ပာယ်ဖွင့်ဆိုချက်က တစ်သမတ်တည်းတော့မရှိဘူး။ ဖြစ်တဲ့အခြေအနေ၊ ဖြစ်တဲ့အချိန်အခါနဲ့ ဖြစ်ရပ်ပေါ် မူတည်ပြီး အာဇာနည်ပုံရိပ်က ကွာသွားတယ်။ ဗိုလ်ချုပ်အောင်ဆန်းလို အာဇာနည်ကတော့ ထူးခြားတယ်။ ကျောင်းသားဘဝကတည်းက သခင်ဖြစ်ခဲ့တယ်။ ရဲဘော်သုံးကျိပ်ဝင်လည်း ဖြစ်ခဲ့တယ်။ ပညာလည်း တော်တယ်။ ပြီးတော့သတ္တိလည်းရှိတယ်၊ ဇွဲရှိတယ်၊ အောင်မြင်အောင်လည်း ဆောင်ရွက်နိုင်တယ်။ စည်းရုံးရေးလည်း တော်တယ်။

"ဒါကြောင့် ကျန်တဲ့ခေါင်းဆောင်တွေ၊ တိုင်းရင်းသားခေါင်းဆောင်တွေက လေးစားကြတာပါ။ ကျွန်တော်တို့လည်း ဗိုလ်ချုပ်ကို ငယ်ငယ်ကတည်းက အတုခိုးခဲ့တာပါ။ လူငယ်တွေကို မှာချင်တာက ဟိုတစ်ချိန်က ဗိုလ်ချုပ်အောင်ဆန်းလို ရှားရှားပါးပါးခေါင်းဆောင်ကောင်းကို ရခဲ့တယ်။ သမိုင်းရဲ့ ဖြစ်စဉ်ကို ကြည့်ပြီး နောင်တရ၊ သင်ခန်းစာ ယူဖို့ကောင်းပြီ။

*စာမျက်နှာ ၁၇ သို့*

## ဦးအုန်းမောင်

(၂ ဖေဖော်ဝါရီ ၁၉၁၃ - ၁၉ ဇူလိုင် ၁၉၄၇)

**ဦးအုန်းမောင်သည် မင်းဘူးမြို့ မစ္စတာ အိပ်ချ်ဒဗလျူ တရပ်(တ်)ဝိန်း၊ ဒေါ်ရွှေမြင့်တို့၏ ဒုတိယသားဖြစ်သည်။ မွေးသက္ကရာဇ်မှာ ၁၉၁၃ ခု ဖေဖော်ဝါရီလ ၂ ရက် တနင်္ဂနွေနေ့ဖြစ်သည်။ တက္ကသိုလ်ကျောင်းသားဘဝက ရန်ကုန်တက္ကသိုလ်တပ်ရင်းတွင် တပ်ခွဲတပ်ထောက်အဖြစ် ဆောင်ရွက်ခဲ့သည်။**

၁၉၃၄ ခုနှစ်တွင် ဝိဇ္ဇာတန်းအောင်သည်။ ၁၉၃၇ ခုတွင် အိုင်စီအက်(စ်) စာမေးပွဲဖြေသူ သုံးဦးအနက် ပထမရသည်။ ၁၉၃၉ ခုတွင် မန္တလေးမြို့အရှေ့နယ်ပိုင်ဝန်ထောက်အဖြစ် ဆောင်ရွက်ခဲ့သည်။

၁၉၄၇ ခုနှစ်တွင် မြစ်ကြီးနားအရေးပိုင်အဖြစ် ခန့်အပ်ခြင်းခံရသည်။

ထို့နောက် လမ်းပန်းဆက်သွယ်ရေးအတွင်းဝန်အဖြစ် ခန့်အပ်ခြင်းခံရသည်။

၁၉၄၇ ခု ဇူလိုင်လ ၁၉ ရက်နေ့ စနေနေ့ နံနက် ၁၀ နာရီ ၃၇ မိနစ်တွင် လုပ်ကြံခံရသည်။

> **" အာဇာနည်ဆိုတာ အဓိပ္ပာယ်ဖွင့်ဆိုချက်က တစ်သမတ်တည်းတော့ မရှိဘူး၊ ဖြစ်တဲ့အခြေအနေ၊ ဖြစ်တဲ့အချိန်အခါနဲ့ ဖြစ်ရပ်ပေါ်မူတည်ပြီး အာဇာနည်ပုံရိပ်က ကွာသွားတယ်၊ ဗိုလ်ချုပ်အောင်ဆန်းလို အာဇာနည်ကတော့ ထူးခြားတယ်၊ ကျောင်းသားဘဝကတည်းက သခင်ဖြစ်ခဲ့တယ်၊ ရဲဘော်သုံးကျိပ်ဝင်လည်း ဖြစ်ခဲ့တယ်၊ ပညာလည်း တော်တယ်၊ ပြီးတော့ သတ္တိလည်းရှိတယ်၊ ဇွဲရှိတယ်၊ အောင်မြင်အောင်လည်း ဆောင်ရွက်နိုင်တယ်။"**

# ပြာညိုညို ဝါဆိုမိုး

❊ စိုးထိတ်ဖွယ်ကို
မိုးရိပ်ကယ် ညိုပြာဖွဲ့
ပြိုမှာတဲ့လေလား။
ဝဋ္ဋာတစ်ခို
ပြာညိုညို ဝါဆိုမိုးရယ်
ငြိုးရက်လေအား။

❊ ပြေ(ပြည်)တစ်ခွင်
ဖြေမရှင်သည်ကာလ။
ပုန်းညက်တွေ ကြွေတဲ့လမ်းမှာ
လွမ်းမျက်ရည်ကျ။

❊ အတိတ်ကို တွေးဆတော့
ဆွေးရတဲ့ပြည်သူတွေ။
အာဇာနည် သည်တစ်နေ့
မမေ့နိုင်ပေ။
ပန်းတွေနဲ့ လွှမ်းလို့ဝေ
ဇာနည်တွေ ကြွေလွင့်။
နာကြည်းစွာ မမြင်ရဲပေဘူး
ရင်ထဲမှာနင့်။

❊ သင်ခန်းစာ ဖော်ထုတ်လို့
သရုပ်မှန် ထင်လင်းစွာ။
တို့ပြည်သူရင်ထဲ
စွဲမှတ်ရမှာ။
ညီညွတ်မှုကင်းတဲ့ခါ
ဝင်လာပေါ့ အဖျက်သမား။
နွားကွဲလို့ ကျားဆွဲပါ
အစဉ်အလာ ဆိုရိုးစကား။
ရိုးရိုးကလေးပေမယ့်
အမျိုးမျိုးတွေးပါကွဲ့
ပြည်မြန်မာ အရှည်ခံ့ပါလို့
တည်တံ့ခိုင်မာစေဖို့
သွေးချင်းတွေ ညီညွတ်မှု
ရှေးရှုစို့လား။

❊ သြော်... စိုးထိတ်ဖွယ်ကို
မိုးရိပ်ကယ် ညိုပြာဖွဲ့
ပြိုမှာတဲ့လေလား။
ဝဋ္ဋာတစ်ခို
ပြာညိုညို ဝါဆိုမိုးရယ်
ငြိုးရက်လေအား။ ။

(၇၁ နှစ်မြောက် အာဇာနည်နေ့ကို ဂုဏ်ပြုလျက်-)

**မြင်းမူမောင်နိုင်မိုး**

*စာမျက်နှာ ၁၆ မှ အဆက်*

(၂၁) ရာစု ပင်လုံညီလာခံမှာလည်း တိုင်းရင်းသား အားလုံး စည်းစည်းလုံးလုံး ပါဝင်သင့်တယ်။ အာဇာနည် ခေါင်းဆောင်ကြီးတွေ အသက်ပေးပြီး ရယူခဲ့တဲ့ လွတ်လပ်ရေး တည်တံ့ခိုင်မြဲဖို့ ကြိုးပမ်းဆောင်ရွက်မှုကို အားလုံးဝန်းရံပေးဖို့ လိုပါတယ်။

ပြီးခဲ့တဲ့ သမိုင်းဖြစ်စဉ်ကို သင်ခန်းစာယူဖို့ မမေ့စေလိုပါဘူး။ အဲဒါမျိုး မဖြစ်အောင် အားလုံးမှာ တာဝန်ရှိတယ်လို့မြင်တယ်။ ငြိမ်းချမ်းရေးမှာ မိမိကျရာ အခန်းကဏ္ဍကနေ တစ်ဦးနဲ့ တစ်ဦး သည်းခံနားလည်ပြီး သမိုင်းကောင်းရေးထိုးကြပါလို့ တိုက်တွန်းလိုပါတယ်” ဟု ဦးမင်းမြတ်က ပြောသည်။



အတွင်းဝန် ဦးအုန်းမောင်၏ ကျန်ရစ်သူမိသားစု

အတွင်းဝန် ဦးအုန်းမောင်သည် အင်္ဂလန်မှ ICS အောင်မြင်သူ ဖြစ်သောကြောင့် ကျဆုံးပြီးနောက် ဇနီးဖြစ်သူကို ပင်စင်ငွေ ယနေ့တိုင်ပေးသည့်အပြင် သားသုံးဦးအတွက် ပညာသင်ထောက်ပံ့ငွေကိုလည်း အသက် ၂၄ နှစ်ထိ အင်္ဂလန်မှ ထောက်ပံ့ခဲ့ကြောင်း သိရသည်။

မကြာမီ အာဇာနည်နေ့ ကျရောက်တော့မည်ဖြစ်သည်။ မြန်မာပြည် လွတ်လပ်ရေးရရှိရန် အသက်ပေါင်းများစွာ ပေးဆပ်ခဲ့ရသည်။ လွတ်လပ်ရေးအတွက် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို အာဇာနည်ခေါင်းဆောင်များ ကြိုးပမ်းခဲ့ကြရသည်။ တိုင်းပြည်အတွက် အသက်ပေးသွားခဲ့သော အာဇာနည်ခေါင်းဆောင်များကို လွမ်းဆွတ်သတိရ၊ ကျေးဇူးတင်သောအားဖြင့် အာဇာနည်ခေါင်းဆောင်ကြီးများ မျှော်မှန်းဆောင်ရွက်ခဲ့သော ငြိမ်းချမ်းသည့် ဖွံ့ဖြိုးတိုးတက် စည်းလုံးညီညွတ်သော မြန်မာနိုင်ငံကြီးဖြစ်အောင် မြန်မာပြည်သူ ပြည်သားအားလုံးက ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းရေးသား တင်ပြလိုက်ရပါသည်။ ။

# အာဇာနည်ခေါင်းဆောင်ကြီး ကိုးဦး၏ ပုံတူပန်းချီပြိုင်ပွဲကျင်းပ

**ဟင်္သာတ ဇူလိုင် ၁၅**

မြန်မာနိုင်ငံ ပန်းချီပန်းပုအစည်းအရုံး(ဟင်္သာတခရိုင်)၊ အခြေခံပညာဦးစီးဌာနနှင့် ဟင်္သာတခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်းကျင်းပသည့် (၇၁)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် အာဇာနည်ခေါင်းဆောင်ကြီး ကိုးဦး၏ ပုံတူပန်းချီပြိုင်ပွဲကို ဇူလိုင် ၁၄ ရက်က အမှတ်(၅)အခြေခံပညာအထက်တန်းကျောင်း အမျိုးသားခန်းမ၌ ကျင်းပခဲ့သည်။

အဆိုပါပြိုင်ပွဲတွင် ဟင်္သာတမြို့နယ်ကျောင်းများမှ အခြေခံပညာအထက်တန်းဆင့် ခုနစ်ဦး၊ အလယ်တန်းဆင့် ၃၆ ဦး၊ မူလတန်းဆင့် ၁၁ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး ဆုရရှိသူများအား ဇူလိုင် ၁၅ ရက်တွင် အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပမည့် မြန်မာနိုင်ငံပန်းချီပန်းပုအစည်းအရုံး (ဟင်္သာတခရိုင်)မှ အာဇာနည်ခေါင်းဆောင်ကြီး ကိုးဦး၏ ပုံတူပန်းချီကားချပ်များအား အာဇာနည်နေ့ အခမ်းအနားဖြစ်မြောက်ရေးကော်မတီထံသို့ ပေးအပ်လှူဒါန်းသည့် အခမ်းအနားတွင် ဂုဏ်ပြုတံဆိပ်များ ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

**ကျော်ကျော်(ပြန်/ဆက်)**



# ယနေ့ ဈေးကွက်ပေါက်ဈေးများ

၁၅-၇-၂၀၁၈

**ရွှေ**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၄၃၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၈၈၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၄၃၅၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၈၈၀၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၉၀၀/၉၁၅ ကျပ် | ၉၄၅/၉၆၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၉၁၅/၉၃၀ ကျပ် | ၉၅၅/၉၆၅ ကျပ် |
| အောက်တိန်း ၉၂ | ၈၆၅/၈၉၀ ကျပ် | ၉၃၅/၉၅၀ ကျပ် |
| အောက်တိန်း ၉၅ | ၉၁၅/၉၄၀ ကျပ် | ၉၈၅/၉၉၅ ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၁၄၀၈ · ၀ |
| ဥရောပ | တစ်ယူရို | ကျပ် ၁၆၄၃ · ၅ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၀၃၂ · ၇ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် ၁၈၅၆ · ၉ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် ၁၂၄၉ · ၇ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် ၁၀၄၃ · ၉ |
| တရုတ် | တစ်ယွမ် | ကျပ် ၂၁၁ · ၁၇ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၂၀ · ၅၅၈ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် ၁၂၅ · ၄၂ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၃၄၈ · ၃၀ |
| ထိုင်း | တစ်ဘတ် | ကျပ် ၄၂ · ၄၁၀ |

(ဗဟိုဘဏ်ပေါက်ဈေး ဖြစ်ပါသည်)

ခင်ရတနာ-စုစည်းသည်။

# ပြည်သူများသို့ အသိပေးနှိုးဆော်ချက်

**နိုင်ငံတော်အစိုးရ၏ လူမှုကာကွယ်စောင့်ရှောက်ရေး ငွေကြေးထောက်ပံ့မှု အစီအစဉ်များတွင် အကျုံးဝင်ပါလျက်နှင့် အချိန်မီမရရှိလျှင်သော်လည်းကောင်း၊ ကလေးသူငယ်များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများနှင့် ပတ်သက်၍သော်လည်းကောင်း၊ သတင်းပေးတိုင်ကြားလိုပါက အောက်ဖော်ပြပါ Help Line တယ်လီဖုန်းနံပါတ်များသို့ (၂၄ )နာရီ တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်- ၀၆၇-၄၀၄၂၂၂၊ ၀၆၇-၄၀၄၉၉၉**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
လူမှုဝန်ထမ်းဦးစီးဌာန


မြန်မာ့အလင်း

| | | |
|---|---|---|
| **စာတည်းမှူးချုပ်** | - | အောင်နိုင်ဦး |
| **စာတည်းမှူး(တာဝန်)** | - | ဝင်းကျော် |
| **စာတည်းမှူး** | - | မြင့်ဆွေ (သတင်းထောက်ချုပ်) |
| **စာတည်းများ** | - | မြင့်စိုး၊ ကြည်ဝင်း၊ ချူးစန္ဒီနွေး၊ ကလျာမိုးမြင့် |
| **အကြီးတန်းသတင်းထောက်များ** | - | ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး (ခတ်ပုံ)၊ မြတ်မွန်ထွေး |
| **အငယ်တန်းသတင်းထောက်များ** | - | တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| **ထုတ်ဝေခြင်းအမှတ်** | - | (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

**Gmail** mmalin.npt @ gmail.com,
**Facebook** www. facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ **ဖြန့်ချိရေး** ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR DigitalNews Presented by NPE
www.mdn.gov.mm

# ကျွန်တော်နဲ့ အမ်ဘီအေ



ပါမောက္ခဒေါက်တာအောင်ထွန်းသက်

မြန်မာနိုင်ငံမှာ အမ်ဘီအေဘွဲ့ဟာ အလွန်ခေတ်စားတာ တွေ့ရပါတယ်။ လူငယ်တွေ တက်ချင်လှတဲ့ သင်တန်းဖြစ်နေတယ်။ နေရာတိုင်းမှာ ပုံစံအမျိုးမျိုးနဲ့ ဘွဲ့တွေပေးနေကြတယ်။ ကျွန်တော်တို့ခေတ်က “ခေတ်မီတဲ့သူတိုင်း ပင်လယ်ငါးစား” ဆိုတဲ့ဆောင်ပုဒ်လို ခေတ်မီတဲ့လူတိုင်း အမ်ဘီအေတက်နေကြတယ်။ ဘွဲ့လိုချင်ကြတယ်။ အမ်ဘီအေသင်တန်းကို ရန်ကုန်စီးပွားရေးတက္ကသိုလ်မှာ လွန်ခဲ့တဲ့ ၂၅ နှစ်က စတင်ပေးခဲ့တယ်။ ဒီသင်တန်းစတာနဲ့ပတ်သက်ပြီး ကျွန်တော်လက်လှမ်းမီသလောက်ကို ဖောက်သည်ချချင်ပါတယ်။ နိုင်ငံအကြီးအကဲလုပ်သူဟာ တစ်မနက် နံနက်စာစားရင်း စားပွဲပေါ်တင်ထားတဲ့ တိုင်းမ်စ်မဂ္ဂဇင်းရဲ့ မျက်နှာဖုံးဆောင်းပါးကို ဖတ်ခဲ့တယ်။

ဆောင်းပါးက အမေရိကန်နိုင်ငံ နာမည်ကြီးဟားဗတ်တက္ကသိုလ်ကပေးတဲ့ အမ်ဘီအေအကြောင်း ရေးထားတာ။ ဒီတက္ကသိုလ်က ဘွဲ့ရတဲ့သူတွေဟာ ကိုယ်လိုချင်တဲ့လစာကို တောင်းနိုင်သလို ရလည်းရခဲ့တယ်။ ဒီအကြောင်းကို သဘောကျပြီး မြန်မာပြည်မှာ အမ်ဘီအေသင်တန်းရှိ၊ မရှိ ပညာရေးဝန်ကြီးကိုမေးခဲ့တယ်။ ဝန်ကြီးလုပ်သူကလည်း ချက်ချင်း ရန်ကုန်စီးပွားရေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာခင်မောင်ညွန့်ကို အမ်ဘီအေသင်တန်းဖွင့်လှစ်ဖို့ ညွှန်ကြားခဲ့ပါတယ်။ ဆရာကြီးက တက္ကသိုလ်မှာရှိတဲ့ ပါမောက္ခ၊ ဌာနမှူးတွေကိုတိုင်ပင်ခဲ့သလို ကျွန်တော့်ကိုလည်း ခေါ်မေးခဲ့တယ်။ ဒီတုန်းက ကျွန်တော်က အင်္ဂလန်နိုင်ငံက နိုင်ငံခြားပညာတော်သင်အဖြစ်ပြန်လာခဲ့ချိန်။ ကျွန်တော်က အင်္ဂလန်မှာ ဘွဲ့လွန်သင်တန်းတွေတက်ရင်း မဟာသင်တန်းကို ရွေးချယ်တဲ့အခါ Warwick တက္ကသိုလ်ကိုတက်ဖို့ ဆုံးဖြတ်ခဲ့တယ်။

ဒီတက္ကသိုလ်က အမ်ဘီအေဘွဲ့မပေးဘဲ မဟာသိပ္ပံဘွဲ့ကို ပေးတာ။ ဒါပေမယ့် တစ်ကမ္ဘာလုံးမှာရှိတဲ့ အမ်ဘီအေသင်တန်းနဲ့ပတ်သက်တဲ့ စံချိန်မီစာမေးပွဲကို ဖြေရတယ်။ ဒီစာမေးပွဲကို (GMAT) လို့ ခေါ်ပါတယ်။ အဓိပ္ပာယ်က Graduate Management Aptitude Test ဖြစ်တယ်။ ဘွဲ့လွန်စီမံခန့်ခွဲမှု အရည်အချင်းစစ်စာမေးပွဲ။ ဒီစာမေးပွဲကို အမေရိကန်နိုင်ငံ နယူးဂျာစီပြည်နယ် ပရင်စတင်မြို့က စာစစ်ဌာနတစ်ခုက ဦးစီးတာမို့ (Princeton Test)လို့လည်းခေါ်ကြတယ်။ ဒီစာစစ်ဌာနဟာ တက္ကသိုလ်နဲ့လည်း မပတ်သက်၊ အစိုးရနဲ့လည်းမပတ်သက်ဘဲ လွတ်လပ်တဲ့ သီးခြားရပ်တည်တဲ့ အဖွဲ့အစည်းဖြစ်တယ်။ တစ်ကမ္ဘာလုံးက အမ်ဘီအေသင်တန်းတက်လိုတဲ့သူတိုင်း GMAT ကို ဖြေဆိုရတယ်။ ဒီစာမေးပွဲကို ကမ္ဘာအနှံ့ စာစစ်ဌာနတွေမှာ ဖြေနိုင်တယ်။ စာစစ်ဌာနမှ ဖြေဆိုသူတွေအားလုံးရဲ့အရည်အချင်းကို စနစ်တကျသုံးသပ်ခွင့်ရှိတယ်။ ရတဲ့အမှတ်ပေါ်မှာမူတည်ပြီး အမ်ဘီအေသင်တန်းတွေက လက်ခံတယ်။ နာမည်ကြီးကျောင်းတွေကိုတက်ချင်ရင် တော်ရုံတန်ရုံရမှတ်နဲ့ မရဘူး။ နာမည်ကြီးတဲ့ကျောင်းတွေက သူတို့ဆီတက်တဲ့ ကျောင်းသားတွေရဲ့ ရမှတ်ကို အခြေခံပြီး ကြွားလုံးထုတ်တယ်။ တော်ရုံတန်ရုံရမှတ်နဲ့ လက်မခံဘူးဆိုတဲ့သဘော။ အမ်ဘီအေတက်ချင်ရင် GMAT စာမေးပွဲက အရေးကြီးတယ်။ မှတ်ကျောက်ဖြစ်တယ်။ ကျွန်တော်က ဒီစာမေးပွဲကိုဖြေဆိုခဲ့တယ်။ ခက်တယ်။ စာကျက်ပြီးဖြေလို့မရဘူး။ မူရင်းအရည်အချင်းကိုပဲစစ်တာ။ GMAT အမှတ်နဲ့ ကျွန်တော်လိုချင်တဲ့တက္ကသိုလ်ကို တက်ခွင့်ရတာ။ အမ်ဘီအေတက်ဖို့ အခုလို GMAT စာမေးပွဲဟာအရေးကြီးသလို မိမိရဲ့ အတွေ့အကြုံ၊ ပညာအရည်အချင်းဟာလည်း အရေးပါတယ်။ အမှန်တော့ အမ်ဘီအေဘွဲ့ပေးနေတဲ့တက္ကသိုလ်တွေကို တန်းစီဇယားဆွဲတဲ့အခါ လက်ခံတဲ့ကျောင်းသားတွေရဲ့ ပျမ်းမျှ GMAT အမှတ်နဲ့ အသုံးပြုတာဖြစ်တယ်။ နာမည်ကြီးကျောင်းတွေကို ဝင်နိုင်ဖို့ တော်ရုံတန်ရုံ GMAT အမှတ်နဲ့ ဝင်ခွင့်မရနိုင်ဘူး။ ဒီတုန်းက ကျွန်တော်က ခပ်ငယ်ငယ်။ ဒါကြောင့် စိတ်ထဲရှိတဲ့အတိုင်း ဆရာကြီးကို GMAT စာမေးပွဲကိုအခြေခံတဲ့ အမ်ဘီအေသင်တန်းဖွင့်သင့်ကြောင်း အကြံပြုခဲ့တယ်။ အခုလိုဆောင်ရွက်နိုင်ရင် ကိုယ့်ရဲ့ကျောင်းနဲ့ နိုင်ငံတကာက တက္ကသိုလ်တွေနဲ့ တန်းညှိလို့ရတယ်။

အမှန်တော့ ရန်ကုန်စီးပွားရေးတက္ကသိုလ် ဝါဏိဇ္ဇဗေဒဌာနကိုဦးစီးခဲ့တဲ့ ပါမောက္ခ ဆရာကြီးဝီလျံပေါဟာ မြန်မာနိုင်ငံမှာ ဟားဗတ်တက္ကသိုလ်ကအမ်ဘီအေ ပထမဆုံးရခဲ့သူဖြစ်တယ်။ ဒုတိယရသူကတော့ ကွယ်လွန်သွားတဲ့ ဆရာကြီး ပါမောက္ခ ဒေါက်တာခင်မောင်ကြည်။ နောက်ပိုင်းဝါဏိဇ္ဇဗေဒဌာနမှာ တာဝန်ယူကြတဲ့ ဆရာကြီး၊ ဆရာမကြီးတွေဟာ အမ်ဘီအေ ရထားသူတွေဖြစ်တယ်။ဆရာကြီး တင်ထွဋ်၊ ဆရာမကြီး ဒေါ်ရီရီမြင့်၊ ဆရာကြီး ဒေါက်တာခင်မောင်ကြွယ်၊ ဆရာကြီးဦးအုံးမောင်၊ ဆရာကြီး ဦးသိန်းအောင်၊ ဆရာကြီး ဦးတင်ညွန့်၊ ဆရာမကြီး ဒေါက်တာခင်အုန်းသန့်၊ ဆရာကြီးဒေါက်တာစိန်မောင်၊ ဆရာမကြီးဒေါ်ကြည်ဝင်း၊ ဆရာမကြီး ဒေါ်ပိုပိုခင် စတဲ့သူတွေ။ သူတို့ခေတ်မှာတော့ GMAT စာမေးပွဲ ရှိ၊ မရှိ တော့ ကျွန်တော်မသိပါဘူး။ ဆရာကြီးဝီလျံပေါဟာ ဌာနမှာ ဘွဲ့လွန်ဒီပလိုမာအဖြစ် ဒီအမ်အေကို စတင်ဖွင့်လှစ်ခဲ့တာ ဖြစ်တယ်။ သူ့ရဲ့စိတ်ထဲမှာ အမ်ဘီအေသင်တန်းဖွင့်လိုတဲ့ ဆန္ဒ ရှိမှာသေချာပါတယ်။ တစ်ခေတ်တစ်ချိန်က လုပ်ခွင့်မရခဲ့တာ ဖြစ်တယ်။ ကျွန်တော်တင်ပြတဲ့ GMAT ကိစ္စကို ဆရာကြီး ဒေါက်တာ ခင်မောင်ညွန့်က နားလည်သဘောပေါက်ပေမယ့် ဒီတုန်းကအနေအထားက လုပ်ခွင့်မရနိုင်ခဲ့ပါဘူး။ ဒါကြောင့်လည်း ဆရာမကြီး ဒေါ်ရီရီမြင့်ကနေ ဒီသင်တန်းကို ဖွင့်လှစ်တဲ့အခါ GMAT ကို မသုံးနိုင်ခဲ့ဘူး။ GMAT စာမေးပွဲအခကြေးငွေကလည်း မသေးတာကြောင့်လည်း စဉ်းစားချက်တစ်ခုဖြစ်မယ်ထင်တယ်။ အမ်ဘီအေဟာ Master of Business Administration ဖြစ်တယ်။ စီးပွားရေးလုပ်ငန်းများ စီမံခန့်ခွဲမှု မဟာသိပ္ပံဘွဲ့။ စီးပွားရေးလုပ်ငန်းတွေအတွက် အုပ်ချုပ်မှုပညာ၊ စီမံခန့်ခွဲမှုပညာတွေကို သင်ကြားပို့ချတာဖြစ်တယ်။ လက်တွေ့ကျကျ စီးပွားရေးလုပ်ငန်းတွေအပေါ် အာရုံစိုက်ခြင်းဖြစ်တယ်။ ဒီပညာနဲ့ ဘောဂဗေဒပညာကို ခွဲခြားမြင်နိုင်ဖို့ လိုအပ်ပါတယ်။

ဘောဂဗေဒပညာက ယေဘုယျအားဖြင့် စီးပွားရေးနယ်ပယ်တစ်ခုလုံးကို လွှမ်းခြုံလေ့လာတာဖြစ်တယ်။ အမ်ဘီအေသင်တန်းက ၂၀ ရာစုနှစ်ဦးပိုင်းမှာ အမေရိကန်ပြည်ထောင်စုမှာရှိတဲ့တက္ကသိုလ်တွေမှာ ဖွင့်လှစ်ခဲ့တာဖြစ်တယ်။ အခြေခံအားဖြင့် စီမံခန့်ခွဲမှုကို သိပ္ပံနည်းကျကျလေ့လာခြင်းဖြစ်တယ်။ ဒီသင်တန်းတွေကို တက္ကသိုလ်တွေမှာရှိတဲ့ Business Schools တွေမှာ ပေးတာဖြစ်တယ်။ School ဆိုတဲ့ ဝေါဟာရဟာ အမှန်တော့ ကျောင်းအဓိပ္ပာယ်မဟုတ်ဘဲ အတွေး အယူအဆကို ဆိုလိုတာဖြစ်တယ်။ ဒါကြောင့်လည်း Business School ဆိုတာ စီးပွားရေးလုပ်ငန်းတွေနဲ့ပတ်သက်ပြီး လေ့လာသင်ယူတာဖြစ်တယ်လို့ ပြောနိုင်ပါတယ်။

အခုလို Business School ကို ၁၈၈၁ ခုနှစ်မှာ သူဌေးကြီး ဝါတင်ဆိုသူရဲ့ အလှူအတန်းနဲ့ အမေရိကန်ပြည်ထောင်စု ပင်ဆာဗေးနီးယားပြည်နယ်မှာရှိတဲ့ ပင်ဆာဗေးနီးယား တက္ကသိုလ်ရဲ့ ဝါတင်အမည်ပေးထားတဲ့ကျောင်းမှာ ပထမဦးဆုံး ဖွင့်လှစ်ခဲ့ပါတယ်။ ဒီဝါတင်ကျောင်းဟာ အလွန်နာမည်ကြီးလှုပြီး လက်ရှိအမေရိကန်သမ္မတကြီးဟာ ဒီကျောင်းက အမ်ဘီအေဘွဲ့ကို ရရှိခဲ့သူဖြစ်တယ်။ ဘွဲ့လွန်သင်တန်းကိုတော့ ၁၉၀၀ ခုနှစ် ဒတ်မောက်ကောလိပ်မှာရှိတဲ့ Tuck Business School မှာ စတင်ဖွင့်လှစ်ခဲ့တယ်။ ပေးအပ်တဲ့ဘွဲ့ကတော့ ဝါဏိဇ္ဇဗေဒမဟာသိပ္ပံဘွဲ့ဖြစ်တယ်။

> **“အမ်ဘီအေသင်တန်းတွေ မှိုလိုပေါက်နေတာကို ကြိုဆိုပေမယ့် တစ်ဖက်ကလည်း စိုးရိမ်မိတယ်၊ ဒါကတော့ သင်တန်းတွေရဲ့အရည်အသွေးဖြစ်တယ်၊ နိုင်ငံခြားတက္ကသိုလ်တွေနဲ့ ချိတ်ထားတယ်ဆိုပေမယ့် တချို့က သံသယရှိစရာ ကျောင်းတွေ၊ ပညာရေးကို စီးပွားရေးလုပ်စားနေကြတာ၊ အခုလို ဖွင့်လှစ်နေတဲ့ကျောင်းတွေကို စနစ်တကျ စိစစ်မှုလည်းမရှိဘူး၊ ပုဂ္ဂလိကတက္ကသိုလ်ဥပဒေ မထွက်သေးတာမို့ ဖွင့်ထားတဲ့ကျောင်းတွေဟာ ပညာရေးအဖွဲ့အစည်းအနေနဲ့ မှတ်ပုံတင်ထားတာ မဟုတ်ဘဲ ဝန်ဆောင်မှုအဖွဲ့အစည်းတွေ ဖြစ်ကြတယ်။ အရည်အသွေး စိစစ်ပေးနိုင်တဲ့ အဖွဲ့အစည်းလည်း မရှိဘူး၊ နိုင်ငံခြားကဆရာတွေ လာရောက်သင်ကြားပေးမယ်လို့ ကြော်ငြာထားပေမယ့် လက်တွေ့မှာ စရိတ်စကကြီးမားတာမို့ ဖြစ်မလာဘူး၊ ဘွဲ့လက်မှတ်ရောင်းစားနေတာတွေလည်းရှိနေတာတွေ့ရတယ်၊ ဒီကိစ္စနဲ့ပတ်သက်ပြီး ပညာရေးဝန်ကြီးဌာနအနေနဲ့ တာဝန်ရှိတာ၊ ဒါပေမယ့် ဥပဒေက မရှိပြန်တော့ လုပ်ရကိုင်ရတာခက်နေတယ်ထင်ပါရဲ့”**

နာမည်ကြီးဟားဗတ်တက္ကသိုလ်မှာ စီးပွားရေးလုပ်ငန်းများနဲ့ ပတ်သက်တဲ့ ဘွဲ့လွန်ကျောင်းကို ၁၉၀၈ ခုနှစ်မှာ ဖွင့်လှစ်ခဲ့ပြီး အမ်ဘီအေဘွဲ့ကို ပေးအပ်ခဲ့ပါတယ်။ ဒီဆောင်းပါးရေးရတဲ့ နောက်ခံက တစ်နေ့က စီးပွားရေးတက္ကသိုလ်မှာ ဖွင့်လှစ်တဲ့ အမ်ဘီအေသင်တန်း မောင်မယ်သစ်လွင်ကြိုဆိုပွဲအခမ်းအနားတက်ခဲ့ပြီး အများသိစေချင်လို့ ရေးရခြင်းဖြစ်ပါတယ်။ မောင်မယ်သစ်လွင်တွေဖြစ်တာမို့ တက်တက်ကြွကြွ ဖြစ်လှတယ်။ တတ်ချင်၊ သင်ချင်စိတ်အပြည့်။ ဒါပေမယ့် သင်တန်းက အချိန်ပြည့်သင်တန်းဖြစ်တာမို့ သင်တန်းသားတွေက ဘွဲ့ရကာစသူတွေဖြစ်ကြတယ်။ လုပ်ငန်းအတွေ့အကြုံနည်းကြတယ်။ အချိန်ပိုင်းသင်တန်းမှာတော့ အလုပ်ဝင်နေသူတွေ၊ စီးပွားရေးလုပ်သူတွေ တက်ကြတယ်။ သူတို့အတွက်အကျိုးရှိသလို သင်တန်းအတွက်လည်းအကျိုးများတယ်။ လက်တွေ့ဘဝမှာ လုပ်ရှားနေကြသူတွေမို့ စာတွေ့၊ လက်တွေ့နှစ်ခုကို ချိတ်ဆက်နိုင်တယ်။ အမ်ဘီအေသင်တန်းတွေ မှိုလိုပေါက်နေတာကို ကြိုဆိုပေမယ့် တစ်ဖက်ကလည်း စိုးရိမ်မိတယ်။ ဒါကတော့ သင်တန်းတွေရဲ့အရည်အသွေးဖြစ်တယ်။ နိုင်ငံခြားတက္ကသိုလ်တွေနဲ့ ချိတ်ထားတယ်ဆိုပေမယ့် တချို့က သံသယရှိစရာ ကျောင်းတွေ။ ပညာရေးကို စီးပွားရေးလုပ်စားနေကြတာ။ အခုလို ဖွင့်လှစ်နေတဲ့ကျောင်းတွေကို စနစ်တကျ စိစစ်မှုလည်းမရှိဘူး။ ပုဂ္ဂလိကတက္ကသိုလ်ဥပဒေ မထွက်သေးတာမို့ ဖွင့်ထားတဲ့ကျောင်းတွေဟာ ပညာရေးအဖွဲ့အစည်းအနေနဲ့ မှတ်ပုံတင်ထားတာမဟုတ်ဘဲ ဝန်ဆောင်မှုအဖွဲ့အစည်းတွေ ဖြစ်ကြတယ်။ အရည်အသွေး စိစစ်ပေးနိုင်တဲ့ အဖွဲ့အစည်းလည်းမရှိဘူး၊ နိုင်ငံခြားကဆရာတွေ လာရောက်သင်ကြားပေးမယ်လို့ ကြော်ငြာထားပေမယ့် လက်တွေ့မှာ စရိတ်စကကြီးမားတာမို့ ဖြစ်မလာဘူး။ ဘွဲ့လက်မှတ်ရောင်းစားနေတာ တွေလည်းရှိနေတာ တွေ့ရတယ်။ ဒီကိစ္စနဲ့ပတ်သက်ပြီး ပညာရေးဝန်ကြီးဌာနအနေနဲ့ တာဝန်ရှိတာ။ ဒါပေမယ့် ဥပဒေက မရှိပြန်တော့ လုပ်ရကိုင်ရတာ ခက်နေတယ်ထင်ပါရဲ့။ ပညာရေးကို စီးပွားဖြစ်လုပ်တာကို အပြစ်မတင်ပါဘူး။ နိုင်ငံခြားတွေမှာလည်း လုပ်ကြတာပဲ။ ဒါပေမယ့် ဒီလုပ်ငန်းတွေလုပ်တဲ့သူတွေက အကျင့်သိက္ခာကိုတော့ ထိန်းသိမ်းသင့်တယ်။ လိမ်ညာပြီး ဘွဲ့ကိုရောင်းစားတာမျိုး မဖြစ်သင့်ဘူး။ အခုလို ဘွဲ့လွန်သင်တန်းတွေဖွင့်လှစ်တာဟာ ဘွဲ့ပေးရုံသက်သက် မဖြစ်သင့်ဘူး။ သင်ယူခံယူမှု ပတ်ဝန်းကျင်တစ်ရပ်ကိုတော့ ဖန်တီးပေးသင့်တယ်။ စာသင်ခန်းရှိရုံမက၊ တက္ကသိုလ်တစ်ခုမှာရှိအပ်တဲ့ စာကြည့်တိုက်တွေ၊ အားကစားလှုပ်ရှားမှုတွေ ပေးဆောင်နိုင်ဖို့လိုအပ်တယ်။ ဒါမှလည်း အဓိပ္ပာယ်ပြည့်ဝမှာဖြစ်တယ်။

အမ်ဘီအေဘွဲ့ရထားတဲ့သူတွေအနေနဲ့ နောက်တစ်ဆင့် ဒီဘီအေလို့ခေါ်တဲ့ Doctor of Business Administration (DBA) ဘွဲ့ ယူလို့ရတယ်။ အခု ဒီအမ်အေဘွဲ့ပေးနေတဲ့ကျောင်းတွေ ရှိနေကြပြီ။ ပါရဂူဘွဲ့အဆင့်ဖြစ်တာမို့ သုတေသနလုပ်ငန်းတွေ လုပ်ဖို့လိုမှာဖြစ်တယ်။ ကျွန်တော်က ဒီဘီအေသင်တန်းကို စီးပွားရေးတက္ကသိုလ်မှာ ဖွင့်လှစ်နိုင်ဖို့ ကြိုးစားခဲ့တယ်။ ကြိုးစားဆဲပါ။ ဒါပေမယ့် မအောင်မြင်သေးဘူး။ ဝန်ကြီးဌာနက သဘောတူပေမယ့်ရှေ့မတိုးနိုင်သေးဘူး။ ဖြစ်စေချင်တယ်။ ဘွဲ့ထက် ပညာသင်ချင်တဲ့သူတွေရဲ့ဆန္ဒကို ပြည့်ဝစေချင်တယ်။ စီးပွားရေးတက္ကသိုလ်က အမ်ဘီအေရထားတဲ့သူ ထောင်ကျော်နေပြီ။ အားလုံးမတက်နိုင်ပေမယ့် တက်ချင်တဲ့သူတွေ ရှိမှာဖြစ်တယ်။ သူတို့အတွက် အခွင့်အရေးပေးနိုင်ရင် အလွန်အဆင်ပြေမှာ ဖြစ်ပါတယ်။ လိုချင်တဲ့သူရှိနေသလို ပေးချင်တဲ့သူကလည်း အဆင်သင့်ရှိနေတော့ အမြန်ဆုံးဖြစ်ပါစေလို့လည်း ဆန္ဒပြုလိုက်ရပါတယ်။ ။

## ပလောက်မြို့၌ ဗိုလ်ချုပ်အောင်ဆန်းမြင်းစီးရုပ်တုဖွင့်ပွဲ စည်ကားစွာကျင်းပ

**ပလောက် ဇူလိုင် ၁၅**

(၇၁)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ်အဖြစ် တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် ပလောက်မြို့၌ ဗိုလ်ချုပ်အောင်ဆန်းမြင်းစီးရုပ်တုဖွင့်ပွဲကို ရုပ်တုထားရှိရာ ဇဟိုလမ်းဘေး နန်းသီလာလမ်းဆုံ၌ ဇူလိုင် ၁၅ ရက်က စည်ကားစွာ ကျင်းပခဲ့သည်။

ရုပ်တုဖွင့်ပွဲတွင် တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာလဲ့လဲ့မော်၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီး ဦးကြည်လှိုင်နှင့် ဗိုလ်ချုပ်အောင်ဆန်းမြင်းစီးရုပ်တု ဖြစ်မြောက်ရေးကော်မတီဝင် ဦးတင်မောင်ဝင်းတို့က ရုပ်တုကို ဖဲကြိုးဖြတ်ဖွင့်လှစ်ကြပြီး နိုင်ငံတော်အလံကို အလေးပြုကြသည်။ ထို့နောက် ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ ကျဆုံးလေပြီးသော အာဇာနည်ခေါင်းဆောင်ကြီးများအား အလေးပြုကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားကာ ရုပ်တုဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးဇာနည်လင်းက လုပ်ငန်းဆောင်ရွက်ခဲ့သည့် အခြေအနေများကို ရှင်းလင်းတင်ပြခဲ့သည်။

အဆိုပါ ဗိုလ်ချုပ်ကြေးရုပ်တုကို မြို့မိမြို့ဖများနှင့် စေတနာရှင်အလှူရှင်များ၏ စုပေါင်းလှူဒါန်းငွေ ကျပ်သိန်း ၁၀၀ ကျော် အကုန်အကျခံ၍ ပလောက်မြို့မှ ပန်းပုပညာရှင်နှင့် အဖွဲ့သားများက ထုလုပ်ခဲ့ပြီး မြင်းဦးခေါင်းမှ အမြီးအထိ ၁၀ ပေ၊ မြင်းခွာမှ ဗိုလ်ချုပ်ဦးခေါင်းထိပ်အထိ အမြင့် ၈ ပေခွဲ၊ မြင်း၏ခွာမှ ကျောကုန်းအထိ ၅ ပေရှိကာ ရုပ်တု၏ အောက်ခံခုံတုံးမှာ အမြင့်ရှစ်ပေရှိကြောင်း၊ ရုပ်တုကို အလျား ၂၄ ပေ၊ အနံ ၁၉ ပေရှိ ရင်ပြင်တွင် ထားရှိကြောင်း သိရသည်။

ရုပ်တုဖွင့်ပွဲအပြီးတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဝန်ကြီးများသည် ပလောက်မြို့မှ ဌာနဆိုင်ရာများ ရပ်/ကျေး အုပ်ချုပ်ရေးမှူးများနှင့် ပြည်သူများအား ပလောက်မြို့အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရွှေသီလာခန်းမ၌ တွေ့ဆုံခဲ့ကြောင်း သိရသည်။

**နိုင်ဦး(ပြန်/ဆက်)**

## မြောင်းမြတွင် သွေးလွန်တုပ်ကွေးဖြစ်ပွားသူ ၂၅ ဦးရှိ

**မြောင်းမြ ဇူလိုင် ၁၅**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့နယ်တွင် ယခုနှစ်အတွင်း သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားသူ ကလေးနှင့် လူကြီး စုစုပေါင်း ၂၅ ဦးရှိနေပြီး ရောဂါကြောင့် သေဆုံးသူမရှိကြောင်း သိရသည်။

ပြီးခဲ့သည့် ၂၀၁၇ ခုနှစ်က မြောင်းမြ၌ သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားသူ ၁၁၈ ဦးနှင့် သေဆုံးသူ နှစ်ဦးရှိခဲ့ရာ ယခုနှစ်တွင် သွေးလွန်တုပ်ကွေးဖြစ်ပွားမှုမှာ လျော့ကျသွားခဲ့ခြင်းဖြစ်ပြီး ရောဂါကာကွယ်နှိမ်နင်းရေးအနေဖြင့် ဖုံး၊သွန်၊လဲ၊စစ် လုပ်ငန်းများ၊ အဘိတ်ဆေးခတ်ခြင်းလုပ်ငန်းများ၊ ခြင်ဆေးဖြန်းခြင်းလုပ်ငန်းများကို မြို့နယ်ကျန်းမာရေးဌာနနှင့် သက်ဆိုင်ရာကျန်းမာရေးဌာနများက မြို့ပေါ်ရပ်ကွက်များ၊ ကျေးရွာများနှင့် စာသင်ကျောင်းများအရောက် ဆောင်ရွက်ပေးလျက်ရှိကြောင်း ခရိုင်ငှက်ဖျားရောဂါတိုက်ဖျက်ရေးဦးစီးဌာနမှ သိရသည်။

**မိုးစက်(ပြန်/ဆက်)**

# ကမ္မမြို့တွင် သွေးလွန်တုပ်ကွေးအန္တရာယ်အကြောင်း အသိပညာပေးဟောပြောပွဲ ပြုလုပ်

**ပခုက္ကူ ဇူလိုင် ၁၅**

ပခုက္ကူမြို့နယ် ကမ္မမြို့ အမှတ်(၂)ရပ်ကွက်မှ ပြည်သူများအား သွေးလွန်တုပ်ကွေးရောဂါအကြောင်း ပညာပေးဟောပြောပွဲကို ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးတွင် ဇူလိုင် ၁၅ ရက်က ပြုလုပ်ခဲ့သည်။

ဟောပြောပွဲတွင် ကမ္မမြို့အုပ်ချုပ်ရေးမှူးဦးမင်းသက်ခိုင်က အမှာစကားပြောကြားပြီး ပခုက္ကူခရိုင် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာမြတ်မြတ်မိုးက သွေးလွန်တုပ်ကွေးအန္တရာယ်အကြောင်း၊ ကမ္မတိုက်နယ်ဆရာဝန် ဒေါက်တာမျိုးသန့်ကသွေးလွန်တုပ်ကွေးရောဂါအကြောင်းသိကောင်းစရာများ၊ ပခုက္ကူမြို့နယ်မှ သူနာပြုဆရာမကြီး ဒေါ်တင်တင်ခိုင်က သွေးလွန်တုပ်ကွေးရောဂါကာကွယ်ခြင်းအကြောင်း၊ ပခုက္ကူမြို့နယ် ဒုတိယမြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာကျော်မျိုးခန့်က ကူးစက်ရောဂါများကာကွယ်ခြင်းအကြောင်း စသည်တို့ကို ပညာပေးဟောပြောခဲ့ကြသည်။

ဟောပြောပွဲအပြီးတွင် ပခုက္ကူပြည်သူ့ဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာမြတ်မြတ်မိုးနှင့်အဖွဲ့က ကမ္မမြို့မှ နေမကောင်းဖြစ်နေသော ကလေးများအား စမ်းသပ်စစ်ဆေးခြင်းနှင့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

**ကိုဇော်(ခာတု)**



# ရေမီတာသုံး အိမ်တိုင်ရာရောက်ရေပေးရေးစနစ်ကို ဘားအံမြို့မှ ကျေးရွာများတွင် တိုးချဲ့ဆောင်ရွက်

**ဘားအံ ဇူလိုင် ၁၅**

ကရင်ပြည်နယ် ဘားအံမြို့နယ်အတွင်း သောက်သုံးရေလိုအပ်သော ကျေးရွာများတွင် အိမ်တိုင်ရာရောက် ရေမီတာသုံးရေပေးရေးစနစ်ဖြင့် ရေရရှိရေးအတွက် ဘဏ္ဍာနှစ်အလိုက် ဆောင်ရွက်ပေးလျက်ရှိရာ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အတွင်း ကျေးရွာငါးရွာတွင် ထပ်မံ၍ တိုးချဲ့ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

အိမ်တိုင်ရာရောက် ရေမီတာသုံး ရေပေးရေးစနစ်ဖြင့် ရေရရှိရေးဆောင်ရွက်ပေးရာတွင် ပြည်သူဗဟိုပြု၍ ကျေးရွာနေပြည်သူများကိုယ်တိုင် လုပ်ငန်းများဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက လုပ်ငန်းအတွက်ငွေကြေးနှင့် နည်းပညာများ၊ ယူနီဆက်ဖ်က ရေပိုက်များနှင့် ဆိုလာစနစ်သုံး ရေမြှုပ်ပန့်များထောက်ပံ့ကာ ကျေးရွာနေပြည်သူများက ပိုက်ဆက်ပစ္စည်းများ၊ ရေပိုက်များတပ်ဆင်ခြင်းနှင့် သုံးစွဲသည့်ယူနစ်အပေါ်မူတည်ပြီး ရေမီတာဖိုးပေးဆောင်ရသည့် အစီအစဉ်ဖြင့် လုပ်ငန်းရေရှည်တည်မြဲရေးအတွက်ပါ စီစဉ်ဆောင်ရွက်ကြောင်း သိရသည်။

ဘားအံမြို့နယ်တွင် ကျေးရွာအုပ်စု(၉၁) စု ကျေးရွာပေါင်း ၄၇၄ ရွာ ရှိသည့်အနက် အိမ်တိုင်ရာရောက် ရေမီတာသုံးရေပေးရေးစနစ်ကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်က ကျေးရွာသုံးရွာတွင် အောင်မြင်စွာ စတင်တပ်ဆင်ခဲ့ပြီး ယခု ထပ်မံ၍ ရေမီတာစနစ်တပ်ဆင်ရန် စိတ်ဝင်စားသော ကျေးရွာငါးရွာဖြစ်သည့် နောင်ဘိုကျေးရွာ၊ နော်ဖားတိုကျေးရွာ၊ နော်ရကုန်းကျေးရွာ၊ နောင်ကျန်ကျေးရွာနှင့် ကော့ရင်းကျောင်းကျေးရွာတို့တွင် တိုးချဲ့အကောင်အထည်ဖော်နေခြင်းဖြစ်ကြောင်း၊ နောင်နှစ်များတွင်လည်း လိုအပ်သောကျေးရွာများတွင် ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**နေမျိုးလွင်(ဘားအံ)**

# ပြောင်းဈေးကျ၍ စစ်တောင်းမြစ်ဝှမ်းဒေသမှ ပြောင်းစိုက်ပျိုးသူများ အရှုံးပေါ်

**တောင်ငူ ဇူလိုင် ၁၅**

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ်၊ ထန်းတပင်မြို့နယ်နှင့် အုတ်တွင်းမြို့နယ်တို့အတွင်းရှိ စစ်တောင်းမြစ်ဝှမ်းဒေသတစ်လျှောက်တွင် ကိုင်းသီးနှံပြောင်းစိုက်ပျိုးကြသည့် တောင်သူများအနေဖြင့် ယခုအချိန်တွင် ပြောင်းဈေးနှုန်းများကျနေသောကြောင့် အရှုံးပေါ်လျက်ရှိကြောင်း သိရသည်။

"ကျွန်တော်က ဧက ၄၀ လောက်ပြောင်းစိုက်ပျိုးပါတယ်၊ စကတည်းက မျိုးအိတ်တွေကပေါက်တော့ မိုးတွေမိကုန်တယ်၊ တန်ချူးလမှာစစိုက်တော့ မျိုးစရိတ်၊ လုပ်သားငှားရမ်းခ၊ ထွန်ယက်စရိတ်နဲ့ အခြားအထွေထွေကုန်ကျစရိတ် သိန်း ၁၀၀ ကျော်လောက်ကုန်တယ်၊ အခု ပြောင်းပေါ်ချိန်ရောက်တော့ တောင်ငူအရောက်မှ ပြောင်းဖူးတစ်ဖူးကို ၈၀ ကျပ်လောက်ပဲရတယ်၊ စက်လှေခ၊ အလုပ်သမားခတွေက စက်လှေတစ်စင်းကို ရှစ်သောင်းလောက်ကုန်တော့ နောက်ဆုံးမှာ ကျွန်တော်တို့ဘက်က အရှုံးနဲ့ ရောင်းရတော့တာပါပဲ"ဟု တောင်ငူမြို့နယ် ရှမ်းစုကြီးကျေးရွာအုပ်စု ပေါက်တော ကျေးရွာဒေသခံတောင်သူ ဦးဝင်းက ပြောသည်။

ဒေသထွက်ပြောင်းများကို သယ်ယူရာတွင် စက်လှေများဖြင့် သယ်ယူရောင်းချကြပြီး စစ်တောင်းမြစ်ကြောင်းအတိုင်း စက်လှေများဖြင့်ဆန်တက်၍ တောင်ငူမြို့ရှိ စစ်တောင်းတံတားဆိပ်အထိ တင်ပို့ရကာ ထိုမှတစ်ဆင့် အဝယ်ဒိုင်များထံသို့ ပေါက်ဈေးဖြင့် သွင်းရခြင်းဖြစ်ကြောင်း ဦးဝင်းက ဆက်ပြောသည်။

တောင်ငူမြို့ စစ်တောင်းတံတားထိပ်တွင် ပြောင်းအဝယ်ဒိုင်ဖွင့်လှစ်ထားသူ ဒေါ်အိတင်က "ကျွန်မတို့ဆီကို ခေါင်းရမ်း၊ ရှမ်းဝတီး၊ ချောင်းဝ၊ ကြို့ကုန်းရွာတွေဘက်က လာရောင်းကြတာများပါတယ်၊ လာရောင်းတဲ့တောင်သူတွေဆီက သောင်းပြောင်း တစ်ဖူးကို ၈၀ ကျပ်နဲ့ ဝယ်တယ်၊ ဝယ်ပြီးတဲ့ပြောင်းဖူးတွေကို ဒီမှာပုံပြီးတော့ အဖူးသေး၊ အဖူးလတ်၊ အဖူးကြီးဆိုပြီး သုံးမျိုးခွဲတယ်၊ ဈေးနှုန်း သုံးမျိုးပေါ့၊ တင်ပို့တာကတော့ ရန်ကုန်၊ ပဲခူးနဲ့ ညောင်လေးပင်၊ ပဲနွယ်ကုန်း၊ ကျောက်တံခါး လမ်းမြို့တွေမှာလည်း ရောင်းရတာတွေရှိပါတယ်၊ ခုချိန်က အခြားဒေသတွေမှာလည်း ပြောင်းတွေဖြိုင်ဖြိုင်ပေါ်နေတော့ ဒီဘက်ကိုအမှာနည်းသွားတော့ ဈေးအေးသွားတာပေါ့"ဟု ပြောသည်။

လက်ရှိအချိန်တွင် ဈေးကွက်၏ ဝယ်လိုအားအပေါ်မူတည်ကာ တောင်ငူမြို့နယ်သို့ တစ်ရက်လျှင် ပြောင်းဖူးရေ ရှစ်သောင်းခန့် တင်ဆောင်ထားသည့် ပြောင်းတင်စက်လှေ ငါးစင်း၊ ခြောက်စင်းခန့် ဝင်ရောက်လေ့ရှိကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**



# ဝက်များတွင်ဖြစ်တတ်သည့် ရောဂါများအကြောင်း အသိပညာပေးဟောပြော

**ကျောက်ထု ဇူလိုင် ၁၅**

ဝက်များတွင်ဖြစ်တတ်သည့် ရောဂါများအကြောင်း အသိပညာပေးဟောပြောပွဲကို ဇူလိုင် ၁၄ ရက်က ဂန့်ဂေါခရိုင် ဆောမြို့နယ် ကျောက်ထုမြို့ မြို့မရပ်ကွက် ဓမ္မဗိမာန်ကျောင်းတိုက်၌ မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက ကြီးမှူး၍ ပြုလုပ်သည်။

အဆိုပါ ဟောပြောပွဲတွင် မြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှူး ဒေါက်တာဟန်ငွေထွန်းနှင့် ကျောက်ထုမြို့ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန လက်ထောက်ကြီးကြပ်ရေးမှူး ဦးဖွေခွီရှိန်းတို့က ဝက်များတွင်ဖြစ်ပွားတတ်သည့် ရောဂါများကို ကာကွယ်ထိန်းချုပ်ရေးနှင့်ပတ်သက်၍ ကဏ္ဍအလိုက် ရှင်းလင်းဟောပြောကြပြီး တက်ရောက်လာကြသူများ၏ မေးမြန်းချက်များကို ပြန်လည်ဖြေကြားကာ ဝက်မွေးမြူရေးနှင့်ပတ်သက်သည့် အသိပညာပေးလက်ကမ်းစာစောင်များလည်း ဖြန့်ဝေပေးကြသည်။

ထိုမှတစ်ဆင့် မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှူးနှင့်အဖွဲ့သည် ဆောမြို့နယ် ကျောက်ထုမြို့ဒေသရှိ ရပ်ကွက်များနှင့် ကျေးရွာ ၃၂ အုပ်စုသို့ ဆက်လက်ကွင်းဆင်းကာ ဝက်မွေးမြူရေးနှင့်ပတ်သက်သည့် အသိပညာပေးဟောပြောပွဲများကို ရပ်ကွက်၊ ကျေးရွာများ၌ ပြုလုပ်လျက်ရှိကြောင်း သိရသည်။

ကျောက်ထုမြို့တွင် ဇူလိုင် ၈ ရက်မှ ၁၀ ရက်အတွင်းက ဝက်လိုင်စင်စီ ရရှိထားသူတစ်ဦး မွေးမြူထားသော ဝက် ၁၉ ကောင် သေဆုံးမှုဖြစ်ပွားခဲ့ပြီး ထိုသို့ဖြစ်ပွားခြင်းမှာ ဝက်များတွင် ရောဂါတစ်မျိုးကျရောက်မှုကြောင့်ဟု တာဝန်ရှိသူများက ယူဆသဖြင့် ဒေသအတွင်း ဝက်သားရောင်းချခွင့်ကို ယာယီပိတ်ထားပြီး ယခုကဲ့သို့ ပညာပေးအစီအစဉ်များနှင့်အတူ လိုအပ်သည်များ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(၁၀၁)**

# လှိုင်းဘွဲ့ချောင်းရေမြင့်တက်လာ၍ မြို့မဈေးကို ယာယီပြောင်းရွှေ့ဖွင့်လှစ်ရ



**လှိုင်းဘွဲ့ ဇူလိုင် ၁၅**

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ်တွင် မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် တောင်ကျချောင်းရေများဆင်းလာကာ မဲပချောင်းနှင့် လှိုင်းဘွဲ့ချောင်းများတွင် ရေများမြင့်တက်လာပြီး လှိုင်းဘွဲ့မြို့ မြေနိမ့်ပိုင်းရှိ ရပ်ကွက်အချို့နှင့် မြို့မဈေးအတွင်းသို့ ရေများဝင်ရောက်ခဲ့သဖြင့် ဇူလိုင် ၁၅ ရက် နံနက်ပိုင်းတွင် မြို့မဈေးကို အာဇာနည်လမ်းသို့ ပြောင်းရွှေ့ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

ဇူလိုင် ၁၅ ရက် နံနက်အထိ ရေဝင်ရောက်မှုအခြေအနေမှာ (ဃ)ရပ်ကွက် မြို့မဈေးအတွင်း ရေအနက် (၁)ပေခန့်၊ (ခ)ရပ်ကွက်ရှိ ရွှေပြည်အေးလမ်း၊ ပိုင်ကလောင်လမ်း၊ အုတ်ဖိုလမ်းနှင့် ပတ္တမြားအပိုင်းတို့တွင် ရေအနက် နှစ်ပေခန့် ဝင်ရောက်နေခြင်းဖြစ်ပြီး (က)ရပ်ကွက်မှ ပိတောက်လမ်းနှင့် ဒေါနလမ်းတို့တွင်လည်း ရေများဝင်ရောက်၍ လမ်းများနစ်မြုပ်လျက်ရှိသည်။ ထိုသို့ ရေဝင်ရောက်မှုများရှိနေသော်လည်း ဒေသခံပြည်သူများအနေဖြင့် နေအိမ်များမှ ပြောင်းရွှေ့ခြင်းမရှိသေးကြောင်း သိရသည်။ **ခင်စန်းမြင့်(ပြန်/ဆက်)**

# မကွေးနှင့် ပဲခူးတိုင်းဒေသကြီးများအတွင်း လယ်ယာကဏ္ဍဖွံ့ဖြိုးရေး ကွင်းဆင်းဆောင်ရွက်

**နေပြည်တော် ဇူလိုင် ၁၅**

မကွေးနှင့် ပဲခူးတိုင်းဒေသကြီးများအတွင်း လယ်ယာကဏ္ဍဖွံ့ဖြိုးရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးလှကျော်နှင့် တာဝန်ရှိသူများက ဇူလိုင်လ ပထမပတ်အတွင်း ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများသည် မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် ဝက္ကသေးအုပ်စုရှိ မနော်သုခ မျိုးသန့်မျိုးစေ့ထုတ် နှမ်းစပါးစိုက်ကွင်းနှင့် ဆင်ပေါင်ဝဲမြို့နယ် လေ့ဝန်းကျေးရွာမှ တောင်သူဦးသိန်းဟံ၏ GAP စနစ် မိုးမြေပဲစိုက်ကွင်းများသို့ ကွင်းဆင်း၍ စိုက်ကွင်းများ ဖြစ်ထွန်းအောင်မြင်နေမှုကို ကြည့်ရှုအားပေးခဲ့ရာ ဒုတိယဝန်ကြီးအား စိုက်ပျိုးရေးဆိုင်ရာများနှင့် ပတ်သက်၍ စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းနှင့် တာဝန်ရှိသူများက ရှင်းလင်းတင်ပြပြီး ဒုတိယဝန်ကြီးက တောင်သူများအနေဖြင့် သီးနှံအထွက်နှုန်းတိုးတက်ရေးသာမက ဈေးကွက်ဝင်သီးနှံများအဖြစ် အရည်အသွေးတိုးမြှင့်ထုတ်လုပ်ရန်နှင့် ဈေးကွက်ဆိုင်ရာ သတင်းအချက်အလက်များကို မျက်ခြည်မပြတ်လေ့လာရန် လိုအပ်ကြောင်း၊ ရာသီဥတုနှင့် ဟန်ချက်ညီစိုက်ပျိုးထုတ်လုပ်နိုင်ရေး၊ ဒေသရေမြေရာသီနှင့် ကိုက်ညီမှုရှိပြီး ဈေးကွက်ကတောင်းဆိုနေသော အရည်အသွေးကောင်းသီးနှံများ စိုက်ပျိုးထုတ်လုပ်နိုင်ရေးအတွက် နည်းပညာလိုအပ်ချက်များတွင် တောင်သူများအနေဖြင့် စိုက်ပျိုးရေးပညာရှင် ဝန်ထမ်းများ၏ အကူအညီများကို ရယူဆောင်ရွက်ကြစေလိုကြောင်း ဆွေးနွေးပြောကြားခဲ့သည်။

ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများသည် ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင်အတွင်းရှိ မြောက်နဝင်းရေလှောင်တမံ တူးမြောင်းမကြီး၊ လက်ဝဲတူးမြောင်း၊ လက်ယာတူးမြောင်းများ၏ ရေသောက်စနစ် အဆင့်မြှင့်တင်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုများကိုလည်း သွားရောက်ကြည့်ရှုစစ်ဆေးကာ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဗိုလ်ဗိုလ်ကျော်က ရေသောက်စနစ် အဆင့်မြှင့်တင်ပြုပြင်ခြင်း လုပ်ငန်းဆိုင်ရာများ၊ ရေလှောင်တမံမှ စိုက်ပျိုးရေပေးဝေနေမှုနှင့် မြောက်နဝင်းရေလှောင်တမံ၏ ရေထုတ်ပြွန်စတီးပိုက် အသစ်လဲလှယ်ခြင်း၊ ရေတံခါးပြုပြင်ခြင်း လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြခဲ့သည်။

မြောက်နဝင်းရေလှောင်တမံ ဆည်ရေသောက်စနစ်ကို ဂျပန်နိုင်ငံ၏ အကူအညီဖြင့် အဆင့်မြှင့်တင်အကောင်အထည်ဖော်လျက်ရှိရာ စီမံကိန်းလုပ်ငန်းတစ်ခုလုံးကို ဆောင်ရွက်ပြီးပါက ရေသောက်ဧရိယာ ၅၃၁၆၈ ဧကသို့စိုက်ပျိုးရေပေးဝေနိုင်မည့်အပြင် လမ်းပန်းဆက်သွယ်မှုလည်း ပိုမိုတိုးတက်ကောင်းမွန်လာမည်ဖြစ်၍ ဒေသဖွံ့ဖြိုးရေးကို များစွာအထောက်အကူပြုနိုင်မည်ကြောင်း သိရသည်။ **သိမ့်သိမ့်မိုး**

**မြောက်နဝင်းရေလှောင်တမံ ရေသောက်စနစ် အဆင့်မြှင့်တင်ခြင်းကို ဒုတိယဝန်ကြီး ကြည့်ရှုစစ်ဆေးစဉ်။**



# မကွေးဒေသထွက်နှမ်းများ အထွက်နှုန်းလျော့၍ အရှုံးဖြင့် ရင်ဆိုင်ရနိုင်

**မကွေး ဇူလိုင် ၁၅**

ပုံမှန်စိုက်ပျိုးဖြစ်ထွန်းအောင်မြင်ချိန်၌ပင် အမြတ်အစွန်းနည်းခဲ့သည့် နှမ်းသီးနှံမှာ ယခု ၂၀၁၈ ခုနှစ်အတွင်း ဖောက်ပြန်ခဲ့သည့် ရာသီဉတုအခြေအနေကြောင့် အောင်မြင်ဖြစ်ထွန်းမှု နည်းပါးလျက်ရှိကာ တောင်သူများအနေဖြင့် အရှုံးပေါ်မည့်အရေးနှင့် ရင်ဆိုင်နေရကြောင်း မကွေးမြို့နယ် အနီးတစ်ဝိုက်ရှိ နှမ်းစိုက်တောင်သူများထံမှ သိရသည်။

"နှမ်းသီးနှံက မိုးခေါင်သီးနှံဖြစ်ပေမယ့် ဒီနှစ်မိုးနှမ်းစိုက်ရာသီမှာ မိုးရွာသွန်းမှုများခဲ့တာကြောင့် အထွေထွေကုန်ကျစရိတ်တွေလည်း များခဲ့ပါတယ်၊ ဖြစ်ထွန်းအောင်မြင်မှုကနည်းနေတော့ နှမ်းအထွက်ကလည်းလျော့သွားပါတယ်၊ မနှစ်က နှမ်းတစ်ဧကစိုက်ရင် ၁၅ တင်းကနေ ၁၇ တင်းထိ ထွက်တယ်၊ ဒီနှစ်ကတော့ တစ်ဧက အလွန်ဆုံး ထွက် ၁၀ တင်း၊ ၁၂ တင်း"ဟု မကြီးကန် ကျေးရွာနေ တောင်သူတစ်ဦးက ပြောသည်။

နှမ်းအထွက်နှုန်းလျော့နည်းနေချိန်၌ နှမ်းဖြူ တစ်တင်း ငွေကျပ် ၄၈၀၀၀ ဝန်းကျင်၊ နှမ်းနက်တစ်တင်း ငွေကျပ် ၅၀၀၀၀ ဝန်းကျင်၊ နှမ်းနီတစ်တင်း ငွေကျပ် ၄၅၀၀၀ ဝန်းကျင်ဖြင့် မကွေးဈေးကွက်တွင် အရောင်းအဝယ်ပြုလုပ်နေပြီး အဆိုပါ ဈေးနှုန်းမှာ တောင်သူများအတွက် ဈေးကောင်း ရသောအခြေအနေဖြစ်ကြောင်း မကွေးဒေသခံများက ပြောသည်။

လုပ်သားရှားပါးမှု၊ လုပ်ငန်းခွင်ကုန်ကျစရိတ်ကြီးမားမှု၊ ရာသီဉတုဖောက်ပြန်မှုများက တောင်သူများအတွက် ထိုးနှက်ချက်များဖြစ်နေပြီး သီးနှံပျက်၍ တစ်ကျော့ပြန်စိုက်ပျိုးမှုများလုပ်ဆောင်ခဲ့ရ၍ ထုတ်ကုန်တန်ဖိုးထက် ထုတ်လုပ်မှုစားရိတ်က ယခုနှစ်တွင် ပိုမိုများပြားခဲ့ကာ အထွက်လျော့နည်းမှုက အရှုံးဆီသို့ ဦးတည်စေခဲ့ကြောင်း မကြီးကန်ကျေးရွာမှ နှမ်းစိုက်တောင်သူ ဦးသောင်းဌေးက ပြောသည်။

မကွေးတိုင်းဒေသကြီးအတွင်း သီးနှံစုံစိုက်ဧကသိန်း ၅၀ ကျော်ရှိပြီး ထိုအထဲတွင် ဆီထွက်သီးနှံစိုက်ဧကမှာ ဧကသိန်း ၂၀ ကျော်အထိရှိကြောင်း တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**ဇေယျာတု(မကွေး)**



# လက်ရှိဘဏ္ဍာနှစ် ကြားကာလအတွင်း တရုတ်နိုင်ငံသို့ ပြောင်းတင်ပို့မှု လျော့နည်းကျဆင်းလာ

**မူဆယ် ဇူလိုင် ၁၅**

မြန်မာ့ပြောင်းတင်ပို့မှု၏ ၉၀ ရာခိုင်နှုန်းခန့် ဈေးကွက်ရရှိထားသော တရုတ်နိုင်ငံသို့ ယခုဘဏ္ဍာနှစ် ကြားကာလအတွင်း ပြောင်းတင်ပို့မှုနှင့် ဈေးနှုန်းလျော့နည်းကျဆင်းလာကြောင်း မူဆယ်ရှိပြောင်းကုန်သည်များထံမှ သိရသည်။

"တင်ပို့မှုနဲ့ ဈေးနှုန်းကျဆင်းတာကတော့ အခု တရုတ်ဘက်မှာလှောင်ထားတဲ့ ပြောင်းတွေ ထုတ်ရောင်းချိန်ဖြစ်တာရယ်၊ သူ့ပြည်တွင်းသုံးစွဲမှု မျှတလုံလောက်နေတာရယ်ကြောင့် အရောင်းအဝယ်နည်းနည်းပါးနေတာ ဖြစ်တယ်၊ မြန်မာက ပြောင်းတွေအများဆုံးပို့တဲ့ ဒီဇင်ဘာဆိုရင်တော့ ပြောင်းစုဆောင်းဝယ်ယူချိန်ဖြစ်လို့ တင်ပို့တန်ချိန် များတာပါ၊ ဒီကြားထဲ လတွေကတော့ ပုံမှန်တော့ပို့နေတယ်၊ နောက် တရုတ်မှာ ဥရောပဘက်ကပြောင်းတွေ ဝင်ရောက်မှုများနေချိန်လည်း ဖြစ်တယ်၊ မြန်မာဘက်မှာ အခုလက်ရှိအချိန်က ပြောင်းစိုက်ပျိုးထားပြီး ထွက်ရှိချိန်ကလည်း သုံးလလောက်လိုသေးတော့ ဈေးနှုန်းအရ တောင်သူတွေ မထိခိုက်နိုင်ပါဘူး" ဟု ပြောင်းကုန်သည် ဦးမိုးဝင်းက ပြောသည်။

လက်ရှိ မူဆယ် ၁၀၅မိုင် ကုန်သွယ်ရေးဇုန်သို့ ပြောင်းစေ့ကုန်တင်ကား တစ်နေ့လျှင် အစီး ၆၀ ခန့်ဖြင့် နေ့စဉ် တန်ချိန် ၁၆၀၀ ကျော် ဝင်ရောက်နေပြီး တစ်တန်လျှင် အနိမ့်ဆုံးဈေးမှာ ငွေကျပ် ၃၈၀၀၀၀ ကျော်နှင့် အမြင့်ဆုံးမှာ ငွေကျပ် ၄၅၀၀၀၀ အထိ ရှိနေခြင်းကြောင့် ယခင်နှစ်ဈေးထက် အနည်းငယ်ကျဆင်းနေကြောင်း သိရသည်။

"ပြောင်းကို နယ်စပ်ဒေသကနေ တရုတ်ကိုအပြင် ပင်လယ်ရေကြောင်းကနေ ထိုင်း၊ ဗီယက်နမ်၊ ဖိလစ်ပိုင်၊ စင်ကာပူဘက် ပို့တယ်၊ ထိုင်းဘက်ကိုဆိုရင် နယ်စပ်ကနေ တန်နှစ်သိန်းလောက် သွားနေတာ၊ ဈေးကွက်က အရင်ထဲက ရှိပြီးသားမို့ ပူစရာတော့ မလိုပါဘူး၊ လက်ရှိလည်း တောင်သူတွေလက်ထဲမှာ ရောင်းဖို့မကျန်ကြတော့ဘူးလေ" ဟု တောင်ကြီး-မူဆယ်ရှိ ပြောင်းကုန်သည် ဦးစိုင်းကျော်ဇောကပြောသည်။

တရုတ်နိုင်ငံအနေဖြင့် ပြောင်းဖူးစေ့ကို ၎င်းတို့၏ အရေးကြီးကုန်စည်အဖြစ် သတ်မှတ်ထားရှိပြီး စံအရည်အသွေးစစ်ဆေးထိန်းချုပ်ရေးအဖွဲ့(AQSIQ)ဖြင့် ကန့်သတ်ထားကာ ကိုယ်တာသတ်မှတ်တင်ပို့ခွင့်ပြုထားသည့် ကုန်ပစ္စည်းဖြစ်ကြောင်း၊ သတ်မှတ်ကိုယ်တာကျော်လွန်ပါက တားဆီးပိတ်ပင်ထားသည့် ပစ္စည်းဖြစ်ကြောင်း၊ မြန်မာနိုင်ငံမှ စိုက်ပျိုးထွက်ရှိသည့် ပြောင်းများကို တရုတ်နိုင်ငံ ယူနန်၊ စီချွမ်နှင့် ကွမ်ကျိုးပြည်နယ်တို့တွင်ရှိသည့် အသေးစားစက်မှုလုပ်ငန်းများက မုန့်လုပ်ခြင်းနှင့် 



တိရစ္ဆာန်အစာအတွက် ဝယ်ယူအသုံးပြုကြကြောင်း သိရှိရပြီး နှစ်စဉ် အောက်တိုဘာလမှ ဒီဇင်ဘာလအထိ အများဆုံးဝယ်ယူကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် အစေ့ထုတ်ပြောင်းစိုက် ဧရိယာ ဧက ၁ ဒသမ ၁၇ သန်းရှိပြီး ပြောင်းတင်းပေါင်း ၇၁ သန်းကျော်(မက်ထရစ်တန် ၁ ဒသမ ၇၈ သန်း)ထွက်ရှိကာ ရာသီအလိုက် စိုက်ပျိုးမှုအခြေအနေမှာ မိုးရာသီတွင် ၈၈ ရာခိုင်နှုန်းနှင့် ဆောင်းရာသီတွင် ၁၂ ရာခိုင်နှုန်းဖြစ်ကြောင်း စိုက်ပျိုးရေးဦးစီးဌာန စာရင်းများအရ သိရသည်။ မြန်မာနိုင်ငံတွင် ပြောင်းကို ပြည်တွင်းစားသုံးမှုထက် နှစ်စဉ် ပိုလျှံစွာ ထုတ်လုပ်နိုင်ခဲ့ပြီး ပြည်ပတင်ပို့မှုတွင်လည်း အာဆီယံဒေသအတွင်း နိုင်ငံပေါင်း ၁၀ နိုင်ငံအနက် ဒုတိယအများဆုံးတင်ပို့နိုင်သော နိုင်ငံအဖြစ် ရပ်တည်လျက်ရှိသည်။ အစေ့ထုတ်ပြောင်း အများဆုံးတင်သွင်းသည့် နိုင်ငံများမှာ ကိုရီးယား၊ ဂျပန်၊ မက္ကဆီကို၊ ချက်နိုင်ငံ၊ အီဂျစ်၊ ဗီယက်နမ်၊ စပိန်၊ တရုတ်၊ နယ်သာလန်နှင့် ကိုလံဘီယာတို့ဖြစ်ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ စာရင်းများအရ သိရသည်။

ပြောင်းကို ဘဏ္ဍာနှစ်အလိုက် တင်ပို့မှုများမှာ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် တန်ချိန် ၁၁သိန်းကျော်(တန်ဖိုး အမေရိကန်ဒေါ်လာ ၃၀၀ ကျော်)၊ ၂၀၁၆-၂၀၁၇တွင် တန်ချိန်၁၂သိန်းကျော်(တန်ဖိုး အမေရိကန်ဒေါ်လာ ၂၅၀ကျော်)၊ ၂၀၁၃-၂၀၁၄ တွင် တန်ချိန် ကိုးသိန်းကျော် (တန်ဖိုး အမေရိကန်ဒေါ်လာ ၂၈၇သန်းကျော်)၊ ၂၀၁၂-၂၀၁၃ တွင် တန်ချိန် ၆ သိန်းကျော်(တန်ဖိုး အမေရိကန်ဒေါ်လာ သန်း ၂၀၀ ကျော်)ဖြစ်ကြောင်း သိရသည်။

**ဇာလင်းသူ(AMIA)၊ ဓာတ်ပုံ- ဝတ်ရည်မွန်(AMIA)**

# တောင်ပေါ်ဒေသများတွင် မျှစ်ရှာဖွေမည့်လုပ်သားရှားပါးနေ

**တောင်ငူ ဇူလိုင် ၁၅**

ကရင်ပြည်နယ် သံတောင်မြို့နယ်နှင့် ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ်တို့အတွင်းရှိ တောင်ပေါ်ဒေသများတွင် မိုးရာသီကာလရောက်တိုင်း ရာသီထွက်ကုန်တစ်ခုဖြစ်သော ဝါးမျှစ်များ ဈေးကွက်သို့ အလုံးအရင်းဖြင့် ဝင်ရောက်လေ့ရှိကာ အဝယ်ဒိုင်များက မျှစ်ချဉ်ပြုလုပ်၍ အနယ်နယ်အရပ်ရပ်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း တောင်ငူ-သံတောင်ကားလမ်း ငါးမိုင်ကျေးရွာရှိ မျှစ်အဝယ်ဒိုင်လုပ်ငန်းများမှ သိရသည်။

အဆိုပါ အဝယ်ဒိုင်များအနေဖြင့် ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ တောင်ငူမြို့နယ် တောင်ပေါ်ဒေသများမှ လာရောက်ရောင်းချသည့် ဝါးပိုးမျှစ်၊ ကြသောင်းမျှစ်များကို စုဆောင်းဝယ်ယူကာ အရွယ်အစားကြီးမားသည့် ဝါးပိုးမျှစ်များကို သစ်သားရွှေဘော်ခုံ၌ ပါးလွှာအောင်ပြုလုပ်၍လည်းကောင်း၊ ကြသောင်းဝါးမျှစ်အသေးများကို ရေနွေးအိုးကြီးများဖြင့်ပြုတ်၍ ခေါက်ဆွဲဟုခေါ်သည့် အမျှင်ငယ်များဖြစ်အောင်ပြုလုပ်ပြီး ချဉ်အောင်ပြုလုပ်ကာ ထုပ်ပိုးရခြင်းဖြစ်ကြောင်း အဝယ်ဒိုင်လုပ်ငန်းလုပ်ကိုင်သူ ဦးငြိမ်းမောင်က ပြောသည်။

ယခုနောက်ပိုင်းတွင် မျှစ်များအထွက်များသော်လည်း ရှာဖွေမည့်လုပ်သားရှားပါးလာလျက်ရှိကြောင်း သိရသည်။ "မျှစ်ဈေးကွက်ကတော့ အမှန်ရယ်လို့မရှိပါဘူး၊ အရင်ကဆို တောင်ပေါ်ဒေသတွေမှာ မျှစ်ရှာသူတွေပေါတော့ မျှစ်အဝင်များတယ်၊ ဒါပေမယ့် ဒီလိုမျှစ်ရှာရတဲ့လုပ်ငန်းက အလွန်ပင်ပန်းတယ်၊ ပင်ပန်းသလောက် ဝင်ငွေကမကောင်းတော့ အလုပ်သမားတွေက ထိုင်းနိုင်ငံဘက်ကိုထွက်ပြီး အလုပ်သွားလုပ်ကြတော့ မျှစ်ရှာသူရှားလာတာနဲ့အမျှ အဝင်လည်း နည်းသွားတယ်၊ ရှာတဲ့သူတွေကတော့ တစ်ရက်ကို ပိဿာချိန် ၂၅ ပိဿာနဲ့ ၃၀ ပိဿာအကြား ရတတ်ပါတယ်၊ ဈေးကလည်း လက်ရှိ တစ်ပိဿာမှ ငွေကျပ် ၃၀၀ ပဲ ပေါက်ဈေးရှိတယ်"ဟု ၎င်းက ပြောသည်။

လက်ရှိအချိန်တွင် မျှစ်ရှာဖွေသူများက တစ်ရက်လျှင် ပိဿာချိန် ၃၀၀ မှ ၂၀၀၀ အထိ အဝယ်ဒိုင်များသို့ လာရောက်ရောင်းချနေကြပြီး ရောင်းချသည့် မျှစ်များကို အမျိုးအစားခွဲခြင်း၊ ပါးလွှာခြင်း၊ ပြုတ်ခြင်း၊ ချိန်တွယ်ခြင်းနှင့် ထုပ်ပိုးခြင်းတို့ကို အဝယ်ဒိုင်များက လုပ်သားအင်အားများဖြင့်ပြုလုပ်ကာ အချဉ်ဓာတ်ရရှိပြီးသည့် မျှစ်အိတ်များကို ရထားနှင့်တင်ဆောင်၍ တပ်ကုန်း၊ မိတ္ထီလာနှင့် မန္တလေးမြို့များသို့ တင်ပို့ရောင်းချကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

# တစ်ပတ်အတွင်း စိုက်ပျိုးရေးထွက်ကုန်ဈေးကွက်

(ဇူလိုင် ၉ ရက်မှ ၁၃ ရက်အထိ)

**ဆန်၊ စပါးဈေး ဆက်တိုက်တက်**

ရန်ကုန်ဈေးကွက်မှာ ဒီတစ်ပတ်လည်း ဆန်ဈေးတွေက ဆက်တိုက်တက်နေပါတယ်။ ဆန်ကြမ်းဈေးတွေကငြိမ်နေပြီး ဆန်ချောဈေးတက်နေတာဖြစ်ပါတယ်။ ပြည်တွင်းလက်ကျန်ဆန်နည်းပါးနေပြီး ပြည်ပတင်ပို့မှုကလည်းများတဲ့အတွက် ပြည်တွင်းမှာ ဆန်ဈေးတွေ မြင့်တက်နေခဲ့တာလို့ ကုန်သည်တွေထံမှ သိရပါတယ်။ ရန်ကုန်ဝါးတန်းဈေးကွက်မှာ တစ်ပတ်အတွင်း ဖျာပုံပေါ်ဆန်းမွှေး၊ ဒေးဒရဲပေါ်ဆန်းမွှေးနဲ့ မြောင်းမြပေါ်ဆန်းမွှေးတွေက တစ်အိတ်မှာ တစ်ထောင်ကျပ်ခန့် ဈေးတက်လာပြီး လက်ရှိမှာ တစ်အိတ်ကို ကျပ် ၄၁၀၀၀ ကနေ ၄၃၀၀၀ ခန့် ရှိနေပါတယ်။

ဆန်ကြမ်းထဲမှာတော့ မြီးဒုံးနဲ့ ညှော့မထ ၂၅ မှတ်တန်ဆန်တို့ကတော့ တစ်အိတ်ကို ကျပ် ၁၀၀ ကနေ ၅၀၀ အထိ ဈေးမြင့်တက်ခဲ့ပြီး အခြားဆန်ကြမ်းတွေကတော့ ဈေးကွက်ထဲ ပုံမှန်ဝင်သလို အရောင်းအဝယ်လည်း အေးနေပါတယ်။ လာမယ့် ၃ လအတွင်း ဆန်တစ်အိတ်ကို ကျပ် ၅၀၀၀ အထိတက်နိုင်မယ်လို့ ဆန်စပါးကုန်စည်ဒိုင်က တာဝန်ရှိသူတစ်ဦးက သုံးသပ်ထားကြောင်း မီဒီယာတစ်ခုမှာ ဖော်ပြထားပေမယ့် လက်ရှိဝါးတန်းကုန်စည်ဒိုင်မှာ ဆန်ချောက တစ်လအတွင်းမှာပဲ တစ်အိတ်ကို ကျပ် ၆၀၀၀ အထိ ဈေးမြင့်တက်ခဲ့ပြီး ဆန်ကြမ်းကတော့ တစ်အိတ်ကို ၃၀၀၀ အထိ ဈေးမြင့်တက်ခဲ့ပါတယ်။

**မတ်ပဲ (FAQ/RC)ဈေး တဖြည်းဖြည်းကျ**

ပြီးခဲ့တဲ့အပတ်က ဈေးအနည်းငယ်ပြန်မြင့်တက်ခဲ့တဲ့ မတ်ပဲက ဒီတစ်ပတ်မှာတော့ အတက်မရှိဘဲ ဖြည်းဖြည်းချင်း ဈေးကျဆင်းသွားခဲ့ပါတယ်။ လက်ရှိမှာ ဈေးကွက်ထဲကို ပဲအဝင်နည်းလာပေမယ့် ပုံမှန်ဝယ်လက်အချို့ကြောင့် နေ့စဉ် အရောင်းအဝယ်ဖြစ်နေပြီး ဈေးကတော့ တက်မလာဘဲ ကျဆင်းလာခဲ့တာပါ။ လက်ရှိအချိန်အထိ ဈေးစောင့်နေတဲ့ ကုန်သည်အချို့ကြောင့် ဈေးကွက်ကို ပဲအဝင်နည်းလာတယ်လို့လည်း ယူဆလို့ရပါတယ်။

ပြီးခဲ့တဲ့အပတ်က ရန်ကုန်ကုန်စည်ဒိုင်မှာ မတ်ပဲတစ်တန်ကို ကျပ် ၄၆၀၀၀၀ ကျော် ပေါက်ဈေးရှိခဲ့ပေမယ့် ဒီတစ်ပတ်မှာတော့ တစ်တန်ကို ကျပ် ၃၅၀၀၀ နီးပါးပဲ ရှိပါတော့တယ်။

ဒီနှစ် ဇန်နဝါရီလ ၁ ရက်နေ့ကနေ ဇွန်လ ၃၀ ရက်နေ့အထိ ခြောက်လအတွင်း မတ်ပဲ ပြည်ပတင်ပို့မှုက တန်ချိန်ပေါင်း ၁၄၂၈၇၀ ကျော် ရှိခဲ့ပြီး ဒီခြောက်လအတွင်းမှာ ဈေးကတော့ တစ်တန်ကို ကျပ် ၁၅၀၀၀၀ ကျော်အထိ ကျဆင်းသွားခဲ့ပါတယ်။

**ပဲစင်းငုံနီ ပုံမှန်အရောင်းအဝယ်ရှိ**

ပဲစင်းငုံနီကတော့ ဒီတစ်ပတ်မှာ ဈေးကျဆင်းခဲ့ပေမယ့် အရောင်းအဝယ် ပုံမှန်အနေအထားမှာရှိနေပြီး နယ်ကုန်စည်ဒိုင်တွေမှာလည်း ဈေးက အများကြီး မကျဆင်းသွားခဲ့ပါဘူး။ ကုန်သည်တွေကလည်း သြဂုတ်လမတိုင်ခင် ဈေးတက်နိုင်ခြေရှိတယ်ဆိုတဲ့ ခန့်မှန်းချက်တွေကြောင့် ပုံမှန်ဝယ်ယူမှုရှိနေလို့ ဈေးက မတ်ပဲလောက် အများကြီးမကျတာဖြစ်ပါတယ်။

ပြီးခဲ့တဲ့အပတ်က ပဲစင်းငုံနီက တစ်တန်ကို ကျပ် ၄၉၀၀၀၀ ကျော်နဲ့ ဈေးအမြင့်ဆုံးရှိခဲ့ပြီး ဒီတစ်ပတ်မှာတော့ တစ်တန်ကို ၄၇၀၀၀၀ နဲ့ ဈေးအနည်းငယ်သာပြောင်းခဲ့ပါတယ်။

ဇန်နဝါရီ ၁ ရက်နေ့က ဇွန်လ ၃၀ ရက်နေ့အထိ ခြောက်လအတွင်း ပဲစင်းငုံနီကို ပြည်ပတင်ပို့မှု တန်ချိန်ပေါင်း ၇၀၈၀၀ ကျော်ရှိခဲ့ပြီး ဈေးကတော့ ခြောက်လအတွင်းမှာ တစ်တန်ကို ကျပ်တစ်သိန်းကျော် ဈေးတက်ခဲ့ပါတယ်။ ပြီးခဲ့တဲ့ ခြောက်လအတွင်းကိုကြည့်ရင် မတ်ပဲက မထင်မှတ်လောက်အောင် ဈေးကျဆင်းသွားခဲ့ပေမယ့် ပဲစင်းငုံနီကတော့ ဈေးတက်လာခဲ့တယ်လို့ ပြောလို့ရပါတယ်။ ဆက်ပြီးတက်ဖို့ကိုလည်း တောင်သူတွေက မျှော်လင့်နေကြပါတယ်။

**ပဲတီစိမ်း ဈေးတက်နေ**

ပဲတီစိမ်းကတော့ လက်ရှိမှာ ဈေးတက်နေပါတယ်။ တရုတ်က နေ့စဉ် ဝယ်ယူမှုရှိနေပြီး အရည်အသွေးအလိုက် ဈေးကောင်းပေးဝယ်နေတဲ့အတွက် အရည်အသွေးကောင်းတဲ့ပဲက ဈေးမြင့်နေတဲ့ အခြေအနေပါ။ ပဲတီစိမ်းကို အိန္ဒိယကလည်း အမိကဝယ်ယူနေတာဖြစ်တဲ့အတွက် ဈေးက ထပ်ပြီးကျဆင်းသွားနိုင်ခြေလည်းမရှိသလို အဆမတန် ဈေးမြင့်သွားဖို့လည်းမရှိသေးဘူးလို့ ကုန်သည်တွေက သုံးသပ်ထားပါတယ်။ လက်ရှိမှာ ပဲတီစိမ်းက ပဲတွေထဲမှာ ဈေးအမြင့်ဆုံးရရှိနေတဲ့ပဲဖြစ်တဲ့အတွက် တောင်သူတွေကတော့ အဆင်ပြေနေတဲ့ အခြေအနေပါ။ ပြီးခဲ့တဲ့ခြောက်လအတွင်းမှာ ပဲတီစိမ်း ပြည်ပတင်ပို့မှုက တန်ချိန် ၇၀၀၀၀ ရှိခဲ့ပါတယ်။

**အာလူးဈေး ထူးထူးခြားခြားတက်**

ဒီတစ်ပတ်မှာ ထူးထူးခြားခြား ဈေးတက်လာတာကတော့ အာလူးပဲ ဖြစ်ပါတယ်။ ဈေးကွက်အတွင်း လက်ကျန်မရှိသလောက် ဖြစ်လာတဲ့အတွက် အာလူးဈေးတွေ တက်လာတာဖြစ်ပါတယ်။ အောင်ပန်းအာလူးကတော့ ဈေးကွက်မှာ တစ်ခါတစ်ရံ ဈေးမဖွင့်ဘဲ ဟဲဟိုးအာလူးကတော့ ဈေးအမြင့်နဲ့ နေ့စဉ် အရောင်းအဝယ်ဖြစ်နေပါတယ်။ အာလူးက တခြားသီးနှံတွေလို ဈေးအပြောင်းအလဲ အများကြီးမဖြစ်တတ်ဘဲ အာလူးအဝင်မရှိရင် ဈေးတက်ပြီး အဝင်များရင် ဈေးကျဆင်းတတ်ပါတယ်။ လက်ရှိမှာ အာလူးက တစ်ပိဿာကို အနိမ့်ဆုံးဈေး ကျပ် ၃၀၀ ကနေ အမြင့်ဆုံးဈေး ကျပ် ၉၀၀ အထိ ပေါက်ဈေးရှိပြီး တစ်ပတ်အတွင်းမှာ တစ်ပိဿာ ကျပ် ၂၀၀ လောက် ဈေးတက်ခဲ့တာဖြစ်ပါတယ်။

**စားအုန်းဆီဈေးပြန်ကျ**

ပြီးခဲ့တဲ့အပတ်က ဒေါ်လာဈေးတွေမြင့်တက်ခဲ့တဲ့အတွက် စားအုန်းဆီဈေးတွေ မြင့်တက်ခဲ့ပြီး ဒီတစ်ပတ်မှာတော့ ဈေးက အနည်းငယ်ပြန်ကျခဲ့ပါတယ်။ ရန်ကုန်ဈေးကွက်မှာရော နယ်ကုန်စည်ဒိုင်တွေမှာပါ စားအုန်းဆီဈေး ကျဆင်းခဲ့ပါတယ်။ ဒါပေမယ့် မလေးရှားနိုင်ငံမှာ ဘာသာရေးပွဲကြောင့် စားအုန်းဆီထုတ်လုပ်မှု အနည်းငယ်ကျဆင်းသွားတဲ့အတွက် စားအုန်းဆီဈေးက တက်နိုင်တယ်လို့လည်း သုံးသပ်ထားပါတယ်။ ရန်ကုန်မှာ တစ်ပတ်အတွင်း တစ်ပိဿာ ကျပ် ၅၀ ကျော် ဈေးကျဆင်းသွားခဲ့ပြီး မန္တလေးမှာတော့ တစ်ပိဿာကို ကျပ် ၂၀ လောက် ဈေးကျဆင်းသွားခဲ့ပါတယ်။ လက်ရှိပေါက်ဈေးက ရန်ကုန်ဈေးကွက်မှာ တစ်ပိဿာကို ကျပ် ၁၅၅၀ ရှိပြီး မန္တလေးမှာတော့ တစ်ပိဿာကို ကျပ် ၁၆၈၀ ရှိပါတယ်။

**ဈေးတက်နေတဲ့ နှမ်းရောင်စုံ**

နှမ်းရောင်စုံတွေကတော့ ဒီတစ်ပတ်မှာ ဈေးတက်လာခဲ့ပါတယ်။ နှမ်းအဝင်မရှိတော့ဘဲ လက်ကျန်နှမ်းတွေကိုသာ နေ့စဉ်ဝယ်ယူနေတဲ့အတွက် ဈေးတွေ မထင်မှတ်လောက်အောင် တက်လာခဲ့တာဖြစ်ပါတယ်။ လက်ရှိမှာ နှမ်းအသစ်တွေကလည်း ဈေးကွက်အတွင်း အများအပြားမပေါ်သေးဘဲ အရောင်းအဝယ်ကလည်း မရှိတဲ့အတွက် နှမ်းအဟောင်းတွေက ဈေးကွက်ကိုဦးဆောင်နေတယ်လို့ ပြောလို့ရပါတယ်။

နှမ်းနက်(စမုံ) က ဒီတစ်ပတ်မှာ သုံးတင်းဝင်တစ်အိတ်ကို အမြင့်ဆုံးဈေး ကျပ် ၁၅၀၀၀၀ အထိ ရရှိနေပြီး ခြောက်လအတွင်း တစ်အိတ်မှာ ကျပ် ၂၅၀၀၀ ကျော် ဈေးတက်လာခဲ့ပါတယ်။ နှမ်းဖြူကလည်း လက်ရှိမှာ တစ်အိတ်ကို အမြင့်ဆုံးဈေး ကျပ် ၁၅၀၀၀၀ ကျော်ရှိပြီး ခြောက်လအတွင်း တစ်အိတ် ကျပ် ၂၀၀၀၀ ကျော် ဈေးတက်လာပါတယ်။ နှမ်းညိုကတော့ လက်ရှိမှာ တစ်အိတ်ကို အမြင့်ဆုံးဈေး ကျပ် ၁၃၀၀၀၀ ကျော် ရရှိနေပြီး ခြောက်လအတွင်း တစ်အိတ် ကျပ် ၃၀၀၀၀ ကျော် ဈေးတက်လာခဲ့ပါတယ်။ နှမ်းနက်ကလည်း လက်ရှိပေါက်ဈေး တစ်အိတ်ကို ကျပ် ၁၃၀၀၀၀ ကျော်ရှိပြီး ခြောက်လအတွင်းမှာ တစ်အိတ်ကို ကျပ် ၂၅၀၀၀ လောက် ဈေးတက်လာခဲ့ပါတယ်။

**ဝတ်ရည်မွန်(AMIA)**

# သုံးလအတွင်း ပြည်ပပို့ ချင်း(ဂျင်း)တင်ပို့မှုတွင် ဈေးပိုရနေ

**အောင်ပန်း ဇူလိုင် ၁၅**

လက်ရှိဘဏ္ဍာနှစ် ကြားကာလ သုံးလနီးပါးအတွင်း ပြည်ပသို့ ချင်းစိုနှင့် ချင်းခြောက် တင်ပို့မှုတွင် ယခင်ဘဏ္ဍာနှစ် ကာလတူအချိန်ထက် တစ်တန်လျှင် ကျပ် ၁၂၀၀၀၀ ခန့် ဈေးပိုရနေကြောင်း ပြည်ပသို့ ချင်းတင်ပို့နေသည့် ကုန်သည်များထံမှ သိရသည်။

လက်ရှိအချိန်တွင် ရှမ်း၊ ချင်းနှင့် ရခိုင်ပြည်နယ်ထွက် ချင်းစိုများမှာ တစ်တန်လျှင် ကျပ် ၁၁ သိန်းကျော် ဈေးရှိနေပြီး ယခင်ဘဏ္ဍာနှစ် ကာလတူက ကျပ် ၁၁ သိန်းအောက်သာ ဈေးရှိခဲ့ခြင်းကြောင့် ကျပ်တစ်သိန်းခန့် ဈေးပိုရနေကြောင်း၊ ချင်းခြောက်မှာလည်း ယခုအချိန်တွင် တစ်တန်လျှင် ကျပ် ၁၄ သိန်းကျော် ဈေးရှိပြီး ယခင်နှစ်က တစ်တန်လျှင် ကျပ် ၁၃ သိန်းကျော်သာ ရှိခြင်းကြောင့် ကျပ် ၁၂၀၀၀၀ ခန့် ဈေးပိုရနေကြောင်း အောင်ပန်းမြို့ရှိ ချင်းပွဲရုံပိုင်ရှင်တစ်ဦးက ပြောသည်။

"ချင်းကို စစ်တွေကနေ ဘင်္ဂလားဒေ့ရှ်ပို့တယ်၊ အရင်နှစ်ထက် ဈေးပိုမြောက်တယ်၊ ပြည်ပနိုင်ငံတွေကလည်း ပုံမှန်အဝယ်ရှိတယ်၊ ဈေးကွက်ပျောက်သွားတာ မရှိသေးဘူး၊ ချင်းအများဆုံးစားသုံးတဲ့ နိုင်ငံတွေကလည်း နိုင်ငံကြီးတွေပဲဖြစ်တယ်"ဟု ၎င်းက ဆက်ပြောသည်။ ပြည်တွင်းထွက်ချင်းများသည် တောင်ပေါ်ဒေသနှင့် မြေပြန့်ဒေသအလိုက် အရည်အသွေး အနည်းငယ်ကွာခြားကြောင်း၊ အောင်ပန်းနှင့် ကလောဒေသမှ ထွက်သောချင်းများသည် အသားမာပြီး အနံ့ပိုပြင်းခြင်းကြောင့် ဈေးပိုရကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် ချင်းကို နေရာအနှံ့အပြား စိုက်ပျိုးနိုင်ပြီး ရှမ်းပြည်နယ်တောင်ပိုင်းတွင် အဓိကစိုက်ပျိုးကာ အများဆုံးစိုက်ပျိုးသောမြို့နယ်မှာ ပင်လောင်းနှင့် ကလောမြို့နယ်တို့ဖြစ်သည်။ ကလောနှင့် ပင်လောင်းဒေသမှထွက်ရှိသော ချင်းများကို အောင်ပန်းမြို့သို့တင်ပို့ပြီး ၄င်းမှတစ်ဆင့် ပြည်တွင်းတင်ပို့မှုအဖြစ် ရန်ကုန်၊ စစ်တွေ၊ မန္တလေးနှင့် အခြားမြို့ဈေးကွက်များသို့ တင်ပို့လျက် ရှိသည်။ မြန်မာနိုင်ငံ၏ ချင်းစိုက်ပျိုးမှုဧကအနေဖြင့် နှစ်စဉ် စိုက်ဧက နှစ်သောင်းဝန်းကျင်ရှိပြီး တန်ချိန်ခုနစ်သောင်းခန့် ထွက်ရှိကာ ပြည်တွင်းသုံးစွဲမှု တန်ချိန်ငါးသောင်းခန့်ဖြစ်၍ ပိုလျှံမှုတန်ချိန်နှစ်သောင်းခန့်ရှိကြောင်း သိရသည်။

**ဇာလင်းသူ(AMIA)**

**ဓာတ်ပုံ- ဝတ်ရည်မွန်(AMIA)**



# ညောင်ဦးမြို့နယ်တွင် မျိုးမြေပဲဈေးမြင့်ပြီး မြေပဲဆန်ဈေးမကောင်း၍ တောင်သူများအဆင်မပြေ

**ညောင်ဦး ဇူလိုင် ၁၅**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်အတွင်းရှိ တောင်သူများအနေဖြင့် ဝါဆိုပဲခေါ် မိုးလယ်မြေပဲကို ယခုရက်ပိုင်းရွာသောမိုးနှင့် စတင်စိုက်ပျိုးနေကြပြီဖြစ်ကာ အမျိုးအစားအနေဖြင့် ပင်ပြန့်မြေပဲနှင့် ပင်ထောင်မြေပဲများကို စိုက်ပျိုးလျက်ရှိသည်။ ထိုသို့စိုက်ပျိုးရာတွင် စိုက်ပျိုးမည့် မျိုးမြေပဲများကို ဈေးကြီးပေးဝယ်၍ စိုက်ပျိုးနေကြရသော်လည်း မြေပဲများထွက်ချိန်တွင် ဈေးကောင်းမရတတ်သဖြင့် တောင်သူများမှာ အဆင်မပြေမှုများကြုံတွေ့နေရကြောင်း သိရသည်။

**တွက်ချေမကိုက်**

"ကျွန်တော်တို့တောင်သူတွေကတော့ လုပ်နေကျ သမားရိုးကျအလုပ်မို့ လုပ်လုပ်နေရတာပါ၊ အချိန်ကျလာလို့ လုပ်နေရတာ၊ သီးနှံဈေးနှုန်းတွေက မျှော်လင့်ချက်မရှိပါဘူး၊ ကျွန်တော်တို့ နွေရာသီတုန်းက ကုလားပဲစိုက်ခဲ့တယ်၊ စိုက်တုန်းက မျိုးတစ်တင်းကို ၃၅၀၀၀ ကျပ်နှုန်းပေးရတယ်၊ ကုလားပဲစိုက်တော့ ကုလားပဲကရပါတယ်၊ ဒါပေမယ့် မျိုးချိန်တုန်းကဈေးကောင်းပြီး ပေါ်လာတော့ ဈေးမကောင်းတော့ဘူး။ ပေါ်ချိန်ကျတော့ တစ်တင်းမှ ငွေကျပ် ၁၉၀၀၀ ပဲရတော့တယ်၊ အခုလည်း မျိုးမြေပဲဆန်တစ်တင်းကို ငွေကျပ် ၅၀၀၀၀ နဲ့ ဝယ်စိုက်ရတယ်၊ ရောင်းတော့ မြေပဲဆန်တစ်တင်းကို ငွေကျပ် ၃၀၀၀၀ လောက်ပဲရတယ်၊ တောင်သူတွေအဖို့ တွက်ခြေမကိုက်ပါဘူး၊ လုပ်နေကျအလုပ်မို့သာ လုပ်နေရတာပါ"ဟု ကန်တောကျေးရွာမှ မြေပဲစိုက်နေသော တောင်သူတစ်ဦးက ပြောသည်။

**ဈေးကောင်းရဖို့ပဲလို**

ရေတွင်းညောင်ပင်ရွာမှ တောင်သူတစ်ဦးကလည်း "မြေပဲက မိုးဦးကိုအမီစိုက်မှ ကောင်းတာ၊ မိုးဦးစိုက်ရင် ပိုးသတ်ဆေးမသုံးရဘူး၊ ဒါပေမယ့် စိုက်ပျိုးရေးချေးငွေထုတ်ချေးတာက နောက်ကျတယ်။ ငွေထုတ်ချေးတာ နောက်ကျနေတော့ မျိုးမြေပဲဆန်ဝယ်ဖို့ ငွေမရှိတော့ စိုက်ချိန်နောက်ကျတာပါ။ ဝါဆိုမှ စိုက်ရတော့ ပိုးသတ်ဆေးပိုသုံးရတယ်၊ ဖော်ချိန်၊ ရိတ်သိမ်းချိန်မှာလည်း မိုးနဲ့တိုးတတ်တယ်၊ ဘာပဲဖြစ်ဖြစ် ဈေးကောင်းရဖို့ပဲလိုပါတယ်"ဟု ပြောသည်။

တောင်သူများအတွက် အဓိကကြုံနေရသည့်အခက်အခဲမှာ သီးနှံထွက်ချိန်တွင် ဈေးကောင်းမရသည့်အခက်အခဲဖြစ်ကြောင်း သိရသည်။ လက်ရှိသီးနှံစိုက်ပျိုးမှုများတွင် မျိုးဈေးကြီးသည့်အခက်အခဲ၊ စိုက်ပျိုးစရိတ်မြင့်သည့်အခက်အခဲ၊ ရာသီဥတုအခြေအနေအခက်အခဲစသည့် အဆင်မပြေမှုများရှိနေသော်လည်း သီးနှံထွက်ချိန်တွင် ဈေးကောင်းရပါက တောင်သူများအနေဖြင့် အဆင်ပြေနိုင်ကြောင်း ဒေသခံများ၏ ပြောကြားချက်များအရ သိရသည်။

**ကျော်ငွေး(ညောင်ဦး)**

# ငါ့သရောက်မြို့နယ်တွင် မိုးနည်း၍ မြေပဲခင်းများခြောက်သွေ့လာ

**ငါ့သရောက် ဇူလိုင် ၁၅**

ညောင်ဦးခရိုင် ငါ့သရောက်မြို့နယ်တွင် မိုးရွာသွန်းမှုနည်းပါးသောကြောင့် မြေပဲစိုက်ခင်းများ ခြောက်သွေ့လာနေကြောင်းနှင့် အထွက်နှုန်းထိခိုက်မှုရှိလာနိုင်ကြောင်း ဒေသခံ မြေပဲစိုက်တောင်သူများထံမှ သိရသည်။

ငါ့သရောက်မြို့နယ်အတွင်း မိုးဦးမိုးကောင်းခဲ့သောကြောင့် မြေပဲပင်များ အပွင့်ပွင့်ချိန်အထိ အဆင်ပြေခဲ့ပြီး မြေပဲပွင့်မှ ဥဉရန်အစွယ်မြေချချိန်တွင် မိုးရွာသွန်းမှုမရှိတော့ခြင်းကြောင့် မြေပဲခင်းများခြောက်သွေ့လာခဲ့ကာ ထိုအခြေအနေကြောင့် အထွက်နှုန်းကို ထိခိုက်မှုရှိနိုင်ပြီး မြေပဲစိုက်တောင်သူများအနေဖြင့် ယာထဲတွင်ပင် အရှုံးနှင့်ရင်ဆိုင်ရနိုင်ကြောင်း ကုလားတဲကျေးရွာမှ တောင်သူဦးသန်းထိုက်က ပြောသည်။

ညောင်ဦးမြို့နယ်အတွင်း ယခုနှစ် နှမ်းစိုက်ပျိုးကြသည့်တောင်သူများမှာမူ လက်ရှိအချိန်သည် နှမ်းနုတ်သိမ်းချိန်ရောက်နေသဖြင့် အဆင်ပြေကြသော်လည်း မြေပဲစိုက်တောင်သူများကမူ မိုးကိုမျှော်နေကြရကာ နောက်တစ်ပတ်လောက်အတွင်း မိုးမရွာပါက မြေပဲပင်များသေကုန်တော့မည်ဖြစ်ကြောင်း၊ တစ်ပတ်အတွင်း မိုးရွာခဲ့လျှင်ပင် မြေပဲဥဉနှုန်းလျော့ကျပြီး အထွက်နှုန်းနည်း၍ တောင်သူများအရှုံးပေါ်နိုင်ကြောင်း ဒေသခံမြေပဲစိုက်တောင်သူများက ပြောကြားလျက်ရှိသည်။

**ကိုထိန်(ငါ့သရောက်)**





bellaMEN
CARE
NEW
အဆီ - ဝက်ခြံ - ကင်းစင်
ဖြူဝင်း - လန်းဆန်း
အောင်မြင်မှုများပေးတဲ့
POWER UP မျက်နှာသစ်
1995KS
Menthol ပါဝင်တာကြောင့်ဘတ်တီးရီးယားပိုးမွှားများကို
ဖယ်ရှားပေးပြီး အေးမြတဲ့ ခံစားမှုကို ရရှိစေပါသည်။
BE THE POWER
bellaMEN CARE
COOLING MENTHOL
POWER UP
OIL CONTROL
ALL-IN-ONE MULTI-ACTION FACE WASH
COOLING MENTHOL BEADS
BRIGHTENING | PORE-MINIMISING
40g ℮ 1.35 US FL Oz

# အထူးဝမ်းမြောက်ဂုဏ်ယူခြင်း

S.D Development Co., Ltd. Sein Daung Superstore (သပြေကုန်း) နေပြည်တော် ဆိုင်သစ်ဖွင့်လှစ်နိုင်ခြင်းအတွက် အထူးပင်ဝမ်းမြောက်ဂုဏ်ယူမိပါကြောင်းနှင့် ဆတက်ထမ်းပိုး တိုးတက်အောင်မြင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

- **AEK (Electronics)**
- **ဇေယျာ ဟာဂျီဇေယျာလွင်-မသစ်သစ် မီးဖိုချောင်သုံးလျှပ်စစ်ပစ္စည်းအမျိုးမျိုး ဖြန့်ချိရေး**
- **ACMA (Electronics)**
- **NIBBAN (Electric & Electronics)**

# အထူးဝမ်းမြောက်ဂုဏ်ယူခြင်း

S.D Development Co.,Ltd. Sein Daung Superstore (သပြေကုန်း) နေပြည်တော် ဆိုင်သစ်ဖွင့်လှစ်နိုင်ခြင်းအတွက် အထူးပင်ဝမ်းမြောက်ဂုဏ်ယူမိပါကြောင်းနှင့် ဆတက်ထမ်းပိုး တိုးတက်အောင်မြင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

**ARDE**
**မန္တလေး**
**ဦးပိုင် (၂ မှ ၆ အထိ)**
**ငွေတော်ကျိုကုန်းအပိုင်း (၃)**
**ကွဲဆည်ကန်၊**
**မန္တလေး**

**ARDE**
**Furniture Group & T-7 Furniture**
**အမှတ် (၄၈)၊ ကျွန်စစ်သားလမ်းနှင့်**
**မြဝတီမင်းကြီးလမ်းထောင့်၊**
**ကျွန်စစ်သားရိပ်မွန်၊ စက်မှုတောင်ဒဂုံ**
**ရန်ကုန်မြို့**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပညာရေးဝန်ကြီးဌာန
## နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန
## သင်တန်းသားများခေါ်ယူခြင်း

၁။ ပညာရေးဝန်ကြီးဌာနလက်အောက်ရှိ နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေး ဦးစီးဌာနနှင့် တိုတယ်မြန်မာရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း (ရတနာစီမံကိန်း)တို့ ပူးပေါင်း၍ ဂဟေဆက်သင်တန်းအမှတ်စဉ်(၈)အား အောက်ဖော်ပြပါ အစီအစဉ်အတိုင်း ဖွင့်လှစ်ပါမည်-

**သင်တန်းဖွင့်လှစ်မည့်ရက်** - ၂၀၁၈ ခုနှစ် ဩဂုတ် ၂၀ ရက်
**သင်တန်းဖွင့်လှစ်မည့်နေရာ** - ရတနာဂဟေဆက် နည်းပညာသင်တန်းကျောင်း (အောင်ဆန်း) [ယခင် စက်ပစ္စည်းပြုပြင်ထိန်းသိမ်းရေးလုပ်ငန်း ပညာသင်ကျောင်း(အောင်ဆန်း) ကျောင်းဂိတ်မှတ်တိုင်အနီး]၊ အောက်မင်္ဂလာဒုံလမ်းမကြီး၊ စဉ့်ကူရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ဖုန်း-၀၉-၇၇၇၃၈၇၃၆၉၊ ၀၉-၄၂၆၁၄၉၆၁၉
**သင်တန်းကာလ** - ရက်သတ္တ ၁၂ ပတ်

၂။ သင်တန်းအမှတ်စဉ် (၈)တွင် သင်တန်းသား ၁၅ ဦးလက်ခံသင်ကြားပေးပါမည်။

၃။ လျှောက်ထားသူသည်-
(က) အခြေခံပညာအလယ်တန်းအောင်မြင်ထားပြီး အခြေခံအင်္ဂလိပ်စာ နားလည်ဖြစ်ရမည်။
(ခ) အကျင့်စာရိတ္တကောင်းမွန်ပြီး လုပ်ငန်းခွင်နှင့်သင့်တော်သော ကျန်းမာရေးရှိရပါမည်။
(ဂ) သင်တန်းတက်ခွင့်ရသောနေ့တွင် အသက် ၁၈ နှစ်ပြည့်ပြီး အသက် ၃၅နှစ်ထက် မကြီးသူဖြစ်ရပါမည်။

၄။ လုပ်ငန်းခွင်ကျွမ်းကျင်သောသူများမွေးထုတ်ပေးနိုင်ရေးအတွက် စာတွေ့၊ လက်တွေ့ သင်ကြားပို့ချပေးမည်ဖြစ်ပါသည်။ သင်တန်းစာမေးပွဲအောင်မြင်သူများမှာ အသိအမှတ်ပြုအောင်လက်မှတ်ရရှိမည်ဖြစ်ပါသည်။

၅။ ရတနာဂဟေဆက်နည်းပညာသင်တန်းကျောင်းသို့ တက်ရောက်ခွင့်ရသူများသည် သင်တန်းကြေးအခမဲ့ဖြစ်ပြီး အသိအမှတ်ပြုအောင်လက်မှတ်ရ ထူးချွန်သော ကျောင်းသားများကို လက်တွေ့လုပ်ငန်းခွင်သင်တန်း ၄လမှ ၆လအထိ တက်နိုင်ရန် ကုမ္ပဏီများနှင့် ချိတ်ဆက်ဆောင်ရွက်ပေးပါမည်။ လက်တွေ့လုပ်ငန်းခွင်သင်တန်းတက်ရောက်ခွင့်ရပါက ရတနာစီမံကိန်းမှ သင်တန်းကာလတစ်လျှောက် သင့်လျော်သော ထောက်ပံ့ကြေးပေးမည်ဖြစ်ပါသည်။

၆။ သင်တန်းသားအတွက်လိုအပ်သောလုပ်ငန်းခွင်ဘေးအန္တရာယ်ကာကွယ်ရေးဝတ်စုံ (Personal Protective Equipment)အတွက် ကုန်ကျစရိတ်ကို သင်တန်းသားမှ ကိုယ်တိုင်ကျခံရပါမည်။

၇။ သင်တန်းလျှောက်လွှာများကို ရတနာဂဟေဆက် နည်းပညာသင်တန်းကျောင်း (အောင်ဆန်း)တွင် ၂၃-၇-၂၀၁၈ ရက်မှစတင်၍ နံနက် ၉း၃၀နာရီမှ ညနေ ၄း၀၀နာရီအတွင်းထုတ်ယူနိုင်ပြီး လျှောက်လွှာများအား ပတ်စ်ပို့ဆိုဒ်ရောင်စုံဓာတ်ပုံနှစ်ပုံ၊ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ မွေးသက္ကရာဇ်နှင့် ပညာအရည်အချင်းအတွက် ထောက်ခံချက်၊ ပြစ်မှုကင်းရှင်းကြောင်း ထောက်ခံချက်တို့နှင့်အတူ အဆိုပါသင်တန်းကျောင်းတွင် ၁၀-၈-၂၀၁၈ ရက် နောက်ဆုံးထားပြီး ပြန်လည်လျှောက်ထားနိုင်ပါသည်။

၈။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ရတနာဂဟေဆက် နည်းပညာသင်တန်းကျောင်း(အောင်ဆန်း) ဖုန်း-၀၉-၇၇၇၃၈၇၃၆၉၊ ၀၉-၄၂၆၁၇၉၆၁၉ တို့သို့ ရုံးချိန်အတွင်း နံနက် ၉း၃၀ နာရီမှ ညနေ ၄း၀၀ နာရီအတွင်း စုံစမ်းနိုင်ပါသည်။

**နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန**

## အစည်းအဝေးဖိတ်ကြားခြင်း

ပဒေသာပင်မြို့တော် အိမ်ရာစီမံခန့်ခွဲရေးလုပ်ငန်းများကို FMI ကုမ္ပဏီမှ လက်ရှိအိမ်ပိုင်ရှင်များအသင်းသို့ ၃၀-၉-၂၀၁၈ရက်အပြီး လွှဲပြောင်းပေးမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အိမ်ရှင်များအားလုံးသည် ၂၂-၇-၂၀၁၈ ရက် (တနင်္ဂနွေနေ့) နံနက် ၀၉း၃၀ နာရီတွင် လှိုင်သာယာမြို့နယ်၊ အမှတ် (၄)ရပ်ကွက်၊ ချမ်းမြေ့ပဒေသာပင်ရိပ်သာကျောင်း ဓမ္မာရုံ၌ ကျင်းပမည့် သင်းလုံးကျွတ်အစည်းအဝေးသို့ မပျက်မကွက်တက်ရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**အမှုဆောင်အဖွဲ့**
**ပဒေသာပင်မြို့တော်အိမ်ပိုင်ရှင်များအသင်း**

## အမြန်ဆုံးဆက်သွယ်ပါ
## ဆိုင်ခန်းပိုင်ရှင်ငွေသွင်းထားသူများ

အင်းစိန်မြို့နယ်၊ တညင်းကုန်း ကုန်စိမ်းဈေး သ/မ ဆိုင်ခန်းပိုင်ရှင် အသင်းသားများ၊ မူလဈေး သ/မအသင်းပိုင်ဈေးရုံ(ဇ)(ဈ) ဆိုင်ခန်းပိုင်ရှင်များ၊ ဆိုင်ခန်းဖိုးငွေပေးသွင်းထားသော အသင်းသားများအားလုံး အောက်ပါဖုန်းနံပါတ်များသို့ အမြန်ဆုံးဆက်သွယ်ပါ။ ဆိုင်ခန်းပြန်လည်ရရှိရေးအတွက် ဆောင်ရွက်ရန်။

(၁) ဦးမင်းခိုင် ဖုန်း-၀၉-၄၅၁၁၁၇၁၁
(၂) ဦးနေဝင်း ဖုန်း-၀၉-၇၉၄၂၈၇၄၀၇
(၃) ဦးသောင်းလှိုင် ဖုန်း-၀၉-၄၄၈၀၀၅၈၄၅
(၄) ဦးဇော်ဝင်းစိန် ဖုန်း-၀၉-၄၄၃၀၉၈၄၉၇
(၅) ဦးရွှေထူး ဖုန်း-၀၉-၄၀၁၅၄၉၄၇၈
(၆) ဒေါ်နီနီဝင်း ဖုန်း-၀၉-၄၀၄၈၀၃၈၉၇

**အမည်မှန်**
ကျောက်တန်းမြို့နယ်၊ တံတားမြို့နယ်ခွဲ၊ တာပတ်ကျေးရွာအုပ်စုနေ ဦးခင်ဝင်း ၁၂/ကတန(နိုင်)၀၁၉၂၃၂၏သား မောင်ဟိဏ်းမင်းထက် ၁၂/တတထ(နိုင်)၀၀၇၈၀၂၏အမည်မှန်မှာ မောင်ဟိန်းမင်းထက် ဖြစ်ပါကြောင်း။
**မောင်ဟိန်းမင်းထက်**

**မြေကွက်များဈေးကောင်းပေးဝယ်လိုသည်**
**ဒဂုံမြို့သစ်၊ (အရှေ့ပိုင်း၊ မြောက်ပိုင်း၊ တောင်ပိုင်း၊ ဆိပ်ကမ်း) တို့တွင် မြေကွက်များဝယ်လိုသည်။**
**အိမ်အရောက် ငွေချေစနစ်၊ ပွဲခပေးရန်မလို**
**မည္ဟန့် 01-2339310,01-2339355,**
**Ph:01-578044 ,01-570721**

# ဘဏ်ပိတ်ရက်ကြော်ငြာ

လွှဲပြောင်းနိုင်သော စာချုပ်စာတမ်းများ အက်ဥပဒေအရ ၂၀၁၈ခုနှစ် ဇူလိုင် ၁၉ ရက် (ကြာသပတေးနေ့) **အာဇာနည်နေ့**သည် အများပြည်သူ အလုပ်ပိတ်ရက်ဖြစ်ပါသဖြင့် ၎င်းရက်တွင် ဘဏ်များအားလုံး ပိတ်ထားလိမ့်မည် ဖြစ်ပါကြောင်း။

**မြန်မာနိုင်ငံတော်ဗဟိုဘဏ်**

**INVITATION TO OPEN PREQUALIFICATION OF BIDDING**

The Irrigation and Water Utilization Management Department (IWUMD), Ministry of Agriculture, Livestock and Irrigation, announces the PREQUALIFICATION of International Competitive Bidding for "Procurement of Construction Machineries and Cutter Suction Dredger for IWUMD" under the Agriculture Income Improvement Project in Shwebo Area, Sagaing Region based on the Loan Aggrement (Loan No.: MY-P25) signed on 29th March, 2018 between the Japan International Cooperation Agency (JICA) and the Ministry.

The procurement works shall consist of equipment supply, site assembling, test-run, training and commissioning for the construction machineries. Please note that Joint Ventures are acceptable.

| Sr.No. | Bidding No. | Description | Qty: | Remarks |
|---|---|---|---|---|
| 1. | AIIP-Package 4-1 | Procurement of Construction Machineries and Special Vehicles for IWUMD | 1 Package | |
| 2. | AIIP-Package 4-2 | Procurement of Cutter Suction Dredger for IWUMD | 1 Package | |

A complete set of prequalification documents is available in Myanmar Kyat (50,000/-) from 10:00 to 12:00 and 14:00 to 16:00 in the working days from 16th to 23rd, July, 2018 at Procurement Director Office of Irrigation and Water Utilization Management Department, Building No. (43), Nay Pyi Taw and closing date will be 16th, August, 2018 during office hours. Submission of the Documents later than closing date will not be considered.

Contact: Director Office, Procurement Branch, IWUMD.
Telephone: +95-673-410316

## ရှမ်းပြည်နယ်စည်ပင်သာယာရေးကော်မတီ၊ တောင်ကြီးမြို့
## ယာဉ်၊ စက်၊ ယန္တရားများနှင့် စက်ပစ္စည်းများ
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရှမ်းပြည်နယ်စည်ပင်သာယာရေးကော်မတီမှ လိုအပ်လျက်ရှိသော ယာဉ်၊ စက်၊ ယန္တရားများအား ဝယ်ယူလိုပါသည်-

| စဉ် | ယာဉ်အမည် | အရေအတွက် | အမျိုးအစား |
|---|---|---|---|
| (က) | အမှိုက်သိမ်းယာဉ် | (၁) စီး | ၆ပေါက်တန်း/4100 CC |
| (ခ) | ရေပုပ်စုပ်ယာဉ် | (၂) စီး | $6m^3$/1300 gal |
| (ဂ) | ၃-ဘီးဆိုင်ကယ် | (၂) စီး | ၃-ဘီးဆိုင်ကယ် |
| (ဃ) | မြေတူးစက်(၈)တန် | (၁) စီး | (7-8)တန် |
| | စုစုပေါင်း | (၆) စီး | |

၂။ ယာဉ်၊ စက်၊ ယန္တရားများ၏အိတ်ဖွင့်တင်ဒါတင်သွင်းလိုသူများသည် လျှောက်လွှာနှင့်အတူ ယာဉ်၊ စက်၊ ယန္တရားများ ထုတ်လုပ်သည့်နိုင်ငံ၊ အမည်၊ ဈေးနှုန်း၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရမှ တရားဝင်တင်သွင်းခွင့်ပြုပြီး သွင်းကုန်ပစ္စည်းခွန်(Custom Duty)ပေးဆောင်ပြီးကြောင်း ထောက်ခံချက်၊ ယာဉ်၊ စက်၊ ယန္တရားများဆိုင်ရာအသေးစိတ်အချက်အလက်များ၊ ပုံစံများ၊ ကုမ္ပဏီ Profile များ၊ ယာဉ်များအတွက် လိုင်စင်အထောက်အထားများနှင့်အတူ လျှောက်ထားနိုင်ပါသည်-

၃။ အိတ်ဖွင့်တင်ဒါများအား အောက်ပါအတိုင်းတင်သွင်းနိုင်ပါသည်-

(က) **တင်ဒါလျှောက်လွှာရယူနိုင်မည့်ရက်**
**နေ့ရက်** - ၁၇-၇-၂၀၁၈ရက် (အင်္ဂါနေ့)
**အချိန်၊ နာရီ** - နံနက် ၉း၃၀နာရီမှ ညနေ ၁၆း၃၀နာရီအထိ
**နေရာ** - ရှမ်းပြည်နယ်စည်ပင်သာယာရေးကော်မတီ၊ တောင်ကြီးမြို့

(ခ) **တင်ဒါလျှောက်လွှာပိတ်မည့်ရက်**
**နေ့ရက်** - ၆-၈-၂၀၁၈ရက် (တနင်္လာနေ့)
**အချိန်၊ နာရီ** - နံနက် ၉း၃၀နာရီမှ ညနေ ၁၆း၃၀နာရီအထိ
**နေရာ** - ရှမ်းပြည်နယ်စည်ပင်သာယာရေးကော်မတီ၊ တောင်ကြီးမြို့

(ဂ) **တင်ဒါလျှောက်လွှာနောက်ဆုံးတင်သွင်းရမည့်ရက်**
**နေ့ရက်** - ၇-၈-၂၀၁၈ရက် (အင်္ဂါနေ့)
**အချိန်၊ နာရီ** - နံနက် ၉း၃၀နာရီမှ ညနေ ၁၆း၃၀နာရီအထိ
**နေရာ** - ရှမ်းပြည်နယ်စည်ပင်သာယာရေးကော်မတီ၊ တောင်ကြီးမြို့

၄။ ယာဉ်၊ စက်၊ ယန္တရားများ ဈေးနှုန်းပေးချေခြင်းနှင့် ပတ်သက်၍ ကုန်သွယ်လုပ်ငန်းခွန် (၅%) ပေးဆောင်ထားခြင်းမရှိပါက ပြည်တွင်းအခွန်ဦးစီးဌာနသို့ ပေးချေရမည့်(With Holding Tax) (၂%)နှင့် ကုန်သွယ်လုပ်ငန်းခွန် (၅%) နှစ်ရပ်ပေါင်းအား ခုနှိမ်ပြီး ကျန်ငွေအား အရစ်ကျပေးချေမည်ဖြစ်ပြီး အသေးစိတ်အချက်အလက်များအားသိရှိလိုပါက ဖုန်း-၀၈၁-၂၁၂၃၉၁၅ နှင့် အိတ်ဖွင့်တင်ဒါတင်သွင်းသူကိုယ်တိုင် ရှမ်းပြည်နယ်စည်ပင်သာယာရေးကော်မတီ၊ တောင်ကြီးမြို့တွင် ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**အိတ်ဖွင့်တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့**
**ရှမ်းပြည်နယ်စည်ပင်သာယာရေးကော်မတီ**

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**
ယာဉ်အမှတ် 7H/2909 Dong Feng ၏ဖောင်းကြွနံပတ်ပြားပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)**

**အမည်မှန်**
ပြင်ဦးလွင်မြို့၊ စိုးစံကိုယ်ပိုင်အထက်တန်းကျောင်း၊ တက္ကသိုလ်ဝင်တန်းမှ (ဘ)ဦးဝင်းဇော်၉/မမန(နိုင်)၀၀၃၆၄၄၏သား မောင်ဇော်နိုင်ဝင်း၏ အမည်မှန်မှာ မောင်နိုင်ဝင်း ဖြစ်ပါသည်။ **မောင်နိုင်ဝင်း**

## လျှပ်စစ်ဓာတ်အားပေးတည်ဆောက်ရေးလုပ်ငန်းအတွက် ဝန်ထမ်းခေါ်ယူခြင်း

**PowerGen Kyaukse Co.,Ltd.** မှ မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့နယ် (ဘဲလင်း)၌ တည်ဆောက်မည့် လျှပ်စစ်ဓာတ်အားပေးစက်ရုံတွင် ခန့်ထားရန် အောက်ဖော်ပြပါ ဝန်ထမ်းများ အလိုရှိပါသည်။ တာဝန်ထမ်းဆောင်လိုသူများသည် CV တို့နှင့် အတူသက်ဆိုင်ရာ ထောက်ခံချက် အထောက်အထားများပူးတွဲလျှက် ၂၅. ၇. ၂၀၁၈ (ဗုဒ္ဓဟူးနေ့) ထက်နောက်မကျစေဘဲ ပေးပို့ နိုင်ပါသည်။

ဆက်သွယ်ရန်
**PowerGen Kyaukse Co., Ltd.**
အမှတ် (၃၆/၄၄)၊ သိမ်ဖြူလမ်း၊ (ဗိုလ်ချုပ်လမ်းထောင့်)၊ (၉) ရက်ကွက်၊ ပုဇွန်တောင် မြို့နယ်၊ ရန်ကုန်။
**Email Address - nhwhr2015@gmail.com**
**Phone No-** ၀၁-၈၆၁၀၆၅၄, ၀၁-၈၆၁၀၆၅၆, ၀၁-၈၆၁၀၆၅၇, ၀၁-၈၆၁၀၆၅၈။

| Sr. | Title | Qty | Qualification | Language skill (Read/write/Speak) | Experience |
|---|---|---|---|---|---|
| 1 | Project Manager | 1 | B.E (Mechanical) | English<br>Myanmar | 15 years experience in managing the project especially for power plant construction |
| 2 | Mechanical Engineer | 3 | B.E (Mechanical) | English<br>Myanmar | 10 years experience in installation of Reciprocating Gas Engine |
| 3 | Electrical Engineer | 2 | B.E (Electrical) | English<br>Myanmar | 10 years experience in installation of power plant, switch yard |
| 4 | Instrumentation and control Engr. | 1 | B.E (Electronic/IT) | English<br>Myanmar | 10 years experience in installation of control system in power plant |
| 5 | Civil Engineer | 1 | B.E (Civil) | English<br>Myanmar | 10 years experience in construction of Power shed, foundation, etc |
| 6 | HSE Coordinator | 1 | Any Graduate | English<br>Myanmar | 10 years experience in HSE construction project |
| 7 | Project Secretary | 2 | Any Graduate | English<br>Myanmar | Female<br>5 years secretary experience |
| 8 | Document Controller | 1 | Any B.E or any Graduate | English<br>Myanmar | 5 years experience in controlling of project drawings and document |
| 9 | Project Coordinator | 1 | B.E or AGTI | English<br>Myanmar<br>Chinese | 5 years experience of coordinating in construction project |
| 10 | Project Accountant | 1 | B.Act | English<br>Myanmar | 10 years experience |
| 11 | Driver | 3 | Minimum 8th std | Myanmar<br>English-understandable | 5 years experience |
| 12 | Interpreter | 2 | Any Graduate | Chinese<br>Myanmar<br>English | 5 years experience |
| 13 | Administration support | 2 | Any Graduate | Myanmar<br>English | 5 years experience |
| 14 | Logistics | 2 | Any Graduate | Myanmar<br>English | 5 years experience in logistic and store |
| 15 | House keeping | 2 | Minimum | Myanmar | 3 years |
| | Total | 25 | | | |

## မြန်မာ့ဆိပ်ကမ်းအာဏာပိုင် အလုပ်ပိတ်ရက်ကြော်ငြာ

ရန်ကုန်ဆိပ်ကမ်းရှိ တံတားများ၊ ကုန်လှောင်ရုံများနှင့် ချလန်ရုံးများကို ၂၀၁၈ခုနှစ် ဇူလိုင် ၁၉ရက် (အာဇာနည်နေ့) တွင် ပိတ်ထားမည်ဖြစ်ပါ၍ ကုန်တင်/ကုန်ချနှင့် ကုန်ထုတ်ယူလိုပါက ပိတ်ရက်ခကြေး ပေးဆောင်ရမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

## အခြေခံယာဉ်မောင်းသင်တန်း

ကုန်းလမ်းပို့ဆောင်ရေး၊ အခြေစိုက်အလုပ်ရုံအမှတ် (၁)၊ မဟာဗန္ဓုလလမ်း ဗိုလ်တထောင်မှ ဖွင့်လှစ်သော အခြေခံယာဉ်မောင်းသင်တန်းများကို လစဉ် လဆန်းရက်တိုင်း ပုံမှန်ဖွင့်လှစ်လျက်ရှိပါသည်။ (Auto' Manual) ယာဉ်နှစ်မျိုးလုံး သင်ကြားပေးသည်။

ဩဂုတ်လ ပုံမှန်သင်တန်း ၇-၈-၂၀၁၈ရက် ဖွင့်မည်။

ဩဂုတ်လ အထူးသင်တန်း ၄-၈-၂၀၁၈ရက် ဖွင့်မည်။

**ဆက်သွယ်ရန်ဖုန်း**-၀၁-၂၉၁၃၁၃၊ ၀၁-၂၉၁၃၁၄၊ ၀၉-၇၆၅၀၇၃၉၇၀၊ ၀၉-၇၉၅၈၇၄၉၆၆၊ ၀၉-၇၉၅၆၃၀၉၇၀၊ ၀၉-၂၅၄၄၁၂၄၅၀၊ Ocean Super Market (ပုဇွန်တောင်)နှင့် မျက်နှာချင်းဆိုင် မဟာဗန္ဓုလတံတား (ဗိုလ်တထောင်ဘက်ခြမ်း)အနီး (လူဦးရေကန့်သတ်ထားသည်)

## စက်မှုဝန်ကြီးဌာန
## အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း
## တင်ဒါအမှတ်-၁/၂၀၁၈

၁။ စက်မှုဝန်ကြီးဌာန၊ အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်း၊ အမှတ်(၆)အထည်စက်ရုံခွဲ(မုံရွာ)မှ စက်ပစ္စည်း(၂၂၁)လုံးအား မျက်မြင်အခြေအနေအတိုင်း ရောင်းချလိုပါ၍ အိတ်ဖွင့်တင်ဒါပေးသွင်းရန် ဖိတ်ခေါ်ပါသည်။

၂။ တင်ဒါဆိုင်ရာအချက်အလက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) **တင်ဒါပုံစံရောင်းချမည့်ရက်** - ၁၆-၇-၂၀၁၈ရက်

(ခ) **တင်ဒါပုံစံရောင်းချမည့်နေရာ**

**နေပြည်တော်** - အမှတ်(၃) အကြီးစားစက်မှုလုပ်ငန်း၊ စီမံရေးဌာန၊ ရုံးအမှတ်(၃၇)၊နေပြည်တော်

**ရန်ကုန်** - အထည်အလိပ်လုပ်ငန်း(ရုံးခွဲ)၊ အမှတ်(၁)၊ သုခဝတီလမ်း၊ (၆)ရပ်ကွက်၊ ရန်ကင်းမြို့နယ် ဖုန်း-၀၁-၅၅၄၁၇၇၊ ၀၁-၅၄၄၁၂၁

(ဂ) **တင်ဒါပိတ်ရက်နှင့်အချိန်** - ၃၁-၇-၂၀၁၈ရက် ၁၆း၀၀နာရီ

(ဃ) **တင်ဒါပေးသွင်းရမည့်နေရာ** - အမှတ်(၃) အကြီးစားစက်မှုလုပ်ငန်း၊ ရုံးအမှတ်(၃၇)၊ နေပြည်တော်

၃။ အသေးစိတ် သိရှိလိုပါက အထွေထွေမန်နေဂျာ(စီမံရေး)၊ အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်း၊ ရုံးအမှတ်(၃၇)၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၀၈၁၈၅၊ ၀၆၇-၄၀၈၃၃၈၊ ၀၆၇-၄၀၈၁၅၆တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

### တစ်ဦးတည်းဖြစ်ကြောင်း

နမ့်ခမ်းမြို့၊ ကောင်းကတ်ကျေးရွာအုပ်စု၊ ဟိုနားကျေးရွာနေ ဦးမောင်ယီ၏သား တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသော မောင်အောင်ဇော်မင်း(ခ)မောင်အောင်ကျော်မြင့်၁၃/နခန(နိုင်)၀၇၈၇၁၂သည် တစ်ဦးတည်း ဖြစ်ပါကြောင်း။

### ဖခင်အမည်မှန်

မွန်ပြည်နယ်၊ ကျိုက်မရောမြို့နယ်၊ အထက (ပိန်းနဲကုန်း)၊ တက္ကသိုလ်ဝင်တန်းမှ မမေသဲလင်း၏ ဖခင်အမည်မှန်မှာ အာဇစ် KMW -၀၂၈၈၆၀ဖြစ်ပါသည်။ **အာဇစ်**

### ဖခင်အမည်မှန်

၂၀၁၈-၂၀၁၉ ပညာသင်နှစ် ဗန်းမော်မြို့၊ အထက(၅) တတိယတန်း (B) မှ မောင်သန်းထိုက်ဦး၏ ဖခင်အမည်မှန်မှာ ဦးလှထွန်း ၁/ဗမန (နိုင်)၀၇၉၅၃၉ ဖြစ်ပါကြောင်း။

**ဦးလှထွန်း**

### ဖခင်အမည်မှန်

မင်းလှမြို့နယ် အထက မင်းလှ တက္ကသိုလ်ဝင်တန်း(E)မှ မောင်စိုင်းကိုကို၏ဖခင်အမည်မှန်မှာ ဦးကျော်ဆွေ၇/မလန(နိုင်) ၀၅၄၉၆၃ ဖြစ်ပါသည်။

### ဖခင်အမည်မှန်

၂၀၁၈-၂၀၁၉ ပညာသင်နှစ် ဗန်းမော်မြို့၊ ပညာကျော်ကိုယ်ပိုင် အထက်တန်းကျောင်း တက္ကသိုလ်ဝင်တန်း(B)မှ မနူးပန်၏ဖခင်အမည်မှန်မှာ ဦးမဂေါင် ၁/ဗမန(နိုင်)၀၁၅၉၈၀ ဖြစ်ပါကြောင်း။ **ဦးမဂေါင်**

### ဖခင်အမည်မှန်

မင်းလှမြို့နယ် အထက မင်းလှ တက္ကသိုလ်ဝင်တန်း(G)မှ မသိမ့်သိမ့်လင်း၏ ဖခင်အမည်မှန်မှာ ဦးကျော်ဦး ၇/မလန(နိုင်) ၀၁၄၀၀၇ ဖြစ်ပါသည်။

### ဖခင်အမည်မှန်

ဧရာဝတီတိုင်းဒေသကြီး၊ လပွတ္တာခရိုင်၊ လပွတ္တာမြို့နယ်၊ အခြေခံပညာအထက်တန်းကျောင်း အထက(၁)အင္ဂမတန်းမှ မောင်ထက်သူ၏ ဖခင်အမည်မှန်မှာ ဦးမြင့်မြတ်သူ ၁၄/ပစလ(နိုင်)၀၄၂၃၉၁ဖြစ်ပါသည်။

### ဖခင်အမည်မှန်

မင်းလှမြို့နယ် အမက (လွန်)ကြို့ကုန်း(၁) စတုတ္ထတန်းမှ မောင်လပြည့်လင်း၏ ဖခင်အမည်မှန်မှာ ဦးကျော်ဦး ၇/မလန(နိုင်) ၀၁၄၀၀၇ဖြစ်ပါသည်။

### ဖခင်အမည်မှန်

ဗန်းမော်မြို့ အထက (၂) တက္ကသိုလ်ဝင်တန်း(D)မှ မောင်ဆွတ်ဒွဲအောင်၏ ဖခင်အမည်မှန်မှာ ဦးလဘန်ဂမ် ၁/မစန(နိုင်)၀၂၀၆၀၄ ဖြစ်ပါကြောင်း။ **ဦးလဘန်ဂမ်**

### ဖခင်အမည်မှန်

အုတ်ဖိုမြို့နယ်၊ အထက အိုးသည်ကုန်းကျောင်း သတ္တမတန်း (A)မှ မခိုင်ဇင်ဇော်၏ဖခင် အမည်မှန်မှာ ဦးအောင်ဇော်ဇော် ၇/မလန (နိုင်) ၀၉၄၆၄၇ ဖြစ်ပါသည်။

### ဖခင်အမည်မှန်

ဗန်းမော်မြို့၊ အထက(၂) တက္ကသိုလ်ဝင်တန်း (F)မှ မဂျာဆိုင်းနန်၊ တက္ကသိုလ်ဝင်တန်း(C) မှ မမေရီဂျာအောင်လီနှင့် အင္ဂမတန်း(A)မှ မောင်ပီဆာအောင်၏ ဖခင်အမည်မှန်မှာ ဦးလဘန်ဂမ် ၁/မစန(နိုင်) ၀၂၄၀၂၄ ဖြစ်ပါကြောင်း။

**ဦးလဘန်ဂမ်**

### ဖခင်အမည်မှန်

ဧရာဝတီတိုင်းဒေသကြီး၊ လပွတ္တာခရိုင်၊ လပွတ္တာမြို့နယ်၊ ညောင်ချောင်းအုပ်စု၊ အလက ညောင်ချောင်း (သတ္တမတန်း)မှ မအေးအေးငြိမ်းနှင့် ညောင်ချောင်းအုပ်စု မူလွန်လက်တန်း စတုတ္ထတန်းမှ မအိအိငြိမ်းတို့၏ ဖခင်အမည်မှန်မှာ ဦးလှကြိုင် ၁၄/လပတ(နိုင်)၀၀၄၇၄၉ ဖြစ်ပါသည်။

## နှစ်(၃၀)ပြည့် ပုလဲရတုမင်္ဂလာဆုမွန်လွှာ

ကျေးဇူးရှင် ပါပါဦးခင်မောင်ဆွေ(လက်ထောက်ညွှန်ကြားရေးမှူး၊ စာရင်းစစ်ရုံး)နှင့် ကျေးဇူးရှင် မေမေ ဒေါ်စောနန္ဒာ(ကျောင်းအုပ်ဆရာမကြီး)တို့၏ ၁၆-၇-၂၀၁၈ရက်တွင်ကျရောက်သော မင်္ဂလာနှစ်(၃၀)ပြည့် ပုလဲရတုမင်္ဂလာမှ နောင်နှစ်ပေါင်းများစွာ ရတုအဆက်ဆက်တိုင်အောင် ပျော်ရွှင်ချမ်းမြေ့စွာဖြင့် လျှောက်လှမ်းနိုင်ပြီး ဘာသာ၊ သာသနာအကျိုး ဆတက်တိုး၍ သယ်ပိုးဆောင်ရွက်နိုင်ရန် မင်္ဂလာဆုမွန်ကောင်းတောင်းလျက်…

**ချစ်သမီး** - **မခင်ဥမ္မာခိုင် B.Econ(stats)၊ စစ်ကိုင်းတိုင်းဒေသကြီး၊ပညာရေးမှူးရုံး**

**ချစ်သား** - **ဗိုလ်ကြီးမျိုးဇော်မင်း B.E,M.E(EP)(DSTA)**

၂၀၀၀ ပြည့်နှစ်မတိုင်မီ ကချင်(၁)တွင် တာဝန်ထမ်းဆောင်ခဲ့ကြသော အရာရှိ(ဇနီးအပါအဝင်)များအား ၂၁-၇-၂၀၁၈ ရက်(စနေနေ့)၁၈း၀၀ နာရီ၌ Western Park Ruby (ပြည်သူ့ဥယျာဉ်) တွင် ပြန်လည်တွေ့ဆုံရန် ဖိတ်ခေါ်အကြောင်းကြားအပ်ပါသည်။

**ဆက်သွယ်ရန် ဖုန်း။ ရဲနိုင် ၀၉-၄၅၀၂၉၁၇၁၇၊**
**တိုးမြင့် ၀၉-၂၅၀၆၄၆၆၉၈၊**
**လှမင်းတူ ၀၉-၅၁၇၅၁၀၄**

## ကြော်ငြာစာ

**အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ-၂၈၃**
**ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး**
**၂၀၁၈ ခုနှစ် တရားမအထွေထွေမှုအမှတ် -၅၉**

(ကွယ်လွန်သူ ဦးထွန်းရင်၏ ကျန်ရစ်သောပစ္စည်းများနှင့် စပ်လျဉ်းသည့်အမှု)

ဒေါ်စန်းစန်း **လျှောက်ထားသူ**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ်၊ ၆၅ရပ်ကွက်၊ အင်းဝလမ်း၊ အမှတ် (၉၇၃) ၌နေထိုင်ခဲ့သော ကွယ်လွန်သူ ဦးထွန်းရင် ကျန်ရစ်သောပစ္စည်းဖြစ်သည့် ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၅)ရပ်ကွက်၊ ဗြဟ္မာစိုရ်လမ်း၊ အမှတ် (၁၀၄၉) ဟုခေါ်တွင်သော မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပေါ်၌ အမွေထိန်းလက်မှတ်စာ ထုတ်ပေးပါသည့်အကြောင်းနှင့် ဒေါ်စန်းစန်းက အမွေဆက်ခံခြင်း အက်ဥပဒေအရ လျှောက်ထားချက်ရှိသဖြင့် ဤအမှုကို ၂၀၁၈ခုနှစ် ဩဂုတ် ၉ရက် (၁၃၈၀ ပြည့်နှစ် ဒုတိယဝါဆိုလပြည့်ကျော် ၁၃ရက်) နံနက် ၁၀း၀၀နာရီတွင် ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားသည်ဖြစ်သောကြောင့် ထိုကွယ်လွန်သူ ဦးထွန်းရင် ကျန်ရှိရစ်သောပစ္စည်းများတွင် အကျိုးစီးပွား တစ်ခုခုသက်ဝင်သည်အဆိုရှိသူ ခပ်သိမ်းတို့အား အဆိုပါအမှုတွင် ၎င်းတို့ (လာရောက်လျှောက်ထားဆိုင်ဆိုရန် သင့်လျော်မည်ဟု အထင်ရှိလျှင်) ဆိုခဲ့သော ၂၀၁၈ခုနှစ် ဩဂုတ် ၉ရက် (၁၃၈၀ ပြည့်နှစ် ဒုတိယဝါဆိုလပြည့်ကျော် ၁၃ရက်) နံနက် ၁၀း၀၀နာရီတွင် မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ မိမိတို့က နေရာတကျ အမိန့်ပေးထားသူကိုယ်စားလှယ်တစ်ဦးဦးအားဖြင့်သော်လည်းကောင်း၊ လာရောက်ဆိုင်ဆိုရန်နှင့် အမွေထိန်းလက်မှတ်မထုတ်ပေးမီ မှုခင်းမှတ်တမ်းများကို ကြည့်ရှုရန် အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ ၂၈၃နှင့်အညီ ယခုမိန့်ကြားဆင့်ဆိုလိုက်သည်။ ၎င်းကဲ့သို့ လာရောက်ခြင်းတစ်ခုခုမရှိ ပျက်ကွက်ခဲ့လျှင် ရုံးတော်ကဆိုခဲ့သော ဒေါ်စန်းစန်း၏ လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ်လိမ့်မည်ဖြစ်ကြောင်း။

၂၀၁၈ ခုနှစ် ဇူလိုင် ၁၁ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(သဇင်စိုး)**
**ဒုတိယခရိုင်တရားသူကြီး(၂)**
**ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ကိုဓဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး**
**၂၀၁၈ခုနှစ် တရားမကြီးမှုအမှတ်-၁၉၄**

ဒေါ်စန်းစန်းအေး **နှင့်** ၁။ ဦးမျိုးလွင် (M.D)B.I.L Construction Co.,Ltd
၂။ ဦးတင်လှ(ထာဝရအိမ်ခြံမြေလုပ်ငန်း)
၃။ ဦးဘရွှေ

**တရားလို** **တရားပြိုင်များ**

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ မလွကုန်းဒွေးကြွယ်(က)ရပ်ကွက်၊ သမိန်ဗရမ်းလမ်း၊ အမှတ်-၃၆(ပထမထပ်)နေ (၂)တရားပြိုင် ဦးတင်လှ(ထာဝရအိမ်ခြံမြေလုပ်ငန်း) (ယခုနေရပ်လိပ်စာမသိ)သူ သိစေရမည်။

သင့်အပေါ်၌ တရားလိုက ၂၃-၁၂-၂၀၁၅ရက်စွဲပါ ကြိုတင်ငွေပေးချေစနစ်ဖြင့် အပျောက်ဝယ်ယူခြင်း သဘောတူကတိစာချုပ်အရ ကျန်ငွေကျပ်(၂၅)သိန်းကိုလက်ခံပြီး တိုက်ခန်းအား လက်ရောက်ပေးစေလိုမှု(သို့မဟုတ်) (၁)တရားပြိုင်ကတိပြုထားသည့်အတိုင်း စရန်ငွေ၏နှစ်ဆကို ပြန်လည်ပေးလျော်စေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့် ပါစေ၍ဖြစ်စေ ၂၀၁၈ခုနှစ် ဇူလိုင်၃၁ရက်(၁၃၈၀ပြည့်နှစ် ဒုတိယဝါဆိုလပြည့်ကျော် ၄ ရက်) မွန်းမတည့်မီ ၁၀း၀၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလို စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် သက်ဆိုင်သည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၈ခုနှစ် ဇူလိုင် ၁၂ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(အောင်ကြည်)**
**ဒုတိယခရိုင်တရားသူကြီး(၆)**
**ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး**

## ကြေးတိုင်နှင့်မြေစာရင်းဌာန အရာရှိ ၁၅၀၏ ဆဋ္ဌမအကြိမ်မြောက် မိတ်ဆုံစားပွဲနှင့် ကျေးဇူးရှင် ဆရာသမားများ၊ အလုပ်သင်ဆရာများအား ဂါရဝပြုပွဲ

၁၉၇၆ခုနှစ်တွင် ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာနသို့ စတင်ဝင်ရောက် အမှုထမ်းခဲ့သော အရာရှိ ၁၅၀များ၏ ဆဋ္ဌမအကြိမ်မြောက် ချစ်ကြည်ရင်းနှီးပျော်ရွှင်စွာ ပြန်လည်တွေ့ဆုံပွဲနှင့် အလုပ်သင်ဆရာများနှင့် ထိုစဉ်ကာလ ကြီးကြပ်စောင့်ရှောက်ပေးခဲ့ပါသော ဆရာသမားအပေါင်းအား ဂါရဝပြုပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ကြေး/မြေ ၁၅၀များ တက်ရောက်ကြပါရန် ချစ်ကြည်ရင်းနှီးလေးစားစွာ ဖိတ်ကြားအပ်ပါသည်။

**နေ့ရက်** - ၅-၈-၂၀၁၈ရက်(တနင်္ဂနွေနေ့)

**အချိန်** - နံနက် ၉နာရီမှ မွန်းတည့် ၁၂နာရီထိ

**နေရာ** - Dolphin Restaurant ကန်တော်ကြီး၊ ဗဟန်းမြို့နယ်

(၁၅၀များအနက် ကွယ်လွန်သွားပြီဖြစ်သော သူငယ်ချင်းများအား ရည်စူး၍ ဆွမ်းဆက်ကပ်လှူဒါန်းအမျှပေးဝေခြင်းကို မြေစာရင်းဓမ္မာရုံတွင် နံနက် ၇နာရီ ကျင်းပပါမည်။)

**မိတ်ဆုံစားပွဲ ကျင်းပရေးဗဟိုကော်မတီ**

## စစ်တွေမြို့နယ်အသင်း(ရန်ကုန်)
## စတုတ္ထအကြိမ် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲဖိတ်ကြားခြင်း

စစ်တွေမြို့နယ်အသင်း(ရန်ကုန်)၏ စတုတ္ထအကြိမ်မြောက်ဝါဆိုသင်္ကန်းဆက်ကပ် လှူဒါန်းပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါသဖြင့် နာယကကြီးများ၊ အလုပ်အမှုဆောင်အဖွဲ့ဝင်များ အသင်းဝင်များ၊ အလှူရှင်များ ဖိတ်စာရရှိသည်ဖြစ်စေ၊ မရရှိသည်ဖြစ်စေ၊ ကြွရောက်သာဓုအနုမောဒနာခေါ်ဆိုနိုင်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

နေ့ရက် - ၁၃၈၀-ခု၊ ဒုတိယဝါဆိုလဆန်း(၁၀)ရက် (၂၂.၇.၂၀၁၈) တနင်္ဂနွေနေ့

အချိန် - နံနက်(၉း၀၀) နာရီမှ (၁၂း၀၀)နာရီထိ

နေရာ - ရခိုင်ပြည်နယ်ဓမ္မာရုံ၊ အာဇာနည်လမ်း၊ ရွှေတိဂုံဘုရားအရှေ့မုခ်အနီး၊ ဗဟန်းမြို့နယ်၊ (နေ့လည်စာဖြင့် ဧည့်ခံပါမည်) (ရခိုင်တေးသံသာများဖြင့် ဖျော်ဖြေရေးစီစဉ်ထားပါသည်)

ဥက္ကဋ္ဌ နှင့် အလုပ်အမှုဆောင်အဖွဲ့ စစ်တွေမြို့နယ်အသင်း(ရန်ကုန်)

### အမည်မှန်

ဘားအံမြို့နယ်၊ အထက(ခွဲ) ရွှေတော နဝမတန်းမှ နန်းဖော့သောကြာ၏ အမည်မှန်မှာ နန်းအေးအေးသန်း ဖြစ်ပါသည်။

**နန်းအေးအေးသန်း**

### တစ်ဦးတည်းဖြစ်ပါကြောင်း

ဘားအံတက္ကသိုလ် သတ္တဗေဒ (နောက်ဆုံးနှစ်)မှ နန်းချစ်လဲ့လဲ့ဦး ၃/ကကရ(နိုင်)၁၇၄၃၁၇၏ဖခင် ဦးသိန်းတန်(ခ)ဦးသိန်း ၃/ကကရ(နိုင်) ၁၈၆၄၁၁မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးသိန်းတန်(ခ)ဦးသိန်း**

### ဖခင်အမည်မှန်

ဘားအံမြို့နယ်၊ အထက အိန္ဒူ သတ္တမတန်းမှ မင်းချမ်းသာ၏ ဖခင်အမည်မှန်မှာ ဦးအပီ ၃/ဘအန(နိုင်) ၀၄၉၆၃၉ဖြစ်ပါသည်။

**ဦးအပီ**

### အမည်မှန်

ဘားအံမြို့နယ်၊ အထက(ခွဲ) ရွှေတော နဝမတန်းမှ စောဖိုးကျော်၏ အမည်မှန်မှာ စောထွန်းလင်းထွေး ဖြစ်ပါသည်။

**စောထွန်းလင်းထွေး**

### ဖခင်အမည်မှန်

ဘားအံမြို့နယ်၊ အထက အိန္ဒူ ဆဋ္ဌမတန်းမှ နန်းရီရီခိုင်၏ ဖခင်အမည်မှန်မှာ ဦးရွှေကြာ ၃/ဘအန (နိုင်) ၀၆၃၆၃၆ဖြစ်ပါသည်။

**ဦးရွှေကြာ**

### ဖခင်အမည်မှန်

မွန်ပြည်နယ်၊ ကျိုက်မရောမြို့နယ်၊ အထက(ပိန်းနဲကုန်း)၊ တက္ကသိုလ်ဝင်တန်းမှ မောင်စည်သူစိုး၏ ဖခင်အမည်မှန်မှာ ဦးနူရီရာဒင် ၁၀/မလမ(နိုင်) ၁၁၈၁၀၆ ဖြစ်ပါသည်။

**ဦးနူရီရာဒင်**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာချက်

ညောင်ဦးမြို့၊ ရွှေစည်းခုံစေတီတော်ပိုင် ဝတ္တကမြေဖြစ်သော ညောင်ဦးမြို့၊ (၄)ရပ်ကွက်၊ သီရိပစ္စယာတိုးချဲ့(၄)ရပ်၊ ဝိုင်းကွက်အမှတ် ၃၂၆/၃၂၇၊ ဦးစိုးမင်း ၁၃/ရစန(နိုင်)၀၀၀၃၂၂ အမည်ပေါက် ဝိုင်းမြေကွက်အတွက်(ဘ)ဦးအောင်ညို၏သား ဦးဟန်သူဝင်း ၁၂/သကတ(နိုင်) ၁၉၀၅၅၅မှ ရွှေစည်းခုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့သို့ ရွှေစည်းခုံစေတီတော် ပုံတော်ပါ ရွှေစည်းခုံစေတီတော်ပိုင် ဝတ္တကမြေပေါ်တွင် နေထိုင်ခွင့်ရရှိကြသည့် ပုဂ္ဂိုလ်များထံမှ အလှူတော်ငွေရပြေစာ စာရွက်အမည်ပြောင်းထုတ်ပေးပါရန် လျှောက်ထားလာသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၁၄)ရပ်အတွင်း မည်သူမဆို ခိုင်လုံသော စာရွက်စာတမ်းမူရင်းများဖြင့် ရွှေစည်းခုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့သို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက လျှောက်ထားသူ ဦးဟန်သူဝင်းသို့ ရွှေစည်းခုံစေတီတော် ပုံတော်ပါ ဝတ္တကမြေပေါ်တွင် နေထိုင်ခွင့် ရရှိကြသည့် ပုဂ္ဂိုလ်များထံမှ အလှူတော်ငွေရပြေစာ စာရွက်ထုတ်ပေးရေးကိစ္စကို စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ရွှေစည်းခုံစေတီတော်**
**ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့**

## အမှတ် (၁/၄၁)၊ မင်းရဲကျော်စွာလမ်း၊ ဝေဘာဂီ(၁)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးတွင်နေထိုင်သူ ဒေါ်ခင်ခင်ဌေး ၁၂/ဥကမ(နိုင်)၁၄၆၂၇၀နှင့်
## အများသိစေရန် သတိပေးကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်စိုးရည်မွန်(ခ)မွန်လေး(ဘ)ဦးမြင့်စိုး ၁၄/ကပန(နိုင်) ၁၃၅၂၂၁၏ တရားဝင်ညွှန်ကြားချက်နှင့်အညီ အောက်ပါအတိုင်း ကြေညာလိုက်သည်။ ကျွန်ုပ်၏မိတ်ဆွေသည် အမှတ် (၇၂)၊ အတီးပိုင်လမ်း၊ ပင်လုံရပ်ကွက်၊ ကျုံပျော်မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီးသည် မွေးရပ်မြေဖြစ်ပြီး ယခုအခါ ကျောက်မြောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးတွင်နေထိုင်ခြင်းဖြစ်ကြောင်း ပြောပြသိရသည်။ ၆-၇-၂၀၁၈ရက်၌ မြန်မာ့အလင်းသတင်းစာ၊ စာမျက်နှာ (၂၈)တွင် တရားလွှတ်တော်ရှေ့နေ ဦးအောင်စိုးနှင့် တရားလွှတ်တော်ရှေ့နေ ဒေါ်သင်းသင်းလတ်တို့မှ ဒေါ်ခင်ခင်ဌေး၏ ညွှန်ကြားချက်ဖြင့် ကြေညာခြင်းမှာ မှန်ကန်မှုမရှိကြောင်း သိရသည်။ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်စိုးရည်မွန်(ခ)မွန်လေး၏ အမည်၊ မှတ်ပုံတင်အမှတ်၊ နေရပ်လိပ်စာတို့ကို အသုံးပြု၍ မဟုတ်မမှန်စွပ်စွဲကာ ဂုဏ်သိက္ခာကျဆင်းအောင်ထည့်သွင်းကြေညာထားခြင်းကို တွေ့ရှိခဲ့သည်ဟု သိရ၍ ကျွန်ုပ်၏မိတ်ဆွေသည် ဒေါ်နန်းစန္ဒာလင်းတည်ထောင်ထားသော (အင်းဝအာယု) (AOR) ကုမ္ပဏီနှင့် မည်သို့မျှပတ်သက် သက်ဆိုင်ခြင်းမရှိကြောင်း၊ ဒေါ်နန်းစန္ဒာလင်းလုပ်ကိုင်သော မည်သည့်လုပ်ငန်းတွင်မျှ ပါဝင်ခြင်းမရှိသလို Mglobally Online စီးပွားရေးလုပ်ငန်းတွင်လည်း အကျိုးတူပူးပေါင်းထူထောင်လုပ်ကိုင်ခြင်းမရှိကြောင်း၊ ဒေါ်နန်းစန္ဒာလင်းနှင့် သာမန်မိတ်ဆွေသဘောအရ ခင်မင်ခြင်းဖြစ်ကြောင်း သိရသည်။ ဒေါ်စိုးရည်မွန်(ခ)မွန်လေးသည် ဒေါ်ခင်ခင်ဌေး၏ သတင်းစာကြေညာထားသည့်အတိုင်း ၎င်းနှင့်မိတ်ဆွေ ၁၁ ဦးဟုဖော်ပြထားသူများထံမှ ငွေကြေးကိစ္စများတောင်းခံခဲ့ခြင်း၊ အလွဲသုံးစားပြုလုပ်သုံးစွဲခဲ့ခြင်းမရှိကြောင်းနှင့် အင်းဝအာယု (AOR) ကုမ္ပဏီနှင့် လုံးဝပတ်သက်စပ်ဆိုင်မှုမရှိကြောင်း သိရသည်။ ကျွန်ုပ်၏မိတ်ဆွေမှ ၎င်း၏ဂုဏ်သိက္ခာကို ထိခိုက်စေသည့်လုပ်ရပ်မျိုးအပြင် ဆွေမျိုးအသိုင်းအဝိုင်းတစ်ခုလုံးကိုပါ ထိခိုက်အရှက်ရနစ်နာစေရန် ရည်ရွယ်၍ မိဘများနေရပ်လိပ်စာကို ထည့်သွင်း၍ မမှန်လုပ်ကြံစွပ်စွဲပြောဆိုရေးသားဖော်ပြကြေညာထားခြင်းများကို ကျေနပ်မှုမရှိ၍ ဒေါ်ခင်ခင်ဌေးမှ မဟုတ်မမှန်ဖော်ပြရေးသားမှုကို ယခုကြေညာပါရက်မှစ၍ ခုနစ်ရက်အတွင်း တောင်းပန်ကြောင်းကို ဆိုရှယ်မီဒီယာနှင့် အများသိရှိ နိုင်သည့်နေရာတွင် ထည့်သွင်းကြေညာချက် ပြုလုပ်ပေးရန် အထူးသတိပေးလိုက်သည်။အကယ်၍ သတ်မှတ်ရက်အတွင်းပြုလုပ်ဆောင်ရွက်ပေးခြင်းမရှိပါက အရှက်ရအောင် ဂုဏ်သိက္ခာကျဆင်းစေသည့် မဟုတ်မမှန်လီဆယ်ဖော်ပြ ရေးသားမှုများ ပြုလုပ်ခြင်းနှင့် ပြုလုပ်သူမည်သူကိုမဆို ကျွန်ုပ်၏မိတ်ဆွေ ဒေါ်စိုးရည်မွန်(ခ)မွန်လေးမှ တည်ဆဲဥပဒေအရ ထိရောက်ပြင်းထန်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးကြေညာလိုက်သည်။

**ဒေါ်စိုးရည်မွန်(ခ)မွန်လေး ၁၄/ကပန(နိုင်)၁၃၅၂၂၁၏**
**လွှဲအပ်ညွှန်ကြားချက်နှင့်အညီ-**

**ဒေါ်စုလဲ့ညို LL.B**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၁၈၀)**
**အမှတ် (၆/၅၄)၊ ရွှေချီရပ်ကွက်၊ (၇)လမ်း၊ ပျဉ်းမနားမြို့**

### မွေးသက္ကရာဇ်အမှန်

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ်၊ တောင်ဇင်း အထကကျောင်း တက္ကသိုလ်ဝင်တန်းမှ မစုဝင်းရွှေဇင်ထိုက်၏ မွေးသက္ကရာဇ်အမှန်မှာ ၁၂-၁၀-၂၀၀၂ ဖြစ်ပါကြောင်း။

**မစုဝင်းရွှေဇင်ထိုက်**

### အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ညောင်ဦးမြို့နယ်၊ ခမရ(၄၁၅) အမက တပ်တွင်းကျောင်း တတိယတန်းမှ မောင်ဖြိုးဝသန်၏ အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ မောင်မိုးဟိန်းအောင် ဖြစ်ပါကြောင်း။ **မောင်မိုးဟိန်းအောင်**

### တစ်ဦးတည်းဖြစ်ပါကြောင်း

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ်၊ တောင်ဇင်း အထကကျောင်း တက္ကသိုလ်ဝင်တန်းမှ မောင်ကျော်ဇောဟိန်း၏ ဖခင်အမည်မှန်မှာ ဦးဟံမောင်(ခ)ဦးဟန်မောင်၉/ညဥန(နိုင်) ၀၅၀၀၉၂သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

### အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ်၊ ဆယ်လံ အလက အင္ဂမတန်းမှ မခင်နွဲ့အေး၏ အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ မခင်နွယ်အေး ဖြစ်ပါကြောင်း။

**မခင်နွယ်အေး**

### ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ်၊ ဆယ်လံ အလက အင္ဂမတန်းမှ မဇင်မာအေးနှင့် စတုတ္ထတန်းမှ မောင်ရဲထိုက်တို့၏ ဖခင်အမည်မှန်မှာ ဦးသက်နိုင် ၉/ညဥန (နိုင်)၁၄၆၃၉၄ ဖြစ်ပါကြောင်း။ **ဦးသက်နိုင်**

### ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ်၊ ညောင်ပင်ကန် အထက(ခွဲ) ကျောင်း စတုတ္ထတန်းမှ မမြသင်းချယ်၏ ဖခင်အမည်မှန်မှာ ဦးဝင်းသိန်း၉/ညဥန (နိုင်)၁၆၄၂၈၁ ဖြစ်ပါကြောင်း။

**ဦးဝင်းသိန်း**

### ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ်၊ ညောင်ပင်ကန် အထက(ခွဲ) ဆဋ္ဌမတန်းမှ မောင်အောင်ကောင်းမြတ်၏ ဖခင်အမည်မှန်မှာ ဦးချစ်ကို ၉/ညဥန (နိုင်)၁၄၂၉၉၈ ဖြစ်ပါကြောင်း။

**ဦးချစ်ကို**

STI MYANMAR UNIVERSITY

in partnership with University of Bedfordshire

WORLD CLASS DEGREE PROGRAMS

BEng (Hons) Civil Engineering

BEng (Hons) Architectural Engineering

BEng (Hons) Civil Architectural Engineering

BEng (Hons) Electronic Systems Engineering

BSc (Hons) Construction Management



တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူများ၊ GCE "O" Level နှင့် IGCSE အောင်မြင်ပြီးသူများအတွက် University of Bedfordshire, UK မှ တိုက်ရိုက်ချီးမြှင့်မည့် ကမ္ဘာ့အဆင့်မီ Engineer ဘွဲ့များကို STI Myanmar University တွင် တက်ရောက် ရယူနိုင် ပါသည်။

ဂုဏ်ထူးတစ်ဘာသာလျှင် 300,000 ကျပ် (သုံးသိန်းကျပ်) ဂုဏ်ပြုပါမည်။

Admission Opens Apply Today

- Building-10, MICT Park, University Hlaing Campus, Hlaing Township, Yangon. Tel: 09955 1234 48 ~ 49
- No.377,387/397, Upper Shwe Bon Thar St., Pabedan Township, Yangon. Tel: 09420 1831 55, 09420 1317 30
- B-15/16, Corner of 66th & Thazin Street, Chan Mya Tharzi Township, Mandalay. Tel: 09783 8000 62~64

https://www.facebook.com/STIMyanmarUni www.stiedu.net


## ဖခင်အမည်မှန်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဒဂုံမြို့နယ်၊ (၇၁)ရပ်ကွက် မောင်ဝေလင်းဦး၊ မအေးအေးထက်ကို၊ မောင်သူရကို၊ မငြိမ်းငြိမ်းမွန်တို့၏ ဖခင်အမည်မှန်မှာ ဦးဘိုအောင် ၈/နမန(နိုင်) ၁၀၉၇၃၁ ဖြစ်ပါသည်။

## ပျောက်ဆုံးကြောင်း

Silver Top Star Co., Ltd.၏ ထုတ်ကုန်/သွင်းကုန် လိုင်စင်အမှတ် 24779(24-9-10) ပျောက်ဆုံးသွားပါကြောင်း။

**ဖုန်း-၀၉-၅၁၂၂၅၅၈**

## မိခင်အမည်မှန်

ဝါးခယ်မမြို့နယ် အထက (မောင်းဒီး)ကျောင်း တက္ကသိုလ်ဝင်တန်း(C)မှ မစုမြတ်နှင်းဆီ၏ မိခင်အမည်မှန်မှာ ဒေါ်ကျင်မွေး ၁၄/ဝခမ(နိုင်)၂၃၄၃၇၃ ဖြစ်ပါကြောင်း။

## ပတ်စ်ပို့ပျောက်

ကျွန်မ ဒေါ်မာလာ ၁/မကန(နိုင်)၀၂၇၄၀၁၏ ပတ်စ်ပို့နံပါတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၅၇၁၄၆၈၄၂**

## ပတ်စ်ပို့ပျောက်

ကျွန်မဒေါ်ယဉ်ယဉ်ထွေး ၅/ဝသန(နိုင်)၀၀၂၁၄၁၏ ပတ်စ်ပို့နံပါတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၉၅၃၇၁၄၁၈**

## ရောင်းရန်ကြော်ငြာစာ

**(တရားမကျင့်ထုံးကိုဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)**
**ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံးတော်**
**၂၀၁၇ ခုနှစ် တရားမဇာရီမှုအမှတ်-၁၉၅**

ဒေါ်ညွန့်ညွန့်စိန် **နှင့်** ဒေါ်သန်းသန်းအေး
**တရားနိုင်** **တရားရှုံး**

ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံးတော်က ၂၀၀၃ခုနှစ် တရားမကြီးမှုအမှတ် ၁၁၇တွင် ချရှိသည့် အနိုင်ဒီကရီကို အတည်ပြုရာတွင် စာရင်း၌ ဖော်ပြထားသောပစ္စည်းများတွင် တရားရှုံးအကျိုးသက်ဆိုင်ခြင်းကို ၂၀၁၈ ခုနှစ် ဩဂုတ် ၆ ရက် (၁၃၈၀ပြည့်နှစ် ဒုတိယဝါဆိုလပြည့်ကျော် ၁၀ ရက်) မွန်းမတည့်မီ ၁၀း၀၀နာရီတွင် ပစ္စည်းတည်ရှိရာမှာ လေလံတင်၍ ရောင်းချလိမ့်မည်။

**ရောင်းချမည့်ပစ္စည်းစာရင်း**

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ တောင်လုံးပြန်ရပ်ကွက်၊ ရတနာလမ်း၊ အမှတ်-၁၉(ဘီ)၊ ခြေရင်းဘက် (၃)လွှာ၊ ဒုတိယထပ် တိုက်ခန်း(၁)ခန်း။

**ကြမ်းခင်းဈေး ကျပ်သိန်း ၃၅၀**

ရောင်းချခြင်းမှာ အများပြည်သူတို့ရှေ့ လေလံတင်ရောင်း၍ ၎င်းစာရင်းတွင် ဖော်ပြပါရှိသည့်အတိုင်း အစုအပုံများပြုပြီးလျှင် ပစ္စည်းကို ရောင်းချလိမ့်မည်။ ထိုစာရင်းတွင် ဖော်ပြပါရှိသည့်အတိုင်း အထက်အမည်ပါ တရားရှုံး၏ ပစ္စည်းများကို ရောင်းချလိမ့်မည်။ အဆိုပါပစ္စည်းပေါ်တွင်တင်ရှိသည့် ကြွေးမြီကစိပတ်တာဝန်များမှာ စုံစမ်းသိသာသမျှ အစုအသီးသီးနှင့် ဆိုင်ရာတည့်တည့် ၎င်းစာရင်းတွင် ဖော်ပြပါရှိသည့်အတိုင်းဖြစ်သည်။

ရောင်းချရာတွင် အများပြည်သူတို့မှာ ကိုယ်တိုင်သော်လည်းကောင်း၊ နေရာတကျ အခွင့်အရေးလွှဲအပ်သည့် ကိုယ်စားလှယ်သော်လည်းကောင်း ဆွဲဝယ်စေရန် ဆင့်ဆိုကြော်ငြာလိုက်သည်။ သို့သော်လည်း အထက်အမည်ပါ တရားနိုင်သော်လည်းကောင်း၊ တရားနိုင်အတွက်သော်လည်းကောင်း ဆွဲဝယ်သည်ကို လက်ခံမည်မဟုတ်သည်သာမက၊ ၎င်းတို့ကို တစ်စုံတစ်ရာ ရောင်းချခြင်းသည် ရုံးတော်အခွင့်အမိန့်တင်ရင်၍ အတိအလင်းမရမရှိလျှင် ခိုင်မာလိမ့်မည်မဟုတ်၊ ရောင်းချရန် နောက်ထပ်စည်းကမ်းချက်များမှာ အောက်၌ဖော်ပြထားသည်။

**ရောင်းချရန်နောက်ထပ်စည်းကမ်းချက်များ**

၁။ ပစ္စည်းစာရင်းတွင် ဖော်ပြထားသော အချက်များမှာ တရားရုံးက သတင်းစကားရရှိ သိသာနိုင်သမျှဖြစ်သည်။ သို့သော်လည်း ကြော်ငြာအတွင်း မှားယွင်းခြင်း၊ မမှန်မစကားပါခြင်း သို့တည်းမဟုတ် ကြွင်းကျန်ခြင်းတစ်ခုခု အတွက် ရုံးတော်က တာဝန်ခံမည်မဟုတ်ပါ။

**တရားရုံး၏အကျိုးသက်ဆိုင်သမျှကိုသာ ရောင်းချလိမ့်မည့်အကြောင်း လေလံဆွဲဝယ်ယူမည့်သူတို့အား အထူးသတိပြုကြရန် နှိုးဆော်လိုက်သည်။**

၂။ လေလံဆွဲဆက်ရာ မည်မျှမည်ရွေ့တိုးတက်ရမည်ကို ရောင်းချသူအရာရှိက ဆုံးဖြတ်လိမ့်မည်။ ဆွဲတက်သည့်ငွေအတွက်နှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ မည်သူကဆွဲတက်သည်နှင့်စပ်လျဉ်း၍သော်လည်းကောင်း၊ တစ်ခုခုအငြင်းအခုံဖြစ်ပွားသည့်အချက်တွင် ၎င်းပစ္စည်းစုကို ချက်ချင်းတစ်ဖန်ပြန်၍ လေလံတင်ရောင်းလိမ့်မည်။

၃။ အများဆုံးတိုးတက်ဆွဲဝယ်ယူသူမှာ ၎င်းပစ္စည်းတစ်ခုခုကို ဆွဲဝယ်ယူသူဖြစ်ကြောင်း ပြဋ္ဌာန်းလိမ့်မည်။ သို့သော်လည်း ၎င်းလူမှာ တရားဥပဒေနှင့်အညီ တိုးတက်ဆွဲဝယ်ရန် အရည်အချင်းနှင့် ပြည့်စုံသူဖြစ်စေရမည့်အပြင်၊ အမြင့်ဆုံးတိုးတက်ဆွဲဝယ်သည့်အဖိုးမှာ နည်းပါးကြောင်း ထင်ရှား၍ လက်ခံရန်မသင့်လျော်ကြောင်း လေလံရောင်းချသည့်အရာရှိက သို့တည်းမဟုတ် ရုံးတော်က ထင်မြင်လျှင် လက်မခံငြင်းပယ်ရန် ရုံးတော်က သို့တည်းမဟုတ် ၎င်းအရာရှိက ချင့်ချိန်တိုင်းထွာ၍ ဆောင်ရွက်ခွင့်ရသည်။

၄။ အမိန့်နံပါတ် ၂၁၊ နည်းဥပဒေ ၆၉ပါ ပြဋ္ဌာန်းချက်များကို အမြဲအထောက်အထားပြု၍ ရောင်းချမှုကို ဆောင်ရွက်သူအရာရှိက စဉ်းစားဆင်ခြင်၍ အကြောင်းဖော်ပြရေးမှတ်ပြီးလျှင် ရောင်းချခြင်းကို ရွှေ့ဆိုင်းခွင့်ရသည်။

၅။ ရွှေ့ပြောင်းနိုင်သည့်ပစ္စည်းဖြစ်သည့်အချက်တွင် ပစ္စည်းစုအသီးသီး၏ အဖိုးငွေကိုရောင်းချသည့်အခါတွင် ပေးချေရမည်။ သို့တည်းမဟုတ် ရောင်းချသူအရာရှိက ဆင့်ဆိုသည့်အတိုင်း ရောင်းချပြီးနောက် မြန်နိုင်သမျှ အချိန်အခါတွင် ပေးချေရမည်။ ပေးချေမပြုပျက်ကွက်လျှင် ပစ္စည်းကို ချက်ချင်းတစ်ဖန်ပြန်၍ လေလံတင်ရောင်းချလိမ့်မည်။

၆။ မရွှေ့မပြောင်းနိုင်သည့် ပစ္စည်းဖြစ်သည့်အချက်တွင် ဆွဲဝယ်သူအဖြစ် ပြဋ္ဌာန်းခံရသူမှာ ရောင်းချသည့်အရာရှိထံသို့ ဝယ်ငွေတစ်ရာလျှင် နှစ်ဆယ့်ငါးကျပ်ကျသည်ကဲ့သို့ ပြဋ္ဌာန်းပြီးသည်နှင့်တစ်ပြိုင်နက် ပေးသွင်းရမည်။ သည်ကဲ့သို့ ပေးသွင်းမပြု ပျက်ကွက်ခဲ့လျှင် ပစ္စည်းကို ချက်ချင်းတစ်ဖန်ပြန်၍ လေလံတင်ရောင်းလိမ့်မည်။

၇။ ဆွဲဝယ်သည့်ငွေအလုံးကို ဆွဲဝယ်သူက ပစ္စည်းရောင်းချသည့်ရက်ကိုပယ်၍ ပစ္စည်းကို ရောင်းပြီးနောက် ၁၅ ရက်မြောက်တွင် ရုံးမဆင်းမီ ပေးဆောင်ရမည်။ ၁၅ ရက်မြောက်နေ့မှာ တနင်္ဂနွေနေ့သော်လည်းကောင်း၊ တခြားရုံးပိတ်ရက်သော်လည်းကောင်းဖြစ်လျှင် ၎င်း ၁၅ ရက်မြောက်နေ့နောက် ရုံးပထမဖွင့်သည့်ရက်တွင် ပေးဆောင်ရမည်။

၈။ အထက်ခွင့်ပြုသည့်အချိန်ကာလတွင် ဆွဲဝယ်ရာကျန်ငွေကို မပေးမဆောင်ပျက်ကွက်ခဲ့လျှင် ရောင်းချရန်ကြော်ငြာစာအသစ် ထုတ်ပြီးနောက် ၎င်းပစ္စည်းကို တစ်ဖန်ပြန်၍ရောင်းချလိမ့်မည်။ တင်ထားသည့်ကြေးငွေကိုလည်း ရောင်းချသည့်အတွက် စရိတ်များကိုပေးပြီးနောက် ရုံးတော်က သင့်သည်ထင်မြင်လျှင်၊ အစိုးရမင်းသို့ ဆုံးရှုံးခံစေ၍ ငွေမပေးမဆောင် ပျက်ကွက်သူမှာ ၎င်းပစ္စည်းကိုဖြစ်စေ၊ နောက်တစ်ဖန်ရောင်းချရာရရှိသည့် ငွေတစ်စိတ်တစ်ဒေသကိုဖြစ်စေ ဆိုင်ရာဆိုင်ခွင့်အရပ်ရပ်မှ ဆုံးရှုံးစေရမည်။

၂၀၁၈ ခုနှစ် ဇွန် ၂၈ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဝင်းတင့်)**
**ဒုတိယခရိုင်တရားသူကြီး(၁၁)**
**ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး**

## အမည်မှန်၊ မွေးသက္ကရာဇ်အမှန်

မြစ်ကြီးနားမြို့၊ အထက (၁)၊ နဝမတန်း($A_7$-2)မှ မောင်နချူဒေါင်လွမ်း၏ အမည်မှန်မှာ မောင်နချူဒေါင်လွမ်းဖြစ်ပြီး၊ ၎င်း၏မွေးသက္ကရာဇ်အမှန်မှာ (၉-၉-၂၀၀၃)၊ဖခင်အမည်မှန်မှာ ဦးလွန်းဒေါင်ဖြစ်ပါသည်။

## အမည်မှန်၊ မိခင်အမည်မှန်

ဝိုင်းမော်မြို့၊ လ(ခွဲ-မခေါ်ဒီ)ကျောင်း၊ အဋ္ဌမတန်းမှ မောင်လဟာနော်ထွယ်၏ အမည်မှန်မှာ မောင်လဟာဒေါင်လွမ်း၊ ဆဋ္ဌမတန်းမှ မောင်လဟာလဆိုင်း၏ အမည်မှန်မှာ မောင်လဟာဒေါင်ဇယ်၊ တတိယတန်းမှမဂျာမိုင်လု၏အမည်မှန်မှာ မလဟာဒေါင်ညွယ်ဖြစ်ပြီး ၎င်းတို့၏မိခင်အမည်မှန်မှာ ဒေါ်လယ်မယ်ညီဖြစ်ပါသည်။

## ကန့်ကွက်နိုင်ပါကြောင်း

ယာဉ်အမှတ်5H/5448ယာဉ်လက်ဝယ်ရှိသူ နော်နီမေထူး၂/ဒမဆ(နိုင်)၀၀၀၁၆၁က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ကယားပြည်နယ်ရုံး (လွိုင်ကော်)**

## ကန့်ကွက်နိုင်ပါကြောင်း

ယာဉ်အမှတ် ၂၉ယ/၇၉၅၅၁၊ ယာဉ်လက်ဝယ်ရှိသူ ဦးကျော်စိုးသူ(ခ)စည်သူ၂/လကန(နိုင်)၀၅၁၂၅၃က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ကယားပြည်နယ်ရုံး (လွိုင်ကော်)**

## ကန့်ကွက်နိုင်ပါကြောင်း

ယာဉ်အမှတ် ၂၉ယ/၁၉၂၂၃ ယာဉ်လက်ဝယ်ရှိသူ ဦးစောကွီးခူ ၂/လကန(နိုင်)၀၀၇၇၇၈က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ကယားပြည်နယ်ရုံး (လွိုင်ကော်)**

## ကန့်ကွက်နိုင်ပါကြောင်း

ယာဉ်အမှတ် ၁၈ယ/၁၈၆၄၂ လော်ဂျားဒရင်း ယာဉ်လက်ဝယ်ရှိသူ ဦးဘိုစိန် ၁၃/တကန(နိုင်)၁၀၄၇၅၂က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တောင်ကြီး**

## ပျောက်ဆုံးကြောင်း

ကျွန်တော် မင်းကို(ဘ)ဦးသန်းညွန့် ၉/တကန(နိုင်)၁၂၆၁၇၇၏ နိုင်ငံကူးလက်မှတ် (မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၂၅၀၆၆၀၂၆**

## ဖခင်အမည်မှန်

မင်းလှမြို့၊ အထက(ခွဲ)၊ ရေကျော် တက္ကသိုလ်ဝင်တန်းမှ မထက်ထက်ဝင်း၏ ဖခင်အမည်မှန်မှာ ဦးအေးမောင်၇/မလန(နိုင်)၀၅၃၅၂၀ဖြစ်ပါကြောင်း။ **ဦးအေးမောင်**

## ဖခင်အမည်မှန်

ပေါက်ခေါင်းမြို့ အထကအိုးဘိုကုန်း တက္ကသိုလ်ဝင်တန်း(C)မှ မယုသန္တာသော်၏ ဖခင်အမည်မှန်မှာ ဦးထွန်းဝင်းနိုင် ၇/ပတတ(နိုင်)၀၉၀၂၆၂ ဖြစ်ပါကြောင်း။

**ဦးထွန်းဝင်းနိုင်**

## ဖခင်အမည်မှန်

ပဲခူးမြို့၊ မဇင်းတိုးချဲ့၊ (၂)ရပ်ကွက်၊ ၂လမ်းနေ မသင်းသင်းမိုး ၇/ပခန(နိုင်)၂၇၃၆၀၂၏ ဖခင်အမည်မှန်မှာ ဦးအောင်သန်း ဖြစ်ပါကြောင်း။

**မသင်းသင်းမိုး**

## ဖခင်အမည်မှန်

ပေါက်ခေါင်းမြို့ အထက(ခွဲ) အမှတ်(၁)တတိယတန်းမှ မသဇင်ဝေ၏ ဖခင်အမည်မှန်မှာ ဦးအောင်ဆန်းဝင်း၇/ပခတ(နိုင်)၀၇၀၉၅၁ဖြစ်ပါကြောင်း။ **ဦးအောင်ဆန်းဝင်း**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 2P/4392၏ ဖောင်းကြွပျောက်ဆုံးသွားပါ၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပတ်ပြား ပျက်ပြယ်ပါကြောင်း ကြော်ငြာအပ်ပါသည်။ **ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး၊ ပဲခူး**

## ဖခင်အမည်မှန်

ပေါက်ခေါင်းမြို့ အထက(ခွဲ) အမှတ်(၁) ပဉ္စမတန်းမှ မောင်ဘုန်းမြတ်နိုင်၏ ဖခင်အမည်မှန်မှာ ဦးသန်းလှိုင်ဦး၇/ပခတ(နိုင်)၀၄၆၃၃၉ဖြစ်ပါကြောင်း။ **ဦးသန်းလှိုင်ဦး**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 2B/3292, Toyota Landcruiser LJ78, S/W(4x2) ယာဉ်လက်ဝယ်ရှိသူ ဦးထူးကျော်သူ ၁၂/မရက(နိုင်)၁၂၆၇၁၈က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## ကွာရှင်းပြတ်စဲကြောင်း

ကော့သောင်းမြို့နေ ကျွန်မ ဒေါ်အေး ၁၂/ဥကတ(နိုင်)၁၁၉၅၉၇နှင့် ဦးတင်အောင် ၁၂/ဥကတ(နိုင်)၁၁၈၀၁၃တို့သည် ၁၃-၇-၂၀၁၈ရက်တွင် တောင်ဥက္ကလာပမြို့နယ်တရားရုံး၌ ကွာရှင်းပြတ်စဲပြီးပါ၍ မည်သို့မျှ မသက်ဆိုင်ပါကြောင်း။ **ဒေါ်အေး ၁၂/ဥကတ(နိုင်)၁၁၉၅၉၇**

**ဖုန်း-၀၉-၄၅၄၁၉၄၄၆၄**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရပ်စောက်မြို့၊ ဇော်ဂျီရပ်ကွက်နေ ဦးတင်ဆောင်-ဒေါ်နုနုဝင်းတို့၏သမီး မခင်ဇာခြည်သိမ့်(ခ)ပွင့်ဖြူ ၁၃/ရစန(နိုင်)၁၀၁၉၀၆သည် မိဘတို့၏ ဆိုဆုံးမမှုကို လိုက်နာခြင်းမရှိဘဲ မိဘနှင့် မောင်နှမဆွေမျိုးများ၏ ဂုဏ်သိက္ခာကျဆင်းစေရန် ပြုလုပ်သွားပါသဖြင့် ၁၁-၇-၂၀၁၈ရက်မှစ၍ ၎င်းအား အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်း၊ ၎င်းနှင့်ပတ်သက်သောကိစ္စအဝဝတို့အား လုံးဝ(လုံးဝ)တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**(စုံစမ်းမေးမြန်းခြင်းအထူးသည်းခံပါ)**

**မိဘ ဦးတင်ဆောင်-ဒေါ်နုနုဝင်း**


Home Since 1996 Think of House, Think of Home

ပါကေးအစားထိုး ကြမ်းခင်း

Grade နှင့် Quality စစ်မှန်မှုကို စက်ဖြင့် (အခမဲ့) စမ်းသပ်ပေးသည်



Grade အရည်အသွေးအလိုက် ရွေးချယ်လိုက်

8mm Grade-A 110,000
8mm Grade-C 92,000
8mm Grade-D 86,000
8mm Grade-E 79,000

တစ်ကျင်းဈေး(၃၈)ချပ် Floor Only (8" x 48")

* Stock Limit အတွင်းသာ *

အမှတ် F(2~8) ပ-ထပ်၊ အောင်ဆန်းကွင်း(မြောက်ဘက်တန်း)၊ မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့။
အမှတ် (E-11A) လေးဒေါင့်ကန်လမ်းမကြီး၊ ဘီအိုစီမှတ်တိုင်၊ သဃ်န်းကျွန်း၊ ရန်ကုန်မြို့။
အမှတ်(၁၁)၊ မင်းကြီးလမ်း၊ အင်းစိန်ဆေးရုံအနီး၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။

09-950 950 950, 09-79 700 70 70

# ၂၀၁၈ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကြီးပြီးဆုံး ပြင်သစ်တို့ ချန်ပီယံဆု ဒုတိယအကြိမ်ဆွတ်ခူး



ကမ္ဘာ့ဖလားဖိုလ်စွဲခဲ့သည့် ပြင်သစ်အသင်း ပျော်ရွှင်စွာ အောင်ပွဲခံစဉ်။

၂၀၁၈ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲကို ယနေ့ည ၉ နာရီခွဲတွင် ရုရှားနိုင်ငံ မော်စကိုမြို့ရှိ လုဇ်နီကီကွင်း၌ ပြင်သစ်အသင်းနှင့် ခရိုအေးရှားအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ပြင်သစ်က လေးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ယင်းပွဲတွင် နှစ်သင်းစလုံး ၄-၂-၃-၁ ကစားကွက်ဖြင့် ပွဲထွက်လာပြီး ပွဲချိန် ၁၈ မိနစ်တွင် ပြင်သစ်အသင်း ပြစ်ဒဏ်ဘောကန်သွင်းရာ ခရိုအေးရှားမှ မန်ဇူကစ်နှင့် ထိ၍ ဂိုးဝင်သွားခဲ့သဖြင့် ပြင်သစ်တို့ အဖွင့်ဂိုးရရှိခဲ့သည်။ ပွဲချိန် ၂၈ မိနစ်တွင် ခရိုအေးရှားမှ ပါရီစစ်က ချေပဂိုး တစ်ဂိုး သွင်းယူခဲ့သည်။ ပွဲချိန် ၃၈ မိနစ်တွင် ခရိုအေးရှားဂိုးစည်းအတွင်း ခရိုအေးရှားကစားသမားလက်နှင့်ထိ၍ ပြင်သစ်အသင်း ပယ်နယ်တီကန်ခွင့်ရရာ ဂရစ်ဇ်မန်း ကန်သွင်း၍ ပြင်သစ်တို့ ဒုတိယဂိုး ရရှိခဲ့သည်။

ဒုတိယပိုင်း ၅၉ မိနစ်တွင် ပြင်သစ်ကွင်းလယ်ကစားသမား ပေါ့ဘာက တတိယဂိုးကို လည်းကောင်း၊ ၆၅ မိနစ်တွင် အန်ဘတ်ပီက စတုတ္ထဂိုးကို လည်းကောင်း၊ ပြင်သစ်အတွက် သွင်းယူပေးသည်။ ၆၉ မိနစ်တွင် ခရိုအေးရှားမှ မန်ဇူကစ်က ပြင်သစ်ဂိုးသမား၏ အမှားမှတစ်ဆင့် ဒုတိယချေပဂိုး သွင်းယူခဲ့သည်။

ပွဲပြီးချိန်တွင် ပြင်သစ်တို့က လေးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ ပြင်သစ်တို့အနေဖြင့် ၁၉၉၈ ခုနှစ်တွင် အိမ်ရှင်အဖြစ်လက်ခံကျင်းပသည့်အချိန်က ပထမဆုံးဖိုလ်စွဲခဲ့ပြီး ယခုဒုတိယအကြိမ် ရရှိခြင်းဖြစ်သည်။ ခရိုအေးရှားအသင်းအတွက်မူ ပထမဆုံးအကြိမ် ဗိုလ်လုပွဲတက်ရောက်ခဲ့ခြင်းဖြစ်ပြီး ဒုတိယဆုရရှိခြင်းဖြစ်သည်။ စာမျက်နှာ ၁၂ ကော်လံ ၅ ❖

## ထိပ်ဆုံးမှရန်ကုန် နိုင်ပွဲရပြီး ရတနာပုံအသင်း တတိယနေရာရောက်လာ

**ရန်ကုန် ဇူလိုင် ၁၅**

၂၀၁၈ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၂၀) နောက်ဆုံးနေ့ကို ယနေ့ညနေပိုင်းက ဆက်လက်ကျင်းပရာ ရန်ကုန်၊ ရတနာပုံနှင့် ဇွဲကပင်အသင်းတို့ အနိုင်ရခဲ့သည်။

YUSC ကွင်း၌ ကျင်းပသည့်ပွဲတွင် ရန်ကုန်အသင်းက စစ်ကိုင်းအသင်းကို ငါးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ အိမ်ကွင်းဖြစ်သည့် YUSC ကွင်း၌ ပြန်လည်ကစားသည့် ပထမဆုံးပွဲတွင် ရန်ကုန်အသင်း ဂိုးပြတ်နိုင်ပွဲရယူနိုင်ခဲ့ပြီး ချန်ပီယံဆုနှင့် ပိုမိုနီးစပ်လာခဲ့သည်။ ရန်ကုန်အသင်းသည် လက်ကျန်သုံးပွဲအလိုတွင် ထိပ်ဆုံး၌ နှစ်မှတ်အသာဖြင့် ဦးဆောင်နေပြီး တစ်ကျော့ပြန်ဗိုလ်စွဲရန် အခြေအနေကောင်းသွားခဲ့သည်။

ရန်ကုန်အသင်းသည် တိုက်စစ်အသားပေးပုံစံဖြင့် ပွဲထွက်ခဲ့ပြီး ဆယ်လာနှင့် အီမန်နျူရယ်တိုက်စစ်အတွဲကို ပွဲစကတည်းက အသုံးပြုခဲ့သည်။ စစ်ကိုင်းအသင်း၏ ရုန်းကန်မှုကြောင့် ရန်ကုန်အသင်းသည် ပွဲအစတွင် ရုန်းကန်ခဲ့ရပြီး ၂၈ မိနစ်တွင် ဂိုးရပြီးနောက်ပိုင်းမှသာ ပွဲကိုထိန်းချုပ်နိုင်ခဲ့ခြင်းဖြစ်သည်။ ရန်ကုန်အတွက် အဖွင့်ဂိုးကို ဆယ်လာက ထောင့်ကန်ဘောမှတစ်ဆင့် သွင်းယူခဲ့ပြီး ပထမပိုင်းတွင် လေးဂိုးအထိ သွင်းယူနိုင်ခဲ့သည်။ ရန်ကုန်အသင်းအတွက် အနိုင်ဂိုးများကို ၃၄ မိနစ်တွင် မောင်မောင်လွင်၊ ၃၆ မိနစ်တွင် ဆယ်လာနှင့် ၄၄ မိနစ်တွင် အီမန်နျူရယ်တို့က သွင်းယူခဲ့သည်။ ဒုတိယပိုင်းအစတွင် စစ်ကိုင်းအသင်း ချေပဂိုးရရန် တိုက်စစ်အားမြှင့်လာပြီး မိနစ် ၆၀ တွင် ဘမ်ဘာနှင့် ၇၂ မိနစ်တွင် မျိုးမင်းဖြိုးတို့က သွင်းယူခဲ့သည်။ ၇၅ မိနစ်တွင် ရန်ကုန်အသင်း ဂိုးထပ်ရခဲ့ပြီး စာမျက်နှာ ၇ ကော်လံ ၁ ❍


ရန်ကုန်အသင်း၏ ဂိုးသွင်းရန် ကြိုးပမ်းမှုကို စစ်ကိုင်းဂိုးသမား ကာကွယ်နေစဉ်။ ဓာတ်ပုံ-စိုးညွန့်

## “ဝိုင်းကြီးချုပ် စပွန်ဆာ ” ရုပ်ရှင်ဇာတ်ကား ဇူလိုင် ၂၀ ရက်မှ စတင်၍ မြန်မာတစ်နိုင်ငံလုံးရှိ အဆင့်မြင့်ရုပ်ရှင်ရုံကြီးများတွင် ပြသမည်

စာမျက်နှာ - ၁၁

## မိုင်းတုံမြို့နယ်၌ ယာဉ်တိုက်မှုကျူးလွန်သူအား ဖမ်းဆီးစဉ် သေနတ်တစ်လက်နှင့် ကျည်ဆန်များ သိမ်းဆည်းရမိ

စာမျက်နှာ - ၁၃

## လေဖိအားနည်းရပ်ဝန်း ဆက်လက်တည်ရှိ

**နေပြည်တော် ဇူလိုင် ၁၅**

မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ ယနေ့ညနေ ၆ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်းတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေကြောင်း သိရသည်။

မြန်မာ့အလင်း

သာသနာရောင်ဝါထွန်းစေဖို့ သမ္မတ ကထိန်သင်္ကန်းများ ဝယ်ယူလှူဒါန်းကြပါစို့

၁ အမှတ်-၁၁၈၊ ရေတာရှည်လမ်းဟောင်း၊ ဗဟန်းမြို့နယ်။ ၀၁-၅၄၅၃၉၅၊ ၀၁-၅၄၅၃၉၆
၂ အမှတ်-၁၅၆၊ ရွှေဂုံတိုင်လမ်းမကြီး၊ ဗဟန်းမြို့နယ်။ ၀၁-၅၄၃၂၈၂၊ ၀၁-၅၄၃၂၀၆
၃ အမှတ်-၂၃ / ဘီ၊ ရေတာရှည်လမ်းဟောင်း၊ ဗဟန်းမြို့နယ်။ ၀၁-၃၈၀၅၇၃
၄ အမှတ်-၁၁၃၊ အထက်ကြည့်မြင်တိုင်လမ်းမကြီး၊ ကြည့်မြင်တိုင်မြို့နယ်။ ၀၉-၇၃၀၁၆၀၃၂
၅ အမှတ်-၁၂၅၊ သံဈေးရှေ့၊ လမ်းမတော်လမ်း၊ လမ်းမတော်မြို့နယ်။ ၀၁-၂၂၅၅၀၆
၆ အမှတ်-၃၇၊ ကုန်ဈေးတန်းလမ်း(အောက်)၊ ပန်းဘဲတန်းမြို့နယ်။ ၀၉-၇၃၀၀၅၉၂၆
၇ အမှတ်-၅၁(ဘီ)၊ ရေတာရှည်လမ်းသစ်၊ ဗဟန်းမြို့နယ်။ ၀၉-၈၆၀၃၀၈၅
၈ တိုက်-A ၊ အခန်း-၁၊ ပုးမားအိမ်ရာ၊ အင်းစိန်ဈေးကြီးအနီး၊ လှိုင်မြစ်လမ်း၊ အင်းစိန်မြို့နယ်။ ၀၁-၆၄၂၃၂၂
၉ ၁၂၁၊ ရန်ကုန်-အင်းစိန်လမ်း၊ လက်ခုပ်ပင် ကမာရွတ်၊ စံရိပ်ငြိမ်နှင့် ဆင်ရေတွင်းမှတ်တိုင်ကြား။ ၀၉-၇၃၀၆၅၂၃၇
၁၀ အမှတ်-၂၆၊ သမိန်ဗရမ်းလမ်းမကြီး၊ တာမွေမြို့နယ်။ ၀၉-၇၃၀၀၅၇၉၃
၁၁ ရန်ကုန်မန္တလေးကားလမ်း၊ ဆင်ရတနာ၊ မြင်းရတနာကြား၊ နေပြည်တော်၊ ပျဉ်းမနား။ ၀၆၇-၂၂၅၉၇
၁၂ ၂/ ၈၃၊နေပြည်တော်လမ်းမကြီး(ယခင်ပျဉ်းမနား-တောင်ညိုလမ်း)၊ဆင်ရတနာအနီး၊ယောက်သွားအင်းရပ်၊နေပြည်တော်-ပျဉ်းမနားမြို့။ ၀၆၇-၂၄၇၇၃

နယ်ကိုယ်စားလှယ်ယူလိုသူများ အမြန်ဆက်သွယ်နိုင်ပါသည်။
သမ္မတဆိုင်များအားလုံးတွင် ပစ္စည်းမှန်၊ ဈေးနှုန်းမှန်ဖြင့် လက်လီ/လက်ကား ဝယ်ယူရရှိနိုင်ပါသည်